The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL.23, NO. 20 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 9, 2023

# စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အသိပညာပေးအစီအစဉ် ကျင်းပ

စာမျက်နှာ - 3 ➤









## ပြည်သူများ ကျန်းမာစေဖို့ မှိုဆိပ်အန္တရာယ် သတိပြုစို့

စာမျက်နှာ - 12 ➤

## အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ မှတ်ပုံတင် လျှောက်ထားနိုင်ပြီဖြစ်

စာမျက်နှာ - 5 ➤

## ဆီအုန်းပင်၊ ဆီအုန်းသီးနှင့် စားအုန်းဆီ အမျိုးမျိုး

စာမျက်နှာ - 20 ➤

## ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် ဝင်ငွေ

စာမျက်နှာ - 25 ➤





Gusto TM
ဘယ်အချိန်စားစား အရသာရှိတာ
Gusto မုန့်တွေပါ
DRY CAKE
Oil Cake
Taste Our Art Of Baking Science!
Chocolate Oil Cake
COOKIE
FoodCorp COMPANY LIMITED
No.(2901,2902), Industrial Zone Road, 63 Ward, Industrial Zone (2), South Dagon Township,Yangon, Myanmar, 11431.
(YGN Phone) +95 (9) 5110 693, 8834 93900,
(MDY Phone) +95 (9) 8834 93850, 8834 93851




Sein
ပိုမိုအရသာရှိသော
သင့်စားဖွယ်များအတွက် အပိုမကုန် အသင့်သုံး
ငရုတ်ဆီ
Sein Red Chilli Sauce
Sein All in One Chilli Sauce
TRADITIONAL CHILLI SAUCE
DELOUS Company Limited
Head Office
No 2875, Industrial Zone Road, 64 Ward, Industrial Zone 2, South Dagon Township, Yangon, Myanmar, 11431.
Tel- Ph:+959 883 493 884, 09 977 899 668, 09 977 899 669
Mandalay Branch
Ta-5, 104 Street, 63x64 Street, Chanmyathazi Township, Mandalay, Myanmar, 05041.
Tel- Ph:+959 883 493 850, 09 883 493 851

# စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အသိပညာပေးအစီအစဉ် ကျင်းပ



စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ခန်းမ၌ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးအစီအစဉ်သို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ဝန်ကြီးက အမှာစကားပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအာဆီယံအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လိုက်ပါဆွေးနွေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများရှိသကဲ့သို့ အခြားသော ကမ္ဘာ့နိုင်ငံများနှင့်လည်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေကြောင်း၊

စာမျက်နှာ ၅ သို့

# တန်ဖိုးမြှင့် အုန်းသီးထုတ်ကုန် ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

အောက်တိုဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့သည့် ‘အုန်းသီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း’ ဖွင့်ပွဲအခမ်းအနားကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းနား၌ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချမှုများကို ပြန်လည်အသုံးချ၍ အုန်းသီးအခြေခံ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ အကျိုးကျေးဇူး ရရှိနိုင်သောကြောင့် တတ်မြောက်အောင် သင်ကြားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံကထွက်ရှိသည့် အုန်းသီးအစိုနှင့် အခြောက်များတင်ပို့မှုကို ပိုမိုတိုးမြှင့် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စီမံကိန်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များမှတစ်ဆင့် အုန်းသီး စိုက်ပျိုးထုတ်လုပ်သူများနှင့် အုန်းသီး ထုတ်ကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ စီမံကိန်းမှ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ၂၀၂၃ ခုနှစ် မေလမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသည့် ထုတ်ကုန်(အုန်းသီး)တန်ဖိုးကွင်းဆက် တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်း၏ လုပ်ငန်းအစီအစဉ်အရ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ သင်တန်းပထမနေ့အဖြစ် သင်တန်းပို့ချခြင်းအစီအစဉ်ကို နံနက် ၁၀ နာရီတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ သင်တန်းခန်းမတွင် ဆက်လက်ဆောင်ရွက်ခဲ့ပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို စာတွေ့သင်ကြားပို့ချခြင်းနှင့် ထုတ်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်းကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် အုန်းသီးအခြေခံ စားသောက်ကုန် ပစ္စည်းများဖြစ်သည့် အုန်းသီးရေခဲမုန့်၊ အုန်းစိမ်းဂျယ်လီ၊ အုန်းသီးအချိုရည်၊ အုန်းဆီ၊ အုန်းနို့မှုန့်၊ အုန်းသီးချိုချဉ်စသည်တို့ကို ပြုလုပ်ခြင်းနှင့် ရေချိုးဆပ်ပြာ၊ အုန်းမီးသွေးကဲ့သို့သော တန်ဖိုးမြှင့်အုန်းထုတ်ကုန်များ ပြုလုပ်ခြင်းတို့ကို ပြည်တွင်းကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ပြီး သင်တန်းသား ၃၄ ဦး တက်ရောက်ခဲ့ကြသည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပို့ကုန်တိုးမြှင့်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်အပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာကာ နေထိုင်မှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်၍ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများ ရရှိလာမည်ဟုသုံးသပ်မိပါသည်။

စံပယ်ဖြူ (CJ)

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ထွက်ရှိသော အုန်းသီးမှ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးကွက်တွင် ရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော အုန်းသီးကို မြန်မာ့ရိုးရာအစားအစာ အများစုတွင် သုံးစွဲလျက်ရှိပြီး အုန်းတံမြက်စည်း၊ အုန်းခွံမီးသွေး၊ အုန်းဆံကြိုး၊ အုန်းလက်မှုပစ္စည်းများပြုလုပ်၍ ဝင်ငွေရရှိနေသလို အုန်းသားစိတ်လုပ်ငန်းမှ အုန်းသားခြောက်များကို နေပူလှန်း မီးကင်ပြီး မြေပဲဆန်အနေရောက်အောင် စက်ဖြင့်ခုတ်၍ အကြမ်းကြိတ်ဖက်ရရှိလာသည့်အခါ စက်ဖြင့်ထပ်မံကြိတ်ခဲ့ရသည်။ အုန်းသားစိတ် ပိဿာ ၂၀ ကြိတ်ခဲ့လျှင် အုန်းဆီ ၁၀ ပိဿာခန့်ရရှိပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်း လုပ်ငန်းရှင်ထံမှ သိရသည်။ အုန်းဆီကို ရာစုနှစ်ပေါင်းများစွာကတည်းက အသုံးပြုလာခဲ့ပြီး ယနေ့ထိတိုင် သဘာဝ ဆေးဖက်ဝင်ပစ္စည်းတစ်ခုအဖြစ် လည်းကောင်း၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းတစ်ခုအနေဖြင့်လည်း သုံးစွဲလျက်ရှိကြောင်း အုန်းဆီလိမ်းပေးခြင်းဖြင့် ဆံသားလှပစေသလို ဆံပင်ကို ပိုမိုကျန်းမာသန်စွမ်းစေပြီး မျက်နှာ သို့မဟုတ် ကိုယ်ခန္ဓာပေါ်မှာ လိမ်းမည်ဆိုလျှင် အုန်းဆီသည် အရေပြားသဘာဝအဆီတွေ ဖြည့်တင်းပေးပြီး သဘာဝ အစိုဓာတ်ထိန်းထားပေးကြောင်း၊ ပါးပြင်ပေါ် လိမ်းပေးလျှင် အရေပြား၏ သဘာဝအရောင်တိုးမြှင့်ပေးပြီး မျက်တောင်ကော့ဆေးနှင့် မျက်လုံးတစ်ဝိုက် မိတ်ကပ်များဖျက်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း အုန်းဆီနှင့်ပလုတ်ကျင်းပေးခြင်းဖြင့် သွားကိုဖြူဖွေးတောက်ပစေပြီး သွားချေးတက်ခြင်းနှင့် ခံတွင်းအနံ့ဆိုးခြင်း၊ သွားပိုးစားခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အုန်းဆီသည်အသားအရေကို စိုပြည်စေပြီးပြန်လည်နုပျိုစေဖို့ အုန်းဆီလိမ်းပေးနိုင်ပြီး အသားအရေ အိုမင်းရင့်ရော်ခြင်းနှင့် အရေးအကြောင်းဖြစ်ခြင်းတို့မှ ကာကွယ်နိုင်ကြောင်း၊ ထိခိုက်ရှနာနှင့် အရေပြားယားယံခြင်းကိုလည်း အုန်းဆီလိမ်းပေးနိုင်ပြီး ဝက်ခြံများကိုဖြစ်စေသည့် ဘက်တီးရီးယားကိုလည်း သေစေနိုင်ကြောင်း အသားအရေစိုပြည်စေဖို့ အုန်းဆီလိမ်းပေးနိုင်သလို မျက်နှာပေါင်းတင်ရာတွင် အုန်းဆီ၊ ပျားရည်၊ သကြားရေစပ်ပြီး မျက်နှာပေါ် ၁၀ မိနစ် လိမ်းပေးကာ အသုံးပြုနိုင်ကြောင်း၊ အုန်းဆီကို သကြားနှင့်ရောပြီး ခန္ဓာကိုယ်အနှံ့ လိမ်းပေးပြီး မိနစ် ၂၀ ခန့် နှိပ်နယ်ပေးပြီး ရေချိုးပေးပါက ကျန်းမာရေး အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ဈေးချွတ်ရာတွင်လည်း အသုံးပြုနိုင်သည့် ကျန်းမာရေးအတွက် အထောက်အကူပြု အုန်းဆီအကြောင်း ရေးသားလိုက်ရပါသည်။

မင်းမင်းဦး(ပသ)

Commerce

JOURNAL

**အတိုင်ပင်ခံစာတည်း**

သိန်းထွန်းဦး

အောင်သွင်ဦး

ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**လက်ထောက်စာတည်း**

ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရီလင်းထွင့်(မုံရွာ)၊

ကြည်နိုင်ဦး(အင်းတော်)၊

မင်းဇော်မွန်(ဖျာပုံ)၊

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

ဝင်းဝင်းခိုင်(ပြည်)

သန်းသန်းတင်(မုံရွာ)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

မေသန္တာမိုး

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# စက်တင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှု အခြေအနေ

### ဆန်

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၀၅၂ သန်းတန်ဖိုးရှိဆန်တန်ချိန် ၄၉၂၆၀ကျော် တင်ပို့ကြောင်း သိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၃၄၉၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၅၇၀ ကျော် တင်ပို့ခဲ့သည်။

အာရှနိုင်ငံများတွင် ဆန်တင်ပို့သော နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၇၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၃၉၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၉၅၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်၄၀၆ တန်ကျော်၊ ဟောင်ကောင်သို့ ဆန် ၂၃၀ ကျော်နှင့် ထိုင်ဝမ်သို့ တန်၁၀၀ ကျော် တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆန်တင်ပို့သော နိုင်ငံများမှာ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၁၂၀ တန်ကျော်၊ စလိုဗီးနားနိုင်ငံသို့ ဆန်တန်ချိန် ၁၅၂၀ ၊ ချက်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၅၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀ကျော်၊ လစ်သူရေးနီးယားနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့သို့ ဆန်တန်ချိန် ၅၀၀ စီ၊ လက်ဘနွန်နိုင်ငံသို့ ဆန်တန်ချိန် ၃၂၀ ကျော်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၃၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန်၁၅၀၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၁၃၀၊ လစ်ဗျားနိုင်ငံသို့ ဆန်တန်ချိန်၁၀၀၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၁၀၄ တန်၊ ပြင်သစ်နိုင်ငံနှင့် စပိန်နိုင်ငံသို့လည်း ဆန်တန်ချိန် အနည်းငယ် တင်ပို့ခဲ့သည်။

မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၆၄၀၊ နယူးဇီလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဘီနင်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၇ကျော်၊ တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၁၅၇ ကျော်နှင့် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၁၈ တန် တင်ပို့ခဲ့သည်။

စက်တင်ဘာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ ဆန် ၃၄၇၅ တန်ကျော်တင်ပို့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၂ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ချိန် ၅၂၇၃၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၀၄ သန်းကျော် ရရှိခဲ့သည်။ ယခင်လ ဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၂၀၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

### ဆန်ကွဲ

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၉၄ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၉၅၅၀ ကျော် တင်ပို့ခဲ့သည်။ ဆန်ကွဲ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၅၀၅၀ ကျော်နှင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၄၅၀၀ ကျော် တင်ပို့ခဲ့သည်။

ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၅၉၀ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၀၃၀၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၃၇၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆန်ကွဲတင်ပို့သော နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၉၀၀၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀၀၊ ယူနိုက်တက်ကင်းဒန်းနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၅၀ ၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၅၀၊ ချက်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀၊ ဂျာမနီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ ကျော်နှင့် ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ ကျော် အသီးသီးတင်ပို့ခဲ့သည်။

စက်တင်ဘာလ အတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၃၇၃၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၂ သန်း ရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန်၃၃၂၈၀ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၁၆ သန်း ရရှိခဲ့သည်။ ယခင်လ ဆန်ကွဲတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၃၅၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

စက်တင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၈၆၀၁၀ကျော် တင်ပို့နိုင်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၃၂၀ သန်းကျော်ရရှိခဲ့သည်။

**DAAT**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၀-၆-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၆၃၅ | ၆၅၄ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၆၂၁ | ၆၁၂ | ↓ | ၆၃၂ | ၆၂၂ | ↓ | | | | ၆၁၂ | ၆၁၂ | - |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၇၉ | ၅၀၀ | ↓ | ၆၁၇ | ၆၀၇ | ↓ | | | | ၅၄၂ | ၅၄၂ | - |
| ပေါင်းဆန် | ၆၂၄ | ၆၁၅ | ↓ | - | - | - | - | - | - | - | - | - |

***Source: thairiceexporters***

## ပြည်တွင်းမြို့ကြီး(၁၀-၆-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၄၈၀၀ | ↓ | ၅၇၀၀၀ | - | | | | |
| ပဲခူး | ၁၇၀၂၀ | - | ၆၈၀၀၀ | - | | | | |
| စစ်တွေ | ၁၇၂၀၀ | ↑ | ၇၀၀၀၀ | - | ၂၄၇၀၀ | - | ၁၁၀၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၂၁၀၀၀ | - | ၈၆၀၀၀ | - | - | | ၁၂၀၀၀၀ | |
| ရန်ကုန်(ဝါးတန်း) | ၂၁၀၀၀ | - | ၈၆၀၀၀ | - | - | | ၁၂၀၀၀၀ | |
| မန္တလေး | ၂၅၀၀၀ | - | ၁၀၀၈၀၀ | - | | | ၁၄၅၀၀၀ | - |
| မကွေး | ၁၉၅၀၀ | ↑ | ၉၈၀၀၀ | ↑ | - | - | ၁၂၀၀၀၀ | - |
| မော်လမြိုင် | ၁၉၀၀၀ | - | ၇၅၀၀၀ | - | ၂၅၅၀၀ | - | ၁၁၇၀၀၀ | ↓ |
| မြိတ် | ၁၉၀၀၀ | - | ၇၅၀၀၀ | - | | | ၁၁၁၅၀၀ | ↓ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# မကွေးတိုင်းဒေသကြီးအတွင်း စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း သရက်ခရိုင်တွင် ဆန် (ဧရာပဒေသာနှင့်မနောသုခ) မှာ ဈေးအနည်းငယ်တက်နေပြီး ကျန်ခရိုင်များဖြစ်သော အောင်လံခရိုင်တွင်(ပေါ်ဆန်းမွှေး၊ ဧရာပဒေသာနှင့် မနောသုခ)၊ ချောက်ခရိုင်တွင်(ဧရာပဒေသာ)၊ ပခုက္ကူခရိုင်တွင် (ဧရာပဒေသာ) ဈေးနှုန်းများမှာ ကျဆင်းနေကြောင်းသိရသည်။

ယခုရက်သတ္တပတ်အတွင်း ဖြစ်ပေါ်နေသော ဧရာပဒေသာ စပါးဈေးမှာ တစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၇၅၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၃၉၀၀၀၊ ဆန်(မနောသုခ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၈၀၀၀၊ ဆန်(ရတနာတိုး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မင်းဘူးခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ၊ ဆန်(မနောသုခ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သရက်ခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ၊ ဆန်(မနောသုခ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အောင်လံခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၂၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ ဆန်(မနောသုခ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ ၊ ဆန်(ရတနာတိုး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ချောက်ခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ ၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ၊ ဆန်(မနောသုခ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဆန်(ရတနာတိုး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ်၁၄၅၀၀၀ ၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ၊ ဆန်(မနောသုခ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဆန်(ရတနာတိုး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဆန်(မနောသုခ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၅၉၁၅ အိတ်၊ ပဲခူးတိုင်းဒေသကြီးမှ ၂၆၇၁ အိတ်နှင့် ရခိုင်ပြည်နယ်မှ အိတ် ၆၀၀၊ စုစုပေါင်း ၉၁၈၆ အိတ်၊ ၄၅၉ တန်နှင့် ပခုက္ကူမြို့သို့ ရေလမ်းခရီးဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၃၅၅၀၀၊ ၁၇၇၅ တန်စီးဝင်ခဲ့ကြောင်း သိရှိရသည်။

**ရဲမင်းသာ**

# အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ မှတ်ပုံတင် လျှောက်ထားနိုင်ပြီဖြစ်

အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ (Online Sales) မှတ်ပုံတင်နိုင်ရေး အသိပညာပေးခြင်းနှင့် eComReg System စနစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ် မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ရာ Online Sales များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည့်အကြောင်းရင်းမှာ Online Sales ဝယ်ယူအသုံးပြုသည့် စားသုံးသူများ နစ်နာမှုများ လျော့နည်းစေရန်နှင့် ပိုမိုကောင်းမွန်သည့် ယုံကြည်မှု ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်နိုင်ရန်ဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည်ဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ကြောင်း၊ ဝန်ဆောင်မှုပေးခြင်းကို ကဏ္ဍတိုင်းတွင် စနစ်တကျ ပိုမိုတွင်ကျယ်စွာ အသုံးပြုလာနိုင်ရန် အမိန့်ကြော်ငြာချက်များ ထုတ်ပြန်ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး Online မှ လွယ်လွယ်ကူကူ မှတ်ပုံတင်နိုင်ရန်အတွက် eComReg System ကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ( Oline Sales ) လုပ်ငန်းမှတ်ပုံတင်ရာတွင် ကုန်ပစ္စည်းအုပ်စု၊ ဝန်ဆောင်မှုအုပ်စုများကို စနစ်တွင်ထည့်သွင်းထားပြီး လိုအပ်သည့် ထုတ်ပြန်ကြော်ငြာမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ် ခွင့်ပြုထုတ်ပေးရာတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ( Online Sales) မှတ်ပုံတင် လျှောက်ထားလာပါက မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအောင်ဇေယျာလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူက အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ထုတ်ပြန်ထားရှိမှု အခြေအနေနှင့် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များကို လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူက အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည့် E-Commerce Registration (Online) System နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် လိုက်နာရမည့် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက Online စနစ်ဖြင့် ရောင်းချသည့် ( Online Sales ) များ မှတ်ပုံတင်နိုင်ရေး ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးလုပ်ငန်းရှင် ၁၂၀၀ ခန့် တက်ရောက်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ Online Sales မှတ်ပုံတင်လျှောက်ထားလိုသူများသည် ရုံးဌာနသို့ လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို လျှောက်ထားရယူနိုင်သည့် eComReg System ကို အောက်တိုဘာ ၂ ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကာeComReg Systemudk https://www.eco-mreg.gov.mm website တွင် ဝင်ရောက်လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**စံပယ်ဖြူ (CJ)**

# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးနှုန်း

ပြည်ကုန်စည်ဒိုင်သည် ပြည်မြို့တွင်ရှိပြီး ဆန်စပါးနှင့် ပဲမျိုးစုံ အဓိကထား၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိသော မြို့ဖြစ်ပြီး နိုင်ငံခြားတင်ပို့သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ အပြင် မြို့တွင်းအဝယ်ရှိသော စားတော်ပဲ၊ ကုလားပဲ၊ ဗိုလ်ကိတ်ပဲ၊ ပဲကြီးသီးနှံများကိုလည်း ကုန်စည်ဒိုင်တွင် ရောင်းဝယ်လျက်ရှိသည်။

**မတ်ပဲ**

စက်တင်ဘာ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၈၂၅၀၀ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၂၀၀ ခန့်အဝယ်ရှိသည်။ အောက်တိုဘာပထမပတ်တွင် မတ်ပဲဈေးကျပြီး ပဲတစ်တင်းလျှင် ကျပ် ၈၁၅၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၁၅၀ ခန့် ရန်ကုန်အဝယ်ရှိသည်။

**ပဲစင်းငုံ**

စက်တင်ဘာလ စတုတ္ထပတ် ပြည်ကုန်စည်ဒိုင်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ဈေးအေးလျက်ရှိပြီး တစ်ခါတစ်ရံ ရန်ကုန်အဝယ်ရှိပြီး အရောင်းအဝယ်ရှိသောနေ့တွင် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်သည်။ အောက်တိုဘာလ ပထမပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် အဝယ်ရှိသောနေ့တွင် အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်သည်။

**ကုလားပဲ**

ပြည်ကုန်စည်ဒိုင်၌ စက်တင်ဘာလ စတုတ္ထပတ်တွင် ကုလားပဲ (HL)တစ်တင်းလျှင် ကျပ် ၉၄၀၀၀ မြကြေးမှုံ တစ်တင်းကို ကျပ် ၉၄၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများနှင့် နယ်စုံအဝယ်ရှိပြီး တစ်ရက်ကို အိတ် ၃၀၀-၃၅၀ ခန့် အဝယ်ရှိသည်။ အောက်တိုဘာလ ပထမပတ်တွင် ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၉၃၅၀၀ မြကြေးမှုံတစ်တင်းကို ကျပ် ၉၃၅၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ်၃၀၀ ခန့် အဝယ်ရှိသည်။

**ပဲကြီး**

ပြည်ကုန်စည်ဒိုင်၏ စက်တင်ဘာလ နောက်ဆုံးပတ်တွင် ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၀၃၀၀၀၊ ပဲကြီး (ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ဖြင့် မြို့တွင်း ပဲကြော်သမားများတစ်ရက်လျှင် အဝယ်အိတ် ၃၀၀-၄၀၀ ခန့်ရှိသည်။ အောက်တိုဘာလ ပထမပတ်တွင် ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၀၃၀၀၀၊ ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဖြင့် ဈေးအေးနေခဲ့ပြီး မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိသည်။

**စားတော်ပဲ**

စက်တင်ဘာလ စတုတ္ထပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၁၅-၂၀ ခန့်ရှိသည်။ အောက်တိုဘာလ ပထမပတ်တွင် စားတော်ပဲ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် ဈေးအေးနေခဲ့သည်။ တစ်ရက်လျှင် အိတ် ၃၀ ခန့် မြို့တွင်းအဝယ်ရှိသည်။

**ဗိုလ်ကိတ်**

စက်တင်ဘာ စတုတ္ထပတ်တွင် ဗိုလ်ကိတ်တစ်တင်းလျှင် ကျပ် ၆၉၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ်ရှိပြီး တစ်ရက်လျှင် အိတ် ၅၀-၁၀၀ခန့် အဝယ်ရှိသည်။ အောက်တိုဘာပထမပတ်တွင် ဗိုလ်ကိတ်တစ်တင်းလျှင် ကျပ် ၆၉၀၀၀ ဖြင့် ဈေးအေးနေပြီး တစ်ရက်လျှင် မြို့တွင်းအဝယ် အိတ် ၅၀ခန့်ရှိခဲ့သည်။

**မိမိအေး (ပြည်)**

# စက်တင်ဘာလအတွင်း ပဲတန်ချိန် တစ်သိန်းကျော်တင်ပို့

စက်တင်ဘာလအတွင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တင်ပို့မှုမှာ တန်ချိန် ၁၃၃၈၂၀ နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၈၉ သန်း တန်ဖိုးရှိကြောင်း သိရှိရသည်။

**မတ်ပဲ**

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၀၅၃ သန်း တန်ဖိုးရှိ မတ်ပဲတန်ချိန် ၁၀၇၈၇၀ ကျော် တင်ပို့ခဲ့သည်။ မတ်ပဲကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ပြီး တန်ချိန် ၈၅၄၇၀ ကျော်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၆၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၁၃၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန်၁၀၀၀ ကျော် တင်ပို့ခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ အာရှနိုင်ငံများသာမက ယူအေအီးနိုင်ငံများသို့ တန်ချိန် ၂၅၀၀ နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

မြန်မာ- ထိုင်း နယ်စပ်ကုန်သွယ်မှုမှလည်း စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၇ သန်း တန်ဖိုးရှိမတ်ပဲတန်ချိန် ၂၄၀ ကျော် တင်ပို့ခဲ့သဖြင့် စက်တင်ဘာလ၏ မတ်ပဲတင်ပို့မှုမှာ တန်ချိန် စုစုပေါင်း ၁၀၈၁၁၀ ရှိခဲ့သည်။

**ပဲတီစိမ်း**

စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ တန်ဖိုး ၈ ဒသမ ၉၈၆ သန်း တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၁၃၃၂၀ ကျော် တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန်ချိန် ၄၆၃၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၈၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၃၀၀၊ တရုတ်နိုင်ငံသို့ တန်ချိန် ၁၅၃၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၁၇၀ ကျော်၊ ထိုင်းနိုင်ငံသို့ တန်ချိန်၇၀၀ တင်ပို့ပြီး ယူအေအီးနိုင်ငံများသို့ တန်ချိန် ၁၀၀ ခန့်နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ **CJ**

**စာမျက်နှာ (၃) စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် . . . မှအဆက်**

ထိုသို့ဆောင်ရွက်ရာတွင် ဈေးကွက်လက်ဦးမှုအတွက် ယှဉ်ပြိုင်မှုများ ရှိလာပြီး စားသုံးသူအပေါ် ကောင်းကျိုး၊ ဆိုးကျိုး အကျိုးသက်ရောက်မှုဖြစ်ပေါ်လာကြောင်း ၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့် ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ နှင့် မူပိုင်ခွင့် ဥပဒေများပြဋ္ဌာန်းပြီး ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းအပေါ် ဆွေးနွေးရန် ယခုအစီအစဉ်ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် စားသုံးသူများအသုံးပြုမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်နေကြောင်း၊ နယ်ပယ်တိုင်းတွင် စီးပွားရေးယှဉ်ပြိုင်မှုများ မျှမျှတတရှိရန်လိုအပ်ကြောင်း၊ ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံအနှံ့ဆောင်ရွက်နေကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားခြင်းများ လက်ခံခြင်းကို အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ဖြင့်လက်ခံဆောင်ရွက်ပေးနေသကဲ့သို့ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ မူပိုင်ခွင့်ဦးစီးဌာနရုံးများတွင်လည်း လက်ခံဆောင်ရွက်ပေးနေကြောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကိုလည်း ၂၀၂၄ ခုနှစ်တွင် အာဏာတည်နိုင်ရေးပြင်ဆင်ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံတွင် မူပိုင်ခွင့်အာဏာကာကွယ်ပေးသည့် စနစ်တစ်ရပ်ကျင့်သုံးဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ အဆင့်မြင့် နည်းပညာများလွှဲပြောင်းရယူနိုင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍများ မြင့်မားတိုးတက်လာစေရေးအတွက် အထောက်အကူပြုမည့်အပြင် စွန့်ဦးတီထွင်သူများ၊ ဖန်တီးသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေတို့သည် နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအစုံမှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အားလုံးပါဝင်သည့် အဓိကဒေါက်တိုင်ကြီးသုံးခုဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးအစီအစဉ်တွင် သက်ဆိုင်ရာ ဥပဒေများအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ နယ်ပယ်စုံမှ ဖိတ်ကြားထားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ညီနောင်အသင်းများနှင့် ကုမ္ပဏီများမှ ၁၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကို**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မဲခေါင်-လန်ချန်း သစ်သီးပွဲတော်တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

မဲခေါင်-လန်ချန်းသစ်သီးပွဲတော် (မြန်မာ) (Mekong - Lancang Fruit Festival-Myanmar)-ကို မြန်မာနိုင်ငံမှ ပါဝင် ပြသနိုင်ရေးအတွက် ညှိနှိုင်းအစည်း အဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) နေပြည်တော်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ဒေသခွဲ စီးပွားရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမှ သစ်သီးဝလံများအား တရုတ်နိုင်ငံဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်မည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း၊ ပြပွဲသို့ မြန်မာနိုင်ငံမှ ထွက်ရှိသော ထောပတ်သီး၊ နာနတ်သီး၊ မက္ကဒေးမီးယား၊ ကျွဲကောသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ဒူးရင်း သီး၊ ပင်မှည့်သီး၊ သစ်ကြားသီးများအပြင် ဝဥ၊ လက်ဖက်၊ ကော်ဖီနှင့် ရှောက်ကောပါကောများပါ ထည့်သွင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ဈေးကွက်ထိုးဖောက်နိုင်မည့် အခွင့်အလမ်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းသစ်သီးပွဲတော် ပထမနေ့တွင် မြန်မာနိုင်ငံ၏ အလားအလာရှိသည့် သစ်သီးဝလံများနှင့် ပတ်သက်သည့် ဈေးကွက်မြှင့်တင်ရေး ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကုန်သည်/အသင်းအဖွဲ့များက ပြပွဲသို့ အောင်မြင်စွာ သွားရောက်ပြသနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**MOC(IR)**

# ဘက်စုံဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်းဆီသို့

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာ ကုန်သွယ်မှုကဏ္ဍများဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုလုပ်ငန်းသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် နည်းလမ်းပေါင်းစုံနှင့်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်တစ်ခုအဖြစ် ထူထောင်ရန် နိုင်ငံတော်မှ ရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြုပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေနိုင်သော မူဝါဒတစ်ရပ်အဖြစ် အကောင်အထည်ဖော်ရာ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန်ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့သလို စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ယှဉ်ပြိုင်မှုဥပဒေများကိုလည်း ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုတို့တွင် ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးမှုမရှိစေဘဲ လျင်မြန်ချောမွေ့စွာ ကုန်သွယ်မှုပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ကုန်တင်ပို့မှုတွင် နိုင်ငံတော်ဘဏ္ဍာ ပိုမိုရရှိစေရန် ပို့ကုန်တင်ပို့မှုကို အားပေးလျက်ရှိသည်။ ပို့ကုန်လုပ်ငန်းရှင်များအား ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက်လည်း ကုန်ထုတ်လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့်အခက်အခဲ၊ အတားအဆီးနှင့် အဟန့်အတားများကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ စက်မှုကုန်ချောအုပ်စုတို့ တင်ပို့ပြီး လယ်ယာထွက်ကုန်ပစ္စည်းအနေဖြင့် အဓိကထားတင်ပို့သည့် ဆန်၊ ကောက်ညှင်းဆန်၊ နာနတ်သီး၊ ပြောင်း၊ ရော်ဘာ၊ ဖရဲသီးတို့ကိုလည်း တင်ပို့လျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့်စက်နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ပစ္စည်းများစသဖြင့် တင်သွင်းလျက်ရှိသည်။

ကုန်သွယ်မှုကဏ္ဍ တိုးတက်စေရန်အတွက် ကုန်ပစ္စည်းစစ်ဆေးရေးဌာနများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူ ဝန်ထမ်းများကဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပို့ကုန်/သွင်းကုန်များတိုးတက်မှသာ နိုင်ငံတော်အခွန် ဘဏ္ဍာများ တိုးတက်ရရှိနိုင်မည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်များ တိုးတက်စေရန်အတွက် ကုန်သွယ်မှုလျာထားချက်များကို နှစ်စဉ်ရေးဆွဲပြီး လုပ်ဆောင်ကြလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ကြရာတွင် မြေပြင်တွင်ဖြစ်ပေါ်နေသည့် ကိန်းဂဏန်းတန်ဖိုးကို အခြေခံကာရေးဆွဲပြီးမှသာ မှန်ကန်တိကျသည့် ကုန်သွယ်မှုလျာထားချက်ကို ရရှိမည်ဖြစ်သည်။ တရားမဝင် တင်ပို့တင်သွင်းမှုများ လျော့နည်းပပျောက်ရန် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများပူးပေါင်းပြီး တားဆီးဆောင်ရွက်လျက်ရှိသည်။

ငြိမ်းဝေနှင်း (စားသုံး)

(ဆက်လက်ဖော်ပြပါမည်။)

## မြန်မာ့ဆိပ်ကမ်းတွင် ၆ . ၁၀ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | MSC FORTUNE F | ကုန်သေတ္တာ ၂၄၀တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | WISDOM GRACE | ကုန်သေတ္တာ ၂၉၆တင် ၄၂၇ ချဆဲ |
| | SINAR SOL) | ကုန်သေတ္တာ ၇၃၅ တင် ၆၆၅ ချဆဲ |
| | SITC QIUMING | ကုန်သေတ္တာ ၃၈၈ တင် ၂၇၂ ချဆဲ |
| | GSS YANGON | ကုန်သေတ္တာ ၆၂၃ တင် ၈၁၂ ချဆဲ(ပူးတွဲလုပ်ဆောင် |
| | MTT SAISUNEE | ကုန်သေတ္တာ ၅၁၀ တင် ၅၄၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ ၇၆၅ တင် ၅၅၃ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | NEW SUN BLUE | Urea(In Bulk)12546 ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | DIRECTION SW | Steel 13002 တန်ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | CONTRIVIA | ကုန်သေတ္တာ ၈၉၂ တင် ၈၄၇ ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | MAERSK VALENCIA | ကုန်သေတ္တာ ၈၀၆ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | MT .VIET TIN LUCKY | အလုပ်မလုပ် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | PHUONG DONG10 | ပြောင်းဖူး တန်ချိန် ၆၀၀၀တင်ဆဲ |
| MIPL ဆိပ်ကမ်း | LUCKY STAR | Steel&Fertilizer တန်ချိန် ၁၆၆၃၀ ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၄) | LI XIANG | (8)UNITS CATERPILLARS 1662 ချဆဲ |
| Willmar Myanmar Port Terminal | BULK PATAGONIA | SOY BEAN MEAL တန်ချိန် ၂၆၃၈၉ ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | FLORA | Urea (In Bulk) ၂၁၀၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| NINGHAI | Soy Bean Meal တန်ချိန် ၂၀၄၆၂ တန်ချရန် | AUSTRALIAS | ၇.၁၀.၂၀၂၃ |
| KHARIS PEGASUS | D'BAR, တန်ချိန် ၈၇၃၁ တန်ချရန် | MALAYSIA | ၁၀.၁၀.၂၀၂၃ |
| NEW LEGEAND PEAR | Steel + Equipment တန်ချိန် ၁၄၅၂၀ တင်ရန် | CHINA | ၁၂.၁၀.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၀.၂၀၂၃ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၀.၂၀၂၃ |
| MTT SAISUNEE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၀.၂၀၂၃ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၁၀.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၀.၂၀၂၃ |
| SITC YUANMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁၀.၂၀၂၃ |
| SINAR BANDA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၀.၁၀.၂၀၂၃ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁၀.၂၀၂၃ |
| MCC ANDALAS | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၁၀.၂၀၂၃ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁၀.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁၀.၂၀၂၃ |
| HANSA HARBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂.၁၀.၂၀၂၃ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁၀.၂၀၂၃ |

## ၂၁-၉-၂၀၂၃ မှ ၄-၁၀-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1070 | 17 | - | - | - | 1087 |
| | Form AANZ | 16 | - | - | - | - | 16 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 582 | 3 | - | - | 1 | 586 |
| | Form AJ | 27 | - | - | - | - | 27 |
| | Form AK | 318 | 3 | - | - | - | 321 |
| | Form CHINA | 1 | - | - | - | - | 1 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 14 | 3 | - | - | - | 17 |
| | Form E | 421 | 9 | - | - | - | 430 |
| | Form Korea | 53 | - | - | - | - | 53 |
| | E Form D | 528 | - | - | - | - | 528 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 3032 | 35 | - | - | 1 | 3068 |

# ရေထွက်ပို့ကုန် နိုင်ငံ့ဂုဏ်

ကော့သောင်းမြို့သည် မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင်ကြီး သုံးခရိုင်အနက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း မြို့နယ်အဆင့်မှ တိုးချဲ့ဖွဲ့စည်းခဲ့သည့် နယ်စပ်ခရိုင်မြို့တစ်ခုဖြစ်သည်။ လူမျိုးပေါင်းစုံ သုံးသိန်းကျော်နေထိုင်သည့် ခရိုင်မြို့ကြီးဖြစ်သည်။ ကော့သောင်းမြို့၏ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ ရနောင်းမြို့၊ တောင်ဘက်တွင် ပါချန်မြစ်ဝနှင့် ထိုင်းနိုင်ငံတောင်ဘက် အောက်ပိုင်းခရိုင်များနှင့် ထိစပ်လျက်ရှိသည်။ စိုက်ပျိုးရေးအတွက် အလွန်အကျိုးဝင်သည့် ဂဝံဆန်မြေသားများနှင့် သတ္တုမြေသယံဇာတပေါများသည့် သက်ရင့်တောင်တန်းကြီးများရှိပြီး မြိတ်ခရိုင်နှင့် ထိစပ်နေသည်။ အနောက်ဘက်တွင် ကော့သောင်းခရိုင် နယ်မြေပိုင်ရေမိုင် ၁၀၀ ကျော်ခန့် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းပေါင်းများစွာတည်ရှိသည်။

### ရေလုပ်ငန်းဆိုင်ရာ ကူးလူးဆက်သွယ်မှုအနေအထား

မြန်မာနိုင်ငံအောက်ပိုင်းပင်လယ်ပြင်နှင့် ထိစပ်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ငါးခုမှာ ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ မွန်၊ တနင်္သာရီတို့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးမှာ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေလုပ်ငန်းဖြင့် အကြီးကျယ်ဆုံးနှင့် နိုင်ငံတော်အခွန် ဝင်ငွေအများဆုံးရရှိသော ဒေသကြီးများဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင်ကြီးသုံးခရိုင်မှာ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်ဟူ၍ဖြစ်ပြီး မြိတ်ခရိုင် မှာ လက်ရှိရေလုပ်ငန်းအောင်မြင်ရေးနှင့် ရေထွက်ပစ္စည်း စက်ရုံအချို့လည်းရှိနေသည်။ ထားဝယ်ခရိုင်အနေဖြင့် ပင်လယ်ပြင်နှင့် ဆိပ်ကမ်းအနေအထားကြောင့် ကမ်းဝေးငါးဖမ်းလှေများ ဝင်ရောက်ဆိုက်ကပ်ရောင်းဝယ်ဖောက်ကားနိုင်မှုနည်းပါး၍ ကမ်းနီးလုပ်ငန်းများသာ တွင်ကျယ်လျက်ရှိသည်။

ကော့သောင်းကုန်သွယ်ရေးစခန်း၏ဘဏ္ဍာနှစ်အလိုက်ပို့ကုန်ဆောင်ရွက်မှု

| ဘဏ္ဍာနှစ် | ပို့ကုန်လျာထားချက် (အမေရိကန်ဒေါ်လာ) | လျာထားချက်အပေါ်အမှန်ဆောင်ရွက်နိုင်မှု (အမေရိကန်ဒေါ်လာ) | ပိုငွေ | လိုငွေ |
|---|---|---|---|---|
| ၂၀၂၁-၂၀၂၂ | ၁၂၅ သန်း | ၁၆၁.၇၈၀ သန်း | ၃၆.၇၈ သန်း | – |
| ၂၀၂၂-၂၀၂၃ | ၂၅၀ သန်း | ၂၀၆.၃၂၃ သန်း | – | ၄၃.၆၇၇ သန်း |
| ၂၀၂၃-၂၀၂၄ | ၁၀၀ သန်း | ၄၃.၀၄၄ သန်း | – | ၅၆.၉၅၆ သန်း |

ရေထွက်ပို့ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေးအတွက် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများပြုလုပ်၍ ဖြေရှင်းညှိနှိုင်းပေးခြင်း၊ ပို့ကုန်လိုင်စင်အား TradeNet 2.0 စနစ်ဖြင့် လျှောက်ထားရာတွင် အခက်အခဲများဖြစ်ပေါ်ပါက ရုံးချုပ်နှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် အချိန်မီ လုပ်ငန်းဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ရေထွက်ပစ္စည်းများတင်ပို့မှုနှင့်ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာန၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ဖြင့် ငါးသယ်/ ငါးဖမ်းရေယာဉ်များ အချိန်မီ ထွက် ခွာ/တင်ပို့နိုင်ရေး ညှိနှိုင်းချိတ်ဆက်ပေးခြင်း၊ ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရာတွင် အဆင်ပြေချောမွေ့စေရေး AD ဘဏ်များ၊ မြန်မာ့စီးပွားရေးဘဏ်၊ (ကော့ သောင်း၊ မောင်တော) များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

### အကြံပြုသုံးသပ်တင်ပြချက်

မိမိနိုင်ငံ ရေထွက်ကုန်ပစ္စည်းများကို မိမိနိုင်ငံဈေးကွက်ဖြစ်အောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိဒေသအတွင်း စက်ရုံ၊ အလုပ်ရုံ ပေါများလာခြင်း၊ အလုပ်လက်မဲ့များ နည်းပါးလာခြင်း၊ အလုပ်အကိုင်ပေါများလာခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီအစုရှယ်ယာရှင်များလည်း စီးပွားတိုးတက်လာခြင်းတို့နှင့်အတူ ကော့သောင်းဒေသသည်လည်း ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့်အတူ ဖွံ့ဖြိုးတိုးတက်၍ အခြားနယ်စပ်မြို့များနည်းတူ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေနိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဒေသအာဏာပိုင် တိုင်း၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများက အမျိုးသားရေးစိတ်ဓာတ်မွေးမြူ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်၍ ရေထွက်ပို့ကုန်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဖို့ သုံးသပ်အကြံပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။

**ကော့သောင်းကုန်သွယ်ရေးစခန်း**

# r|waomap;u u ,Sydrl

**သုတအောင်**

မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုသည် နိုင်ငံစီးပွားရေးနှင့် နိုင်ငံသားတို့အတွက် အကျိုးများစွာ ဖြစ်ထွန်းစေသည်။ 'အပြိုင်အဆိုင်ရှိမှ တိုးတက်သည်' ဟူသော စကားအတိုင်း ယှဉ်ပြိုင်မှုသည် နိုင်ငံ့စီးပွားရေးသာမက ဈေးကွက်အတွင်းရှိ လုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှု အသုံးပြုသူ ဝယ်ယူသူများအတွက်လည်း လွန်စွာအကျိုးရှိပေသည်။ ယှဉ်ပြိုင်မှုကြောင့် ဈေးကွက်အတွင်း တီထွင်ကြံဆမှု အားကောင်းလာစေနိုင်ပါသည်။ ဝယ်ယူသူများအနေဖြင့်လည်း ကုန်ပစ္စည်းများကို ကောင်းမွန်သော ဝန်ဆောင်မှု၊ မျှတသော ဈေးနှုန်းဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ တီထွင်ကြံဆမှု အားကောင်းလာပါက ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သဖြင့် နိုင်ငံ့စီးပွားရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

သို့သော်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ လုပ်ငန်းစုတစ်ခုတည်းကသာ လွှမ်းမိုးလာသည့်အခါတွင် ဝန်ဆောင်မှု/ကုန်ပစ္စည်း ဝယ်ယူအသုံးပြုများအတွက် ရွေးချယ်ခွင့်မှာ အကန့်အသတ်ရှိလာပြီး ကုန်ဈေးနှုန်းအဆမတန် ကြီးမြင့်လာခြင်း၊ ဝန်ဆောင်မှု အရည်အသွေး ကျဆင်းခြင်းစသည့် အနုတ်သဘောဆောင်သည့် သက်ရောက်မှုများဖြစ်လာနိုင်သည်။ လုပ်ငန်းစုတစ်ခု သို့မဟုတ် အနည်းစုကသာလျှင် ဈေးကွက်ဝေစုအများစုကို ရယူထားပါက လက်ဝါးကြီးအုပ်စနစ်ဖြစ်လာစေနိုင်သည်။ ဈေးကွက်အတွင်း လုပ်ငန်းများ တစ်ခုနှင့်တစ်ခု ပြိုင်ဆိုင်ရာတွင် ဈေးကစားခြင်း အသရေဖျက်ခြင်းစသည့် ဥပဒေနှင့်မလွတ်ကင်းသော နည်းလမ်းများ အသုံးပြု၍ ဈေးကွက်ကို ခြယ်လှယ်သည့် လုပ်ဆောင်မှုများ ရှိလာပါက မျှတသော ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေနိုင်သည်။

ဥပမာအားဖြင့်ဆိုရသော် အစားအသောက်များကို မိမိအိမ်မှ မှာယူစားသောက်သည်ဆိုပါစို့။ အစားအသောက်ပို့သည့် ဝန်ဆောင်မှုဈေးကွက်အတွင်း ကုမ္ပဏီ (က)၊ ကုမ္ပဏီ (ခ)၊ ကုမ္ပဏီ (ဂ)၊ ကုမ္ပဏီ (ဃ)၊ ကုမ္ပဏီ (င) ဟူ၍ ကုမ္ပဏီလုပ်ငန်း ငါးခုရှိပါက ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ရွေးချယ်ရာ ငါးခုရှိပြီး နှစ်သက်ရာကို အသုံးပြုနိုင်သည်။ သို့ရာတွင် ကုမ္ပဏီ (က)မှ အခြားကုမ္ပဏီ(ခ)နှင့်(ဂ)ကို ဝယ်ယူပြီး လုပ်ငန်းစုတစ်ခုတည်းသာ ဖြစ်သွားပါက ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် နှစ်သက်ရာဝန်ဆောင်မှု ရွေးချယ်ခွင့် မရှိနိုင်တော့ပေ။ ထိုသို့ဖြစ်ပါက လုပ်ငန်းစုအနေဖြင့် မတန်တဆ ဈေးတင်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေး လျှော့ချခြင်း စသည်တို့ကို ပြုလုပ်လာနိုင်သည်။

ထို့ကြောင့် ဈေးကွက်လက်ဝါးကြီးအုပ်မှုများကို ကာကွယ်ရန်နှင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုကို ပိုမိုအားကောင်းစေရန်အတွက် ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းထားသည်။ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ဈေးကွက်ထိန်းညှိရာတွင် ပိုမိုအားကောင်းစေရန် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားရှိသည်။

ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေသည့် ဆောင်ရွက်ချက်များဖြစ်သည့် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊ ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာ ဈေးကွက်အတွင်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကိုဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများဆောင်ရွက်ခြင်း စသည်တို့ကို ကျူးလွန်ပါက ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ အရေးယူဆောင်ရွက်ရာတွင် ဖောက်ဖျက်ကျူးလွန်သည့် ပြစ်မှုအမျိုးအစားအလိုက် စီမံခန့်ခွဲရေး နည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေကို ဖောက်ဖျက် ကျူးလွန်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရာတွင် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်း ပိတ်သိမ်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် အနည်းဆုံး ထောင်ဒဏ်သုံးလမှ အများဆုံး နှစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၅၀ အထိဖြစ်စေ၊ ထောင်ဒဏ်ရော ငွေဒဏ်ပါ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် မျှတသောယှဉ်ပြိုင်မှု၏ အသီးအပွင့်များကို ပြည့်ဝစွာ ခံစားရရှိနိုင်မည်ဖြစ်သည်။

# စက်တင်ဘာလအတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှုအခြေအနေ

**ရော်ဘာ**

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၇ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၅၁၀ ကျော် တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၈၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၅၀၄ တန်နှင့် ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ကျော် တင်ပို့ခဲ့သည်။

စက်တင်ဘာလအတွင်း မြန်မာ- တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၁၇ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၈၂၀ ကျော် တင်ပို့ခဲ့သဖြင့် နည်းလမ်းနှစ်သွယ်မှ ရော်ဘာတန်ချိန် ၇၃၃၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၃၄ သန်းရရှိသည်။ ယခင်လ ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် တစ်သောင်းကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

**ပြောင်း**

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁၃ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၉၂၂၀ ကျော် တင်ပို့ခဲ့သည်။ ပြောင်းတင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၉၂၀၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ပြောင်း ၂၃ တန် တင်ပို့ခဲ့သည်။

စက်တင်ဘာလအတွင်း မြန်မာ- တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်းတင်ပို့မှု တန်ချိန် ၇၈၄၀ ကျော်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု ပြောင်းတင်ပို့မှု တန်ချိန် ၂၅၃၂ ကျော် တင်ပို့ခဲ့သဖြင့် နယ်စပ်မှ စုစုပေါင်း ပြောင်းတန်ချိန် ၁၀၃၇၀ ကျော်တင်ပို့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၈ သန်း ရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတန်ချိန် ၁၉၅၉၀ ကျော်တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃၁ သန်းရရှိခဲ့သည်။ ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် လေးသောင်းကျော် လျော့နည်းသည်ကို စာရင်းများအရ သိရှိရသည်။ **DAAT**

# ဗီယက်နမ် ရွှေ့ပြောင်းလုပ်သားများနှင့် ဂျပန်လုပ်သားဈေးကွက်

ဂျပန်နိုင်ငံတွင် အခြေအနေ အမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်ကြသော နိုင်ငံခြားသားအများစုသည် ဂျပန်လုပ်သားဈေးကွက်ကို အင်နှင့်အားနှင့် ဖြည့်ဆည်းပံ့ပိုးပေးနေကြသည်။ ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ ဂျပန်နိုင်ငံတွင် နေထိုင်သည့် နိုင်ငံခြားသားဦးရေသည် ၂၀၂၂ခုနှစ် အကုန်တွင် ပထမဆုံးအကြိမ် သုံးသန်းအရေအတွက်ကို ကျော်လွန်ရောက်ရှိကာ ၃ ဒသမ ဝ၇ သန်းအထိ စံချိန်တင်ခဲ့ပြီဖြစ်သည်။

ဂျပန်နိုင်ငံရှိ နိုင်ငံခြားလုပ်သား အင်အားစုများထဲတွင် နည်းပညာ အလုပ်သင် သင်တန်းသားဦးရေ ၃၂၅၀၀၀ နှင့် ကျွမ်းကျင်လုပ်သားဦးရေ ၁၃၁၀၀၀ တို့သည် ဂျပန်စီးပွားရေးကို ထောက်ကူပံ့ပိုးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လုပ်သားနှစ်မျိုးစလုံး၏ အဆင့်အတန်းသည် နည်းပညာကျွမ်းကျင်မှုတစ်ခုကို သင်ယူနေရင်း အလုပ်လုပ်ရသည့် အခြေအနေဖြစ်သည်။ သို့သော် လေ့ကျင့်သင်ကြားမှုအတွက် ပံ့ပိုးမှုအနည်းငယ်သာရရှိပြီး ဈေးပေါသော ရွှေ့ပြောင်းအလုပ်သမားအဖြစ် အသုံးချခံနေကြရကြောင်း အဆိုပါလုပ်သားများက စောဒကတက်တုံ့ပြန်မှုများရှိနေသည်။ ထိုလုပ်သားများသည် အစားအစာနှင့် အဖျော်ယမကာ၊ အထည်ချုပ်၊ ဆောက်လုပ်ရေး၊ သန့်ရှင်းရေးနှင့် စိုက်ပျိုးရေးစသည့် လုပ်သားရှားပါးသည့်ကဏ္ဍများတွင် လုပ်ကိုင်နေကြ၏။ ဂျပန်လူ့အဖွဲ့အစည်းသည် ဂျပန်နိုင်ငံသား အလုပ်သမားများ ဆန္ဒမရှိသည့် အလုပ်များအတွက် နိုင်ငံခြားလုပ်သား ၄၅၀၀၀၀ ပေါ်တွင် မှီခိုနေရသည်။ ဂျပန်နိုင်ငံအတွက် ဗီယက်နမ်သည် ၎င်းရွှေ့ပြောင်းအလုပ်သမားများ၏ အကြီးမားဆုံး ရင်းမြစ်ဒေသဖြစ်ပြီး နည်းပညာဆိုင်ရာ အလုပ်သင်သင်တန်းသား ၅၄ ရာခိုင်နှုန်းနှင့် နယ်ပယ်အလိုက် အထူးကျွမ်းကျင်လုပ်သားများ၏ ၅၉ ရာခိုင်နှုန်းခန့်ရှိသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ရွှေ့ပြောင်း အလုပ်သမားများဦးရေသာမက ဗီယက်နမ်နိုင်ငံ သားဦးရေသည် ၁၀ ဆနီးပါးတိုးလာခဲ့ရာ ဦးရေ ၄၉၀၀၀၀ အထိ ရှိလာခဲ့သည်။

ဂျပန်နိုင်ငံအတွက် ဗီယက်နမ်သည် ရွှေ့ပြောင်းအလုပ်သမား အများဆုံး ဖြည့်ဆည်းပေးနိုင်သည့် အရင်းအမြစ်အဖြစ် ဆက်လက်တည်ရှိနေမည်ဟု သုတေသီများက မျှော်လင့်ကြသည်။ သို့သော် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ၃၂ နှစ်ကြာကာလအတွင်း ဂျပန်ယန်းငွေတန်ဖိုး အနိမ့်ဆုံးဖြစ်ခဲ့ရာ တစ်ဒေါ်လာသည် ယန်း ၁၅၀ သို့ ရောက်ရှိခဲ့သည်။ ဗီယက်နမ်ငွေကြေး ဒေါင်နှင့် ယှဉ်ပါကလည်း ယန်းငွေတန်ဖိုး ကျဆင်းမှုမှာ ပြင်းထန်လာခဲ့ရာ ဗီယက်နမ်၏ ရွှေ့ပြောင်းအလုပ်သမားများရရှိသည့် လုပ်ခလစာများမှာ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့သည်။ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှုကုမ္ပဏီ Himawari Service ၏ ဥက္ကဋ္ဌ . Nguyen Thuy Linh က ယန်းငွေတန်ဖိုး ကျဆင်းလာမှုကြောင့် ဂျပန်နိုင်ငံအတွက် ရွှေ့ပြောင်းအလုပ်သမားများ ခေါ်ယူရာတွင် ခက်ခဲမှုများဖြစ်လာသည်ဟု ဆိုသည်။

သို့သော် လက်ရှိလုပ်ခလစာ အမေရိကန်ဒေါ်လာ ၂၀၀ နှင့် ၃၀၀ ဝန်းကျင်ရရှိနေသည့် (နှစ်ပေါင်း ၃၀ ကြာ လုပ်ခလစာ တိုးတက်မှုမရှိခဲ့သည့်) ဗီယက်နမ်လုပ်သားအချို့အတွက်မူ အခြေအနေမှာ ဆွဲဆောင်မှုရှိနေသေးသည်ဟု ဆိုသည်။ ဗီယက်နမ်၏ အထွေထွေစာရင်းအင်းရုံး (Vietnam's General Statistics Office)မှ ထုတ်ပြန်ထားသည့် ပျမ်းမျှလုပ်ခနှင့် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (Japan's Ministry of Health, Labor and Welfare)မှ ထုတ်ပြန်သော နည်းပညာ အလုပ်သင်သင်တန်းသားများနှင့် အထူးကျွမ်းကျင်လုပ်သားများအတွက် ပျမ်းမျှလုပ်ခလစာများအပေါ် အခြေခံ၍သုံးသပ်ရလျှင် ဂျပန်နှင့် ဗီယက်နမ်လုပ်ခများအကြား လုပ်ခကွာဟမှုမှာ လျော့ကျသွားဖွယ်ရှိသည်ဟု ဆိုရမည်။

၂၀၂၁ ခုနှစ်တွင် ဂျပန်နိုင်ငံသား အထူးကျွမ်းကျင်လုပ်သားများ၏ ပျမ်းမျှလစဉ်လုပ်ခသည် ဗီယက်နမ်နိုင်ငံ လုပ်သားများထက် ၉ ဒသမ ၇ ဆ၊ နည်းပညာ အလုပ်သင် သင်တန်းသားများ၏ လုပ်ခလစာထက် ၈ ဒသမ ၂ ဆ ပိုများနေခဲ့ သည်။ ၂၀၂၅ ခုနှစ်တွင် အထူးကျွမ်းကျင်လုပ်သားများနှင့် နည်းပညာ အလုပ်သင် သင်တန်းသားများ၏ ပျမ်းမျှ လစဉ်လုပ်ခများသည် ၅ ဒသမ ၉ ဆနှင့် ၅ ဒသမ ၁ ဆသို့ အသီးသီးကျဆင်းသွားလိမ့်မည်ဟုလည်း ခန့်မှန်းနေကြသည်။ ကျဆင်းမှုသည် ဆက်လက်ဖြစ်ပေါ်လာနိုင်ပြီး ၂၀၃၁ ခုနှစ်တွင် အထူးကျွမ်းကျင်လုပ်သားများ၏ ပျမ်းမျှ လစဉ်လုပ်ခသည်လည်းကောင်း၊ နည်းပညာ အလုပ်သင်သင်တန်းသားများ၏ ပျမ်းမျှ လစဉ်လုပ်ခသည်လည်းကောင်း လက်ရှိအခြေအနေ၏ သုံးပုံတစ်ပုံနီးပါးခန့်အထိ ဖြစ်သွားနိုင်သည်ဟု ကောက်ချက်ချကြသည်။

ဗီယက်နမ်လုပ်သားများအနေဖြင့် ဂျပန်နိုင်ငံကို ဆွဲဆောင်မှုရှိသော ဝင်ငွေရင်းမြစ်တစ်ခုအဖြစ် မယုံကြည်တော့သည့်အချိန်တွင် ၂၀၃၁ ခုနှစ်သည် အလှည့်အပြောင်းကာလတစ်ခု ဖြစ်လိမ့်မည်။ ဂျပန်နိုင်ငံတွင်ရရှိသည့် လုပ်ခလစာသည် ဗီယက်နမ် ပြည်တွင်းလစာထက် သုံးဆခန့်သာရှိသောကြောင့် ရွှေ့ပြောင်းနေထိုင်မှုနှင့် ဆက်စပ်သော ကုန်ကျစရိတ်များပါ ထည့်သွင်းတွက်ချက်သောအခါ အလုပ်ဖြစ်နိုင်သည့် အခြေအနေမရှိတော့ပါ။ ဂျပန်နိုင်ငံ၏ နေထိုင်မှု ကုန်ကျစရိတ်သည် မြင့်မားသည်။ ၂၀၂၃ ခုနှစ် အခြေအနေအရ ဗီယက်နမ်နိုင်ငံ ကုန်ကျစရိတ်ထက် လေးဆခန့်ပိုများသည်။ ရွှေ့ပြောင်းလုပ်သားများ၏ လစဉ်ပျမ်းမျှလစာမှာ ယန်း ၁၈၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၅၀ ခန့်) ဖြစ်သော်လည်း နေထိုင်မှုအခန်းငှားရမ်းခ ကုန်စရိတ်၊ အခွန်အခအမျိုးမျိုး၊ လူမှုဖူလုံရေး အာမခံကြေးများနှင့် အခြားကုန်ကျမှုများသည် ရရှိသောလုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ဖြစ်နေသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော ရွှေ့ပြောင်းလုပ်သားများ ဂျပန်နိုင်ငံသို့ ဆက်လက်စီးဝင်လာမှုရှိစေရန် တိကျသောအစီအမံများကို လုပ်ဆောင်ရန် လိုအပ်လာသည်။ ပထမလုပ်ဆောင်ရန်မှာ ရွှေ့ပြောင်းလုပ်သားပွဲစားများကို ဖယ်ရှားရှင်းလင်းရန်ဖြစ်သည်။ ဗီယက်နမ် ရွှေ့ပြောင်းအလုပ်သမားများသည် ဂျပန်သို့လာရောက်မည့် ခရီးစရိတ် ကုန်ကျစရိတ်ပေးနိုင်ရန် ပွဲစားများထံမှ ဂျပန်ယန်းငွေ တစ်သန်းခန့် ချေးယူကြရသည်ဟုသိရသည်။ ထိုငွေကြေးပမာဏသည် အင်ဒိုနီးရှား သို့မဟုတ် ဖိလစ်ပိုင်အပါအဝင် အခြားနိုင်ငံများမှ ဂျပန်နိုင်ငံသို့လာရောက်သည့် ရွှေ့ပြောင်းအလုပ်သမားများ ပေးဆောင်သည့် ပမာဏထက် ပို၍များပြားသည်ဟု လေ့လာတွေ့ရှိရသည်။ တောင်ကိုရီးယားနိုင်ငံက ၂၀၀၆ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် အလုပ်အကိုင်ပါမစ်စနစ် (employment permit system)ကို ဂျပန်နိုင်ငံက အတုယူ လုပ်ဆောင်သင့်သည်။ ထိုအစီအစဉ်ဖြင့် တောင်ကိုရီးယား၏ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားပွဲစားများကို ဖယ်ရှားကာ တိုက်ရိုက်စီမံခန့်ခွဲ လုပ်ကိုင်ခြင်းဖြစ်သည်။ ဒုတိယလုပ်ဆောင်ရန်မှာ နည်းပညာ အလုပ်သင် သင်တန်းသားများနှင့် အထူးကျွမ်းကျင် လုပ်သားများကို

## ကြယ်စင်ဖေသင်

ရွှေ့ပြောင်းအလုပ်သမားအဖြစ် တရားဝင် သတ်မှတ်အသိအမှတ်ပြုရန်ဖြစ်သည်။ ထိုလုပ်ဆောင်မှုသည် သင်တန်းသားများအဖြစ် ရောက်ရှိနေသော ရွှေ့ပြောင်းလုပ်သားအပေါ် အခြေအနေကို အလွဲသုံးစားပြု၍ လုပ်ခလစာ နိမ့်ချပေးလျက်ခိုင်းနေသည့် အလုပ်ရှင်များကို ဟန့်တားထိန်းကျောင်းနိုင်မည်ဖြစ်သည်။

တတိယလုပ်ဆောင်မှုသည် ရွှေ့ပြောင်းအလုပ်သမားများ နေရပ်သို့ပြန်ရောက်ချိန်တွင် ကျွမ်းကျင်မှုစွမ်းရည်ကို အသုံးချမှုနှင့် သက်ဆိုင်သည်။ နည်းပညာအလုပ်သင်များနှင့် အထူး ကျွမ်းကျင်လုပ်သားများသည် ၎င်းတို့၏ ကျွမ်းကျင်မှုများကို မိခင်နိုင်ငံတွင် အသုံးချရန်ထက် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် အာရုံစိုက်နေခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် သင်တန်းတက်ရောက်ပြီး သို့မဟုတ် လေ့ကျင့်ပြီးလုပ်သားသည် ၎င်း၏မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ သင့်လျော်သည့် အလုပ်အကိုင်နေရာချထားပေးမှု သို့မဟုတ် လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သည့် နောက်ထပ်အရည်အချင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ပံ့ပိုးကူညီမှုကို ကုမ္ပဏီအနည်းငယ်မှလွဲ၍ အများစုက မဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ ထိုအချက်ကို ထည့်သွင်းစဉ်းစား၍ နှစ်နိုင်ငံအစိုးရများနှင့် လုပ်သားများ အကျိုးစီးပွားအတွက် စီစဉ်ရန်ဖြစ်သည်။

အကယ်၍ ဂျပန်တွင် ကျွမ်းကျင်မှုနှင့် နည်းပညာ ဗဟုသုတများကို သင်ယူခဲ့သော လုပ်သားများကို ပြည်တွင်းစက်ရုံများတွင် ငှားရမ်းနိုင်ခဲ့လျှင်ဖြစ်စေ၊ ဂျပန်နှင့် ဗီယက်နမ် နှစ်နိုင်ငံအစိုးရတို့ အတူတကွပေါင်းစပ်၍ အမျိုးသားအဆင့် အရည်အချင်း စစ်ဆေးမှု အစီအစဉ်ကို ပြင်ဆင်ထားနိုင်ခဲ့လျှင်ဖြစ်စေ ဗီယက်နမ်နိုင်ငံသား လုပ်သားများ၏ ဘဝ သိသိသာသာ ပြောင်းလဲတိုးတက်လာမည်ဟု ယူဆကြသည်။

အခြားနိုင်ငံများနှင့် ယှဉ်ပါက လုပ်ခလစာ ပမာဏ နည်းပါးနေသည့်တိုင် ပိုမိုဆွဲဆောင်နိုင်သည့် အခြေအနေများ ဖန်တီးထားနိုင်ပါက ဂျပန်နိုင်ငံတွင် နည်းပညာပိုင်းဆိုင်ရာ လေ့လာလိုသည့် ဗီယက်နမ်နိုင်ငံသား အရေအတွက် ပိုမိုမြင့်တက်လာနိုင်သည်။ ဂျပန်နိုင်ငံက လိုအပ်နေသော ဗီယက်နမ် ရွှေ့ပြောင်းလုပ်သားများကိုလည်း ယခင်ကကဲ့သို့ ငှားရမ်းရရှိနိုင်မည်ဖြစ်သည်။

# ရေစကြိုမြို့နယ်အတွင်း မိုးစိုက်(ခေါ်) ဥစိုက် ကြက်သွန်နီများ စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ပေါင်းဆုံရာ မြစ်ရေကြီးချိန်တွင် ရေဝင်ရောက်သည့် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းကျေးရွာများဖြစ်သည့် ကုန်းတလင်း၊ ဇီးကုန်း၊ ဇီးကုန်းကျွန်း၊ သူဌေးကုန်းနှင့် ကန်ဒေါင့်ကျေးရွာများတွင် မြစ်ရေကျချိန် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် မိုးစိုက် (ခေါ်) ဥစိုက် ကြက်သွန်နီများ အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။



မျိုးဥများအနေဖြင့် ယခင်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် စိုက်ပျိုးသည့် ပျိုးပင်စိုက် ကြက်သွန်နီများမှ ထွက်ရှိလာသည့် ဒေသခေါ် (ကျမ်းကျွံ) ဥသေးများနှင့် မျိုးစေ့ကို ကြဲပက်၍ စိုက်ပျိုးရာမှ ထွက်ရှိလာသည့် ဒေသခေါ် (ဇော်မွှား) မျိုးဥများကို စိုက်ပျိုးကြကြောင်း မျိုးဥတစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဝယ်ယူရကြောင်း၊ တစ်ဧက စိုက်ပျိုးရာတွင် မျိုးဥ ၃၀၀ မှ ၃၅၀ ပိဿာခန့် ကုန်ကျကြောင်း၊ မျိုးဥအရွယ်အစား အကြီး၊ အသေးပေါ်တွင် မူတည်၍ တစ်ဧကကုန်ကျမှုပိဿာများ ကွာခြားလျက်ရှိကြောင်း၊ ယခုနှစ်တွင် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၅၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က မျိုးဥတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ ၂၀၀၀ ခန့် ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၅၀၀၀၀၀ ခန့် ကုန်ကျကြောင်းကို ကုန်းတလင်းကျေးရွာမှ စိုက်ပျိုးတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။ မိုးစိုက် (ခေါ်) ဥစိုက်ကြက်သွန်နီများကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် တူးဖော်ရမည်ဖြစ်ကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် ပိဿာ ၃၀၀၀ မှ ၃၅၀၀ ခန့် ထွက်ရှိနိုင်ကြောင်း၊ ယခုဈေးနှုန်းအနေဖြင့် ကျပ် ၂၅၀၀ မှ ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။ ကုန်တလင်းကျေးရွာတွင် တောင်သူ ၁၀ ဦး၊ ၂၅ ဧက စိုက်ပျိုးကြပြီး မိမိအနေဖြင့် ယခုနှစ်တွင် သုံးဧကခန့် စိုက်ပျိုးထားကြောင်း၊ ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင်လည်း ဧက ၅၀၀ ခန့် စိုက်ပျိုးကြကြောင်း တူးဖော်ချိန်တွင် ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းအနေဖြင့် ယခုလက်ရှိဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိရာသီဥတုလည်းကောင်းမွန်ပြီး ခန့်မှန်းအထွက်နှုန်းအတိုင်း ထွက်ရှိမည်ဆိုပါက တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**မြတ်မင်း (ပခုက္ကူ)**

# ယခုတစ်ပတ်အတွင်း ဓာတ်မြေဩဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

### ဓာတ်မြေဩဇာ

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း ပင်လယ် ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၅၇၅ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၈၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၈၀၀၀၀ ကျော်၊ မလေးရှားနိုင်ငံမှတန်ချိန် ၁၉၀၀၀ ခန့်၊ အိုမန်နိုင်ငံမှ တန်ချိန် ၃၇၀၀၀ ကျော်၊ ဘာရိန်းနိုင်ငံမှ တန်ချိန် ၁၆၀၀၀ ကျော်၊ ဘရူနိုင်းနိုင်ငံမှ တန်ချိန် ၅၅၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၅၅၀၀ခန့်၊ လာအိုနိုင်ငံမှ တန်ချိန် ၂၇၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၇၀၀ခန့်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ နော်ဝေနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၁၀၀၀ ခန့်၊ ထိုင်ဝမ်မှ တန်ချိန် ၈၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၇၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀ကျော်၊ အစ္စရေးနိုင်ငံမှ တန်ချိန် ၅၀ခန့်၊ စပိန်နိုင်ငံမှ တန်ချိန် ၄၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၁၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာ တန်ချိန် ၂၅၀၀၀ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှု မှ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၈၃ သန်းတန်ဖိုးရှိဓာတ် မြေဩဇာတန်ချိန် ၈၀၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၀၀၀ ခန့်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေဩဇာတန်ချိန် ၃၀၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

### ဘိလပ်မြေ

ပင်လယ်ရေကြောင်းမှ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၅ သန်းတန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၄၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၅၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၅၀ ကျော် တင် သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဘိလပ်မြေ တန်ချိန် ၂၆၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၅ သန်းတန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၁၆၀၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဘိလပ်မြေ တန်ချိန် ၂၃၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ယခုတစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

### နို့ဆီ

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅၁ သန်းတန်ဖိုးရှိ နို့ဆီ တန်ချိန် ၂၅၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၃၂၀ ကျော်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၂၁၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၁၅၀၀ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

### နို့မှုန့်

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀၅ သန်း တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၈၀၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၁၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

### ဆေးဝါးပစ္စည်းများ

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄၉၈ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၂၀၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂.၁၀.၂၀၂၃)ရက်နေ့မှ (၈.၁၀.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | | |
|---|---|---|
| Quantity (MT) | 1000 | |
| CIF Price (USD/MT) | 918 | (FOB + 95 USD) |
| ပျမ်းမျှငွေလဲနှုန်း | 2519 | |
| Customs ငွေလဲနှုန်း | 2100 | |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 2,890,553 | 4.72 |
| ၃ | စားအုန်းဆီအလေ့ျာ့ | 1000 MT x 1% x CIF x ပျမ်းမျှငွေလဲနှုန်း | 23,124,420 | 37.76 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 96,390,000 | 157.40 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,934,850 | 12.96 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 38,556,000 | 62.96 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 1.167% | 26,986,198 | 44.07 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 29320000 | 47.88 |
| | အထွေထွေစရိတ်ပေါင်း | | **143,853,398** | **481.98** |
| ၁၆ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | **2,312,442,000** | **3,776.09** |
| | စရိတ်စုစုပေါင်း | | **2,456,295,398** | **4,258.08** |

# ရွှေရည်ညွှန်းဈေး ကျပ် ၂၁၄၅၃၀၀ ရှိ

ပြည်တွင်း ရွှေရည်ညွှန်းဈေးမှာ အောက်တိုဘာ ၆ ရက် ပေါက်ဈေးအရ ကျပ်သိန်း ၂၁၄၅၃၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၈၂၁ ဒေါ်လာ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေရည်ညွှန်းဈေးနှုန်းများအနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၂၀၆၀၀၀၊ ၃၀ ရက်တွင် ကျပ် ၂၁၇၈၃၀၀၊ အောက်တိုဘာ ၂ ရက်တွင် ကျပ် ၂၁၆၇၇၀၀၊ ၃ ရက်တွင် ကျပ် ၂၁၄၈၉၀၀၊ ၄ ရက်တွင် ကျပ် ၂၁၄၇၇၀၀၊ ၅ ရက်တွင် ကျပ် ၂၁၄၅၃၀၀ ဖြစ်သည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ စက်တင်ဘာ ၂၉ ရက်တွင် တစ်အောင်စလျှင် ၁၈၇၃ ဒေါ်လာ၊ ၃၀ ရက်တွင် ၁၈၄၉ ဒေါ်လာ၊ အောက်တို ဘာ ၂ ရက်တွင် ၁၈၄၀ ဒေါ်လာ၊ ၃ ရက်တွင် ၁၈၂၄ ဒေါ်လာ၊ ၄ ရက်တွင် ၁၈၂၃ ဒေါ်လာ၊ ၅ ရက်တွင် ၁၈၂၁ ဒေါ်လာဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနှင့် လက်ရှိတွင် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေး လုပ်ငန်းကော်မတီဖြင့် ရွှေဈေးနှုန်းတည်ငြိမ်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး လိုင်စင်လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်ထားသည့် ရွှေဆိုင်များကို အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

# ပြည်တွင်း ငွေကြေးဈေးကွက် ကြိုက်ရောင်း၊ ကြိုက်ဝယ် စနစ်ဖြင့်သာ အရောင်းအဝယ် ပြုလုပ်လျက်ရှိ

ပြည်တွင်း ငွေကြေးဈေးကွက်မှာ လက်ရှိတွင် ကြိုက်ရောင်း၊ ကြိုက်ဝယ် စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်း ငွေကြေးဈေးကွက် တည်ငြိမ်စေရေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးနှင့် နိုင်ငံခြားငွေ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီဖြင့် ထိန်းကျောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကော်မတီသည် လုပ်ငန်းတာဝန် ခြောက်ရပ်ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့်စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်ယန္တရားများ၊ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် အသုံးအဆောင်များနှင့် ကုန်ကြမ်းပစ္စည်း စသည်တို့ တင်သွင်းရန် လိုအပ်သည့် နိုင်ငံခြားသုံးငွေများအား စိစစ်ခွင့်ပြုပေးနေကြောင်း သိရသည်။ ပြည်သူများ စားဝတ်နေရေးအတွက် လိုအပ်သည့် စက်သုံးဆီ၊ ဆေးဝါး၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပြည်တွင်း၌ ဝယ်ယူနိုင်ခြင်း မရှိသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အစရှိသည်တို့ ဝယ်ယူရေးအတွက်လိုအပ်သည့် နိုင်ငံခြားသုံးငွေအား စိစစ်ခွင့်ပြုခြင်း၊ ပြည်ပသို့ ဆေးဝါးကုသခြင်း၊ ပညာရေးကိစ္စများအတွက် သွားရောက်ခြင်းနှင့် ဘာသာရေးကိစ္စများအတွက် သွားရောက်ခြင်း စသည်တို့အတွက်လည်း နိုင်ငံခြားသုံးငွေကို စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ **ပန်းဆု**

# စတော့ရှယ်ယာတန်ဖိုး ကျပ်သန်း ၂၂၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှုတန်ဖိုး ကျပ်သန်း ၂၂၀ ကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ် ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၇၀၃၁၇ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၂၂၀ ဒသမ ၇၄ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၈၂၀၄ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇၂ ဒသမ ၄၅ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၂၂၉၆၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆၉ ဒသမ ၄၄ သန်း ရရှိခဲ့ကြောင်း သိရသည်။ အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၇၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၂၉ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၇၂၀၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၂ ဒသမ ၁၇ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၃၅၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးကျပ် သုည ဒသမ ၈၄ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၄၆၆၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၀၈ သန်း ရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၂၃၉၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၁ ဒသမ ၈၅ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၂၄၃၄၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၂ ဒသမ ၅၉ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့သည်။ **ပန်းဆု**

# စက်သုံးဆီ (တတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၇၇ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၂၀ ဒေါ်လာဖြစ်ခဲ့သည်ကိုတွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၃၅၅၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၄ ရက်တွင် ကျပ် ၃၄၃၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုနှစ် မြန်မာနိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် တိုးတက်မှုနှုန်း ၃ ဒသမ ၃ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိလာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ခန့်မှန်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက် မှ အောက်တိုဘာ ၄ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာ ၄ ရက်ထိတွင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ် သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက် ရှိသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ရက်သတ္တပတ်အတွင်း ၃၃၉၀-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၈-၉-၂၀၂၃ | ၂၉-၉-၂၀၂၃ | ၂-၁၀-၂၀၂၃ | ၃-၁၀-၂၀၂၃ | ၄-၁၀-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၆.၇၅၀ | ၃၆.၄၄၅ | ၃၆.၉၄၀ | ၃၇.၁၀၀ | ၃၇.၀၈၀ | ၀.၉၀ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၇၀ | ၁.၃၆၂ | ၁.၃၇၂ | ၁.၃၇၅ | ၁.၃၇၂ | ၀.၁၅ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၇၀၈ | ၄.၆၉၅ | ၄.၇၁၇ | ၄.၇၂၃ | ၄.၇၃၂ | ၀.၅၁ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၂၀ | ၁၅၄၁၅ | ၁၅၅၃၀ | ၁၅၅၈၀ | ၁၅၆၃၀ | ၀.၇၁ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၃၀၆ | ၇.၃၀၂ | ၇.၃၀၂ | ၇.၃၀၂ | ၇.၃၀၂ | -၀.၀၅ | ↓ |
| ၇ | Indian Rupee | INR | ၈၃.၂၀၁ | ၈၃.၀၅၆ | ၈၃.၁၃၉ | ၈၃.၂၀၁ | ၈၃.၂၁၈ | ၀.၀၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၄၉.၂၂၂ | ၁၄၉.၀၆၃ | ၁၄၉.၇၄၃ | ၁၄၉.၉၆၈ | ၁၄၈.၉၁၅ | -၀.၂၁ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၆၅ | ၁.၅၄၂ | ၁.၅၆၃ | ၁.၅၈၇ | ၁.၅၈၂ | ၁.၀၉ | ↑ |
| ၁၀ | Euro | EUR | ၀.၉၄၉ | ၀.၉၄၂ | ၀.၉၄၉ | ၀.၉၅၅ | ၀.၉၅၃ | ၀.၄၂ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၁၉ | ၀.၈၁၆ | ၀.၈၂၃ | ၀.၈၂၉ | ၀.၈၂၇ | ၀.၉၈ | ↑ |

Source- Central Bank of Myanmar

ကျပ် ၃၄၁၀ ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၂ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၁ ဖြင့် လည်းကောင်း၊ ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၇ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၇ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၇ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၂ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ညှော့မထ ၅ ရာခိုင်နှုန်း ဆန်၊ ညှော့မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ ကျဆင်းခဲ့ပြီး ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် မလေးရှားနိုင်ငံတွင် အိမ်ထောင်စုအများစုသည် အသုံးစရိတ် ချွေတာနေကြရသဖြင့် ဈေးနှုန်းသက်သာသည့် စားသောက်ကုန်ကို ရွေးချယ်ဝယ်ယူကြသည်ဖြစ်ရာ သွင်းကုန်ဆန်ဈေးနှုန်းများ မြင့်တက်သည့်အတွက် ဈေးသက်သာသည့် ပြည်တွင်းထွက်ဆန်များကို ပြောင်းလဲ စားသုံးလာကြရာ ဝယ်လိုအား မြင့်တက်လာပြီး ပြည်တွင်းထွက်ဆန် ပြတ်လပ်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရှိရသည်။ မလေးရှားနိုင်ငံတွင် တစ်နိုင်ငံလုံး ဆန်စားသုံးမှု၏ ၇၀ ရာခိုင်နှုန်းကိုသာ ပြည်တွင်းထွက်ဆန်က ဖြည့်တင်းပေးနိုင်ပြီး အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆန်ဖြူများ အများဆုံး တင်သွင်းရကြောင်း သိရှိရသည်။ ပြည်ပမှတင်သွင်းသည့် ဆန်များသည် ကမ္ဘာ့ဆန်ဈေးနှုန်းတက်သည့်အလျောက် ဈေးနှုန်းများ မြင့်တက်လာ၍ ပြည်ပသွင်းကုန်ဆန်နှင့် ပြည်တွင်းထွက် ဆန်တို့ အကြား ဈေးနှုန်းကွာဟချက် ပိုများလာသဖြင့် ယခင်က မဝယ်ယူခဲ့ကြသည့် ပြည်တွင်းထွက်ဆန်တို့ကို ယခုအခါ ပြည်သူ အများအပြား လုယက်ဝယ်ယူနေကြသဖြင့် ဈေးကွက်အတွင်း ပြတ်လပ်နေကြောင်း သိရှိရသည်။ ထို့ကြောင့် မလေးရှားနိုင်ငံအစိုးရသည် ပြည်တွင်းစပါး ထုတ်လုပ်မှု တိုးတက်စေမည့် အစီအစဉ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ ၁၀၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ကြားပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ညှော့မထ ၂၅ မှတ်တန် ဆန်တစ်အိတ် လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ညှော့မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ မှ ၆၆၀၀၀ ကြား ပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ကြမ်းဈေးနှုန်းမှာ အနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၂၂၅၈၂၁ ဒသမ ၈၆၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၇၇၀ သန်း၊ ဆန်ကွဲတန်ချိန် ၂၄၉၁၂၅ ဒသမ ၁၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၇၅၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၄၇၄၉၄၇ ဒသမ ၀၁၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၅၂၂ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၅၁၆၇၈၅ ဒသမ ၆၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၄၈၅ သန်း၊ ဆန်ကွဲတန်ချိန် ၃၈၅၉၄၈ ဒသမ ၆၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၇၅၉ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၉၀၂၇၃၄ ဒသမ ၃၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၅ ဒသမ ၂၄၄ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၂၉၀၉၆၃ ဒသမ ၇၈၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇၁၅ သန်းနှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲ တန်ချိန် ၁၃၆၈၂၃ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၀၀၇ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် အောက်တိုဘာ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ညှော့မထ ဆန်တစ်အိတ်လျှင် ၂၀၀ ယွမ်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၄၅၅ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် အောက်တိုဘာ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၉၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ညှော့မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ညှော့မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၆၈၅၀ ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ညှော့မ ထဆန် တစ်ပြည်လျှင် ၂၈၀၀ ကျပ်ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၀၁ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ အောက်တိုဘာ ပထမပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ပင်မှည့်သီး(ခေါ်) လိုင်းမချူးသီးအကြောင်း တစေ့တစောင်း

တောင်ငူမြို့ ညောင်ပင်ဈေးရှိ သစ်သီးဆိုင်များတွင် ပင်မှည့်သီး(ခေါ်)လိုင်းမချူးသီး တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ရောင်းချသည်။ ပင်မှည့်သီးကို သကြားနှင့် တို့စားနိုင်သလို ဖျော်ရည်ဖျော်ပြီးလည်း သောက်သုံးနိုင်သည်။ ပင်မှည့်သီးဖျော်ရည်ကို ပုံမှန်သောက်သုံးပေးခြင်းအားဖြင့် ကျန်းမာရေးကို များစွာ အထောက်အကူပြုသည်။

ပင်မှည့်သီးတွင် ပါဝင်သည့် သကြားဓာတ်သည် ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးခြင်းကြောင့် ဝမ်းပုံမှန် မသွားသူများ၊ ဝမ်းချုပ်တတ်သူများ သောက်သုံးသင့်သော ဖျော်ရည်တစ်ခွက်ဖြစ်သည်။ ပင်မှည့်သီးဖျော်ရည်ကို သောက်သုံးခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီပိုများကို လျှော့ကျစေသည်။ ပင်မှည့်သီးတွင်ပါဝင်သော ဗီတာမင်အေသည် ကိုယ်ခံအားကို ကောင်းစေပြီး ကင်ဆာနှင့်နှလုံးရောဂါမဖြစ်စေရန် ကာကွယ်ပေးသည်။

ပင်မှည့်သီးကို အနှစ်သပ်သပ်ထုပ်ပိုး၍ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။ ပင်မှည့်သီးအနှစ်က ၅၀၀ ဂရမ်၊ ၁၀၀ ဂရမ် ဟူ၍ နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိသည်။ ပင်မှည့်သီးအနှစ် ၅၀၀ ဂရမ်တစ်ထုပ်လျှင် ကျပ် ၄၀၀၀၊ ၁၀၀၀ ဂရမ်တစ်ထုပ်လျှင် ကျပ် ၇၈၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**အိမွန်ဖြိုး(တောင်ငူ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် အောက်တိုဘာ ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် အိုင်ဗရီကို့စ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၇ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Fiji နိုင်ငံတွင် ၆ ဒသမ ၃၀ ရာခိုင်နှုန်း၊ အီသီယိုးပီးယားနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် Cape Verde နိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် အောက်တိုဘာ ၂ရက် ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ဘီနင်၊ ဘူလ်တန်၊ ကင်ညာ၊ မိုနာကို၊ နယူးဇီလန်၊ တောင်အာဖရိကနှင့် ဆူဒန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၆ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်းတည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ ဂျပန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အီတလီ၊ ပေါ်တူဂီ၊ ဒိန်းမတ်၊ နယ်သာလန်၊ စပိန်၊ ဂျာမနီ၊ နော်ဝေ၊ ပြင်သစ်၊ ဟန်ဂေရီ၊ အာဂျင်တီးနားနှင့် ပိုလန်အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများအားလုံးတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် Fiji နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အိုက်ဗရီကို့စ်နိုင်ငံတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ Cape Verde နိုင်ငံတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် အီသီယိုးပီးယားနိုင်ငံတွင် ၄ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၂ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ အောက်တိုဘာ ၂ ရက် ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဘရာဇီး၊ ဂွါတီမာလာ၊ အိုက်စလန်၊ နယူးဇီလန်နှင့် ဆွစ်ဇာလန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၈ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အီတလီ၊ ဟန်ဂေရီ၊ နယ်သာလန်၊ ဩစတြေးလျ၊ ကနေဒါ၊ ပိုလန်၊ အာဂျင်တီးနားနှင့် ပြင်သစ်အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ၂ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ၂ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ် ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၁၃ | ၁.၂၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၅ | ၁.၀၉ |
| ၃ | ထိုင်း | လီတာ | ၁.၂၉ | ၀.၈၁ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၈ | ၀.၉၈ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၇ | ၁.၉၂ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၃၆ | ၁.၂၁ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၆ | ၁.၁၇ |
| ၉ | လာအို | လီတာ | ၁.၅၁ | ၁.၀၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

### DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၆ | ၁.၁၃ |
| ၂ | ဂျပန် | လီတာ | ၁.၂၁ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၁၉၉၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၀၈၅ ကျပ်၊ ဒီဇယ် တစ် လီတာလျှင် ၂၄၀၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၂၄၄၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၅၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၃၅၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၃၀၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၃၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၁၄၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၄၇၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၁၅၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၈၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံး ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၁၃၀ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၃၅ သို့ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း လေ့လာသုံး သပ် တင်ပြအပ်ပါသည်။



# ရှမ်းပြည်နယ်မှ ထောပတ်သီးများ ထွက်ရှိ၍ ဈေးကွက်များသို့ တင်ပို့



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ဟိုပုံး၊ ပင်လောင်း၊ အောင်ပန်း၊ ကလော၊ ရွာငံမြို့နယ်များမှ ယခင် မိရိုးဖလာ စိုက်ပျိုးထားတဲ့ ဒေသမျိုးများ၊ ဧကအလိုက် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးထားရှိတဲ့ ကိုင်းဆက်မျိုးများအနက် Booth 7, Buccaneer စတဲ့ နိုင်ငံခြားမျိုးများမှာ ဈေးကွက်အတွင်း တင်ပို့ရောင်းချနိုင်တဲ့ အရည်အသွေးပြည့်ဝပြီး ရင့်မှည့်တဲ့ အသီးများကို တောင်သူများ၊ ခြံရှင်များက စတင်ခူးဆွတ်၍ ပြည်တွင်းဈေးကွက်များနှင့် တာချီလိတ်မြို့ပွဲရုံများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ယခင်လဆန်းပိုင်းမှစတင်၍ တင်ပို့ရောင်းချလျက်ရှိပြီး ဒေသသီးများအနေဖြင့် တောင်ကြီးမြို့ရှိပွဲရုံများ၊ အောင်ပန်းပွဲရုံများတွင် ပိဿာ ၂၀ တစ်အိတ်လျှင် ကျပ် ၃၅၀၀၀-၄၅၀၀၀၊ အမရာနှင့် နိုင်ငံခြားကိုင်းဆက်မျိုးများအနေဖြင့် တစ်ကီလိုလျှင် ပျမ်းမျှ ကျပ် ၄၀၀၀ - ၇၀၀၀ ဖြင့် လုပ်ငန်းရှင်များက ရောင်းချကြောင်း သိရသည်။

Hass ထောပတ်သီးအနေဖြင့် အောက်တိုဘာလကုန်ပိုင်းလောက်မှ ရင့်မှည့်မှုနှင့် အဆီဓာတ်ပါဝင်မှု ကောင်းမွန်မှာဖြစ်သည့်အတွက် တောင်သူများ၊ ခြံရှင်များအား သက်ဆိုင်ရာအသင်းမှ ပညာပေးမှုများဆောင်ရွက်ပြီး ယခုလကုန်မှသာ ခူးဆွတ်ရောင်းချရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်ထွက်ရှိမှုမှာ စိုက်ပျိုးထွက်လုပ်မှုနှင့်ပတ်သက်ပြီး ထုတ်လုပ်မှုစရိတ် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့်အတွက် ခြံရှင်အတော်များများက မိမိစိုက်ဧက၏ ၂၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိသာ အသီးထုတ်ယူနိုင်မည်ဖြစ်ပြီး စိုက်ဧကများသော်လည်း ဈေးကွက်ဝင် အသီးထုတ်လုပ်နိုင်မှုပမာဏ လျော့ကျနိုင်ကြောင်း၊ ထောပတ်အသင်း၏ ခန့်မှန်းမှုအရ ယခုနှစ်မှာ Hass ထောပတ်သီးထွက်ရှိမှုအနေဖြင့် ပြည်ပတင်ပို့မှုအတွက် အဆင့်မီ Hass သီးများမှာ တန် ၁၀၀၀ လောက် ထွက်ရှိနိုင်ကြောင်း သိရသည်။

ဈေးကွက်တင်ပို့မှုအနေဖြင့် ယခုနှစ် ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်ပြီး အိန္ဒိယဈေးကွက်ကိုလည်း စမ်းသပ်တင်ပို့ခြင်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ပြီးခဲ့သည့် နန်နင်းကုန်စည်ပြပွဲတွင် အသင်းအနေနဲ့ သွားရောက်မိတ်ဆက်ပြသရာ ဝယ်ယူလိုတဲ့ ကုမ္ပဏီများရှိပြီး တင်ပို့ရန်အတွက် တရုတ်နိုင်ငံ၏ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)သို့ တရားဝင်မှတ်ပုံတင်ရရှိရန် လိုအပ်ကြောင်း၊ တရုတ်ဈေးကွက် ကြီးမားမှုကြောင့် တရားဝင်တင်ပို့ခွင့်ရရှိပါက စိုက်ပျိုးတောင်သူများအနေဖြင့် အရည်အသွေးကောင်း ထောပတ်သီးများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာပြီး နိုင်ငံ့ ပို့ကုန်ဝင်ငွေ တိုးတက်လာမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာများမှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**Myantrade Shan (Taunggyi)**

# ပြည်သူများကျန်းမာစေဖို့ မှိုဆိပ်အန္တရာယ်သတိပြုစို့

ယုယုအောင် (CTQM)

ရှေးမြန်မာ ဆိုရိုးစကားအတိုင်း 'အာရောဂျံပထမံလာဘံ' ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ရှေးစကားရှိခဲ့ပါတယ်။ လူတို့၏ တစ်ရက်တာလှုပ်ရှား၊ သွားလာ၊ နေထိုင်ဖို့အတွက် ကျန်းမာရေးက အရေးကြီးပါတယ်။ ကျန်းမာမှ မိမိတို့တစ်နေ့တာ လုပ်ဆောင်ရမယ့် တာဝန်ဝတ္တရားတွေကို ကျေပွန်စွာဆောင်ရွက်နိုင်မှာလည်း ဖြစ်တယ်။ လူတစ်ယောက် ကျန်းမာဖို့ဆိုတဲ့နေရာမှာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပြင် ခန္ဓာကိုယ်ကျန်းမာရေးလည်း အပါအဝင်ဖြစ်တယ်။ လူတစ်ယောက်ရဲ့ ကျန်းမာရေးအပေါ် သက်ရောက်နိုင်တဲ့ အချက်တွေမှာ တစ်ခုမက ရှိနေနိုင်တယ်။ ဒီအချက်တွေထဲမှ စားသောက်ကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး (food safety)သည် အရေးကြီးဆုံးအချက်တစ်ခုအဖြစ် ပါဝင်နေတယ်။

ခန္ဓာကိုယ်ကျန်းမာဖို့အတွက် အာဟာရပြည့်ဝအောင် စားသုံးရမှာဖြစ်ပါတယ်။ အာဟာရဓာတ် ပြည့်ဝစေရန် နေ့စဉ်စားသုံးနေတဲ့ အစားအစာတွေထဲမှာ ပရိုတင်းဓာတ်ပြည့်ဝစွာပါ ဝင်ဖို့နဲ့စိတ်ချလုံခြုံရတဲ့ အစားအသောက်တစ်ခုဖြစ်စေရန် သတိထားရမှာဖြစ်ပါတယ်။ ပရိုတင်းဓာတ်ရရှိအောင် သား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ပဲအမျိုးမျိုးတို့ကို စားသုံးသင့်သည့်အပြင် စိတ်ချလုံခြုံရစေရန် အစားအစာများမှာ ပေါက်ပွားတတ်သော မှိုနှင့် ဘက်တီးရီးယားများ ကင်းရှင်းဖို့ လိုအပ်ပါတယ်။

အာဟာရပြည့်ဝစေရန် သန့်ရှင်းလတ်ဆတ်သော အစားအစာကို စားသုံးမှသာလျှင် ခန္ဓာကိုယ်အတွက်များစွာ အထောက်အကူပြုနိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ညစ်ညမ်းပစ္စည်းများ ပါဝင်နေပါက ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ပါတယ်။ ကိုင်တွယ်ထိန်းသိမ်းမှုမမှန်၍ သန့်ရှင်းမှုမရှိတဲ့ အစားအစာ၊ သာမန်မျက်စိနဲ့ မမြင်နိုင်သော်လည်း အဆိပ်သင့်နေနိုင်သည့် အစားအစာ၊ ရောဂါပိုးမွှားနဲ့ မှိုတက်နေတဲ့ အစားအစာများကို စားသုံးမိခြင်း စသည်တို့ကြောင့် နောက်ဆက်တွဲအနေဖြင့် ကျန်းမာရေးဆိုးကျိုးတွေကို ခံစားရနိုင်ပါတယ်။

မှိုအမျိုးအမည်ပေါင်းများစွာရှိသည့်အနက် အဆိပ်ဖြစ်စေနိုင်တဲ့ မှိုတွေကို အဆိပ်ရှိမှို၊ အဆိပ်သင့်မှိုဟုလည်း ခေါ်ဆိုနိုင်ပါတယ်။ အဆိပ်ရှိမှိုဆိုသည်မှာ (Toxigenic fungi) အဆိပ်အတောက် ဖြစ်စေနိုင်တဲ့ ဒြပ်ပေါင်းများကို ထုတ်ပေးနိုင်စွမ်းရှိတယ်။ ၎င်းအဆိပ်တွေဟာ အစားအစာနှင့် အစာမှတစ်ဆင့် လူနှင့် တိရစ္ဆာန်များသို့ ဝင်ရောက်ရင် ပြင်းထန်တဲ့ (သို့) နာတာရှည် အဆိပ်သင့်ခြင်းဖြစ်စေပြီး အသည်း၊ ကျောက်ကပ်၊ အာရုံကြော၊ သွေးနဲ့အရေပြားကလာပ်စည်းများကို ပျက်စီးစေနိုင်ပါတယ်။ မှိုဆိပ်နှင့် ထိတွေ့တဲ့အခါအဖြစ်များသောလက္ခဏာများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ ဓာတ်မတည့်ခြင်း၊ အရေပြား ယားယံခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းနဲ့ အခြားပြင်းထန်တဲ့ အခြေအနေများတွင် ကိုယ်တွင်းအင်္ဂါများ ပျက်စီးခြင်း သို့မဟုတ် အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါတယ်။

မိမိတို့စားသုံးတဲ့ အစားအစာများ၊ ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများတွင် မှိုပေါက်ရောက်ကြီးထွားမှုကို ပိုမိုဖြစ်ပေါ်စေတဲ့ အချက်များအနက် အရေးကြီးတဲ့အချက်မှာ မမှန်ကန်တဲ့ သိုလှောင်မှု၊ အပူချိန်နှင့် စိုထိုင်းဆတို့ကြောင့်လည်း ဖြစ်ပေါ်တတ်ပါတယ်။ ထိုသို့ဖြစ်ပါက သိုလှောင်စဉ်အတွင်း မှိုကြီးထွားမှုနဲ့ အဆိပ်ထုတ်လုပ်မှု ပိုမိုဖြစ်ပေါ်နိုင်တယ်။ အဆိပ်အတောက်ဖြစ်စေသော မှိုအများစုက အပူချိန် (၄ မှ ၆၀) ဒီဂရီစင်တီဂရိတ်တွင် ပေါက်ပွားနိုင်ပါတယ်။ အများအားဖြင့် အဆိပ်ဖြစ်စေတဲ့ မှိုများဟာ စိုထိုင်းဆနိမ့်တဲ့ နေရာများမှာ ပိုမိုကြီးထွားနိုင်ပါတယ်။ စိုထိုင်းဆနိမ့်တဲ့ နေရာများသည် မှိုဆိပ်ကို ၈၃ ရာခိုင်နှုန်းထိ ပိုမိုထုတ်လုပ်ပေးနိုင်စွမ်းလည်း ရှိပါတယ်။

အဆိပ်ရှိမှိုများက သိုလှောင်ထားတဲ့အစားအစာတွေကို ပြန်လည်ပြုပြင်ထုတ်လုပ်ရန် မသင့်လျော်တဲ့အထိ ညစ်ညမ်းစေနိုင်ပါတယ်။ ဒါ့အပြင် ကောက်ပဲသီးနှံများ၊ အခွံမာသစ်သီးများ၊ ဟင်းသီးဟင်းရွက်များအပါအဝင် အော်ဂဲနစ်ဒြပ်အမျိုးမျိုးတွင် ရှင်သန်နေနိုင်ပါတယ်။ ဒါ့ကြောင့် အစားအစာများတွင် မှိုဆိပ်ပါဝင်မှုကိုတားဆီးထိန်းချုပ်ရန် မဖြစ်မနေလိုအပ်ပြီး အစားအစာနှင့် စိုက်ပျိုးရေးထွက်ကုန်အသီးသီးအတွက် သတ်မှတ်ထားသော အသင့်လျော်ဆုံးအပူချိန်၊ ရေငွေ့ပါဝင်မှုနဲ့ စိုထိုင်းဆ (Optimum Temperature, Moisture Content and Relative Humidity) တို့တွင် သင့်လျော်စွာ သိမ်းဆည်းခြင်းနဲ့ကိုင်တွယ်ခြင်းကို ပြုလုပ်ရန် ပညာရှင်များက ထောက်ခံအကြံပြုထားခြင်းဖြစ်ပါတယ်။

အဆိပ်ရှိမှိုများထဲမှ အပြင်းထန်ဆုံး မှိုမျိုးစိတ်များမှာ Aspergillus flavus, Aspergillus parasiticus နှင့် Aspergillus ochraceus အစရှိသည့် မှိုမျိုးစိတ်များပါဝင်ပါတယ်။ Aspergillus flavus နဲ့ Aspergillus parasiticus တို့က ကင်ဆာရောဂါကိုဖြစ်စေနိုင်တဲ့ မှိုဆိပ်အာဖလာတော့ဆင် (aflatoxin) ကိုထုတ်ပေးနိုင်ပြီး မြေပဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများနှင့် သစ်ပင် အစေ့များကို ဆိုးရွားစွာညစ်ညမ်းစေနိုင်ပါတယ်။ ဒါ့အပြင် အခွံမာသစ်သီးများ၊ ဟင်းသီးဟင်းရွက်များအပါအဝင် အော်ဂဲနစ်ဒြပ်စင်အမျိုးမျိုးမှာ ရှင်သန်နိုင်တယ်။ Aflatoxins ochraceus သည် ကျောက်ကပ်ပျက်စီးမှုနဲ့ ဆက်စပ်နေတဲ့မှိုဆိပ်တစ်မျိုးဖြစ်သော အော်ခရာတော့ဆင် (ochratoxin) ကို ထုတ်ပေးနိုင်ပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းများမှာ ကျရောက်တတ်သည့် အဓိကကျသော မှိုဆိပ်များမှာ Aflatoxin, Zeralenone, Ochartoxin, T-2 toxin, Deoxynivalenol, Fusarium moniliforme နှင့် Citrinin တို့ဖြစ်တယ်။ အာဖလာတော့ဆင် (aflatoxin) ကို အဓိကအားဖြင့် Aspergillus flavus နဲ့ Aspergillus parasiticus တို့မှ ထုတ်လုပ်ပေးပါတယ်။ Aflatoxin သည် နို့စားနွားများတွင် နွားနို့ထွက်နှုန်းကို ကျဆင်းစေသည့်အပြင် အရွယ်ရောက်ပြီးသူများတွင် အသည်းပျက်စီးစေခြင်း၊ ခုခံအား ကျဆင်းစေခြင်း၊ ကင်ဆာဖြစ်စေခြင်းကို ဖြစ်ပေါ်နိုင်ပါတယ်။

Zearalenone မှိုဆိပ်ကို အဓိကအားဖြင့် Fusarium နှင့် Gibberella မျိုးစိတ်တို့မှ ထုတ်လုပ်ပေးနိုင်ပါတယ်။ Fusarium ပန်းရောင်၊ Fusarium vulgaris, Fusarium triline နှင့် အခြား Fusarium တို့ကလည်း ၎င်းအဆိပ်ကို ထုတ်လုပ်နိုင်ပါတယ်။ Zearalenone က မဟော်မုန်းဆိုင်ရာ ဇီဝကမ္မဖြစ်စဉ်ကို ပြင်းထန်စွာ ထိခိုက်စေနိုင်တဲ့ အဆိပ်အတောက်တစ်ခုဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ သွေးတိုးရောဂါနှင့် ကလေးအသေမွေးခြင်း စတဲ့ရောဂါများ ခံစားရနိုင်ပါတယ်။ မွေးမြူရေးကဏ္ဍမှာလည်း မျိုးပွားမှုဆိုင်ရာများကို ထိခိုက်စေနိုင်ပါတယ်။

T-2 toxin သည် Fusarium tritheca မှိုအမျိုးမျိုးမှ ထုတ်လုပ်သော trichothecenes(TS) ဒြပ်ပေါင်းများထဲမှ တစ်ခုအပါအဝင်ဖြစ်တယ်။ ယင်းမှ လယ်ယာစိုက်ခင်းများနဲ့ ကောက်ပဲသီးနှံများကို ညစ်ညမ်းစေတဲ့ သာမန်အဆိပ်အတောက်တစ်ခုဖြစ်ပြီး လူနဲ့ တိရစ္ဆာန်တွေကို အန္တရာယ်ဖြစ်စေပါတယ်။ အဓိကအားဖြင့် ပြောင်း၊ ဂျုံနဲ့ မုယောများတွင် အဖြစ်များတာကိုလည်း တွေ့ရှိရပါတယ်။ ၎င်းတို့ဟာ တိရစ္ဆာန်များတွင် မျိုးပွားမှုစနစ်ကို ထိခိုက်စေပြီး မျိုးမပွားနိုင်ခြင်း၊ အစာစားသုံးမှု လျော့နည်းခြင်း၊ အော့အန်ခြင်း၊ သွေးဝမ်းလျှောခြင်းနဲ့ သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ကြက်၊ ငှက်များတွင်လည်း မျိုးဥထုတ်လုပ်မှု ကျဆင်းခြင်းနဲ့ ကိုယ်အလေးချိန်ကျခြင်းတို့ကို ဖြစ်နိုင်ပါတယ်။

Deoxynivalenol (DON) သည် အော့အန်စေသော မှိုဆိပ် (vomitoxin) အဖြစ်လူသိများပြီး Trichothecene Type B ဒြပ်ပေါင်းလည်းဖြစ်ပါတယ်။ Deoxynivalenol သည် အဖြစ်များတဲ့ အဓိက အဆိပ်အတောက်တစ်ခုဖြစ်ပြီး သိုလှောင်သီးနှံများမှာ အချိန်ကြာမြင့်စွာ တည်ရှိနိုင်သည့်အပြင် ပြင်းထန်တဲ့အပူချိန်ကိုလည်း ကောင်းစွာခုခံနိုင်စွမ်း ရှိပါတယ်။ အဓိကအားဖြင့် တိရစ္ဆာန်များ၊ ဂျုံ၊ ပြောင်းနှင့် မုယောတို့တွင် အဖြစ်များတာကို တွေ့ရှိရပါတယ်။ ၎င်းသည် တိရစ္ဆာန်မျိုးပွားနှုန်းကို လျော့ကျနိုင်ပြီး လူ၏ခန္ဓာကိုယ်တွင် သက်ရောက်မှုရှိခဲ့ပါက အာရုံကြောဆိုင်ရာ ချို့ယွင်းခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ အရေပြားယားယံခြင်းနဲ့ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ပျက်ကျနိုင်ခြင်း စတဲ့လက္ခဏာများ ခံစားရနိုင်ပါတယ်။ Fusarium moniliforme အဆိပ်အတောက်တွင် B1, B2, B3, B4, A1, A2 ဆိုပြီး အမျိုးအစား ခြောက်မျိုး ရှိပါတယ်။ ၎င်းတို့အနက် အဆိပ်ပြင်းထန်ဆုံးမှာ B1 နှင့် B2 ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization, WHO)၏ အချက်အလက်များအရ ကမ္ဘာ့ပြောင်းထုတ်လုပ်မှု၏ ၅၉ ရာခိုင်နှုန်းနှင့် ၎င်းနဲ့ထွက်ကုန်များသည် Fusarium vulgaris မှို အဆိပ်ကြောင့် ညစ်ညမ်းစေတယ်လို့ သိရှိရပါတယ်။ ၎င်းတို့ဟာ မြင့်မားတဲ့ အပူချိန်(၁၅၀) ဒီဂရီစင်တီဂရိတ်ထိ ခံနိုင်ရည်ရှိပါတယ်။ ဒါ့အပြင် တိရစ္ဆာန်အများစုမှာ ခုခံအားကျဆင်းမှု၊ အသည်းနှင့် ကျောက်ကပ်ပျက်စီးခြင်းကို ဖြစ်စေပါတယ်။ အဓိကအားဖြင့် Fusarium moniliforme က ဝက်များတွင် မျိုးမပွားနိုင်ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အဆုတ်ရောင်ခြင်းနှင့် သေဆုံးခြင်းတို့ကို ဖြစ်စေပါတယ်။

Citrinin မှိုဆိပ်က carboxyl အုပ်စုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ionic state နှင့် non-ionic state ဆိုပြီး ပုံစံနှစ်ခုရှိပါတယ်။ ယင်းမှိုဆိပ်သည် ကြာရှည်စွာ သိုလှောင်ထားသော အစားအစာများမှာ ပေါက်ဖွားပြီး ညစ်ညမ်းစေပါတယ်။ ကျောက်ကပ်၊ အသည်းနှင့် ဆဲလ်ကလာပ်စည်းများကို ပျက်စီးစေတဲ့ မှိုဆိပ်ကို ထုတ်လုပ်ပေးနိုင်ပြီး အများအားဖြင့် သိုလှောင်သီးနှံများအပြင် တစ်ခါတစ်ရံတွင် အသီးအနှံနှင့် အပင်ထွက်ပစ္စည်းများမှာ တွေ့ရှိနိုင်သော မှိုဆိပ်တစ်မျိုးဖြစ်ပါတယ်။

မိမိတို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ရာ လယ်ယာထွက်ကုန်သီးနှံများမှာ မှိုဆိပ်ကျရောက်မှုကင်းစင်ပြီး အရည်အသွေးကောင်းမွန်စေရန် Supply Chain တစ်လျှောက်လိုက်နာ ဆောင်ရွက်ရမည့် 'ကျင့်စဉ်ကောင်းများ'အတိုင်း အလေးထားဆောင်ရွက်သင့်ပြီး ရောဂါအန္တရာယ် ကင်းဝေးစေဖို့အတွက် နေ့စဉ်စားသုံးသော အစားအစာများကိုသာမက နေထိုင်ရာပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်ဖို့လိုအပ်ပါတယ်။ ထို့ကြောင့် 'ပြည်သူများကျန်းမာစေဖို့ မှိုဆိပ်အန္တရာယ်သတိပြုစို့'ဟူသည့်အတိုင်း စားသုံးသူပြည်သူများက တန်ဖိုးတစ်ခုဖြင့် ဝယ်ယူစားသောက်ကြရတဲ့ အစားအစာများမှာ မှိုဆိပ်ပါဝင်မှုမရှိစေရန်၊ သတိထားပြီး ဝယ်ယူသုံးစွဲတတ်စေရန်နှင့် မှိုဆိပ်အမျိုးမျိုးနဲ့တကွ ၎င်းတို့ကြောင့် ဖြစ်ပွားတတ်တဲ့ ရောဂါများကို သိရှိနားလည်နိုင်စေရန်ရည်ရွယ်ပြီး ရေးသားတင်ပြလိုက်ရပါတယ်။

## မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

မော်လမြိုင်မြို့၌ အောက်တိုဘာလ ဒုတိယပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင် (အနီ) ကျပ် ၁၀၅၀၀၊ ဆင်(ထိုင်း)ကျပ် ၁၀၆၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၀၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကွန်ပေါင်း(မြန်မာ့ဩဘာ ရွှေကောမက်) ၁၅း၁၅း၁၅ ၅၀ုပါ ပါတစ်အိတ်မှာ ကျပ် ၁၆၀၀၀၀၊ ကွန်ပေါင်း 20;12;12 50kg ပါတစ်အိတ်မှာ ကျပ် ၁၃၉၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15;15;15 50kg ပါတစ်အိတ်မှာ ကျပ် ၁၇၀၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ်မှာ ကျပ် ၈၈၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ ၁ ပုလင်းမှာ ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်းတွင် ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ပုလဲ(အကြီး) ၄၆%ထိုင်း(မြင်းပျံ)နှင့် ပိုတက် (အာမို) အမျိုးအစားများမှာ ဈေးကွက်တွင် ပြတ်လပ်နေကြောင်းသိရှိရသည်။

မွန်ပြည်နယ်တွင် အောက်တိုဘာလဆန်းမှစ၍ ရော်ဘာစေး ခြစ်ခြင်းလုပ်ငန်းစတင်ရန်အတွက် ပြင်ဆင်နေသည်။ မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေပြီး ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 ကျပ် ၁၀၈၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၁၀၀ ခဲ့ပြီး အောက်တိုဘာ ၅ ရက် မှ ၉ ရက်ထိ ရော်ဘာဈေးနှုန်းမှာ RSS-3 ကျပ် ၁၆၃၀၊ RSS-5 ကျပ် ၁၆၀၀ ရှိနေကြောင်း သိရသည်။ ယခင်တစ်ပတ် အလားတူကာလ RSS-3 ကျပ် ၁၇၀၀၊ RSS-5 ကျပ် ၁၆၇၀ နှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၇၀ ခန့်ဈေးကျပြီး ယခင်နှစ်အလားတူကာလ RSS-3 ကျပ် ၁၅၁၀၊ RSS-5 ကျပ် ၁၄၆၀ ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၉၀ ခန့်ဈေးနှုန်း တက်လာကြောင်း သိရသည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50Kg) ပါ တစ်ထုပ်လျှင် ကျပ် ၁၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၅၀၀၀၊ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ (50Kg) ပါ တစ်ထုပ်လျှင် ကျပ် ၂၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၅၅၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ် (မွန်)**




Colour Care Business Group Co.,Ltd.
Colour Care Business Group
Mr. Snack
BITA
No.(18),U Phoe Hlaing Street, Industry (3), Shwe Pyi Thar Township, Yangon.
(Ygn) 09-260260117, 09- 260260118, 09-250029011, 09-969700778, 09-980708320
(Mdy) 09-260260114, 09-260260116




CANOPUS
Myanmar Company Ltd
Touching Your Life With Care . . . .
NERVE
• Methyl cobalamin 700mcg
• Alpha Lipoic acid 100mg
• Multi vitamins
ZEST AZ
Haematinic Capsules With Vitamins, Amino Acids, Zinc and Copper
Auginal
• Clindamycin 100mg
• Clotrimazole 100mg
(Vaginal Suppositories)
FEROFOL
• Ferrous Fumarate 162mg
• Folic Acid 0.75mg
• Vitamin B 12 10mcg
Canogrow Syrup
• Multi vitamins
• Minerals
(Orange Flavor Syrup)
COXWIN®200
Celecoxib....200mg
Canogrow 3 in 1
• Calcium Hydro phosphate 200mg
• Lysine Hydro chloride 40mg
• Taurine 35mg
MOXICOR C 625
Amoxicillin and Potassium Clavulanate Tablets
CleaVit
Multi vitamins & Minerals Capsule
Complete Healthcare Products . . . .
Distributed by : CANOSTAR Ventures Co., Ltd.
Room No. 5, Building B, Shwe Nguwar Street, Shwe Sable Yeik Mon Housing, Kamayut Township, Yangon.
Tel : 01 535399, 09 421179708, 09 421063744




NORTH POLE INTERNATIONAL CO., LTD.
STEEL TRADING & GENERAL IRON INDUSTRY
AUNG STEEL TRADING
OUR CONTACT
09-5158126, 09-5096005, 09-5050373
01-591789, 01-8100633, 01-8100241, 01-8100847
ANGLE COLOR ROOFING SHEET, PPGI COIL, EGI COIL, GI COIL, DECKING SHEET, GI SHEET
BELGIUM SHEET, PC WIRE, CHEQUER PLATE SHEET, I BEAM, H BEAM, U BEAM,
GI HOLLOW, MILD STEEL HOLLOW, DEFORMED BAR, POLISH SHUT, GI PIPE, MILD STEEL PIPE,
ANGLE BAR, FLAT BAR, LIP CHANNEL, Z CHANNEL, AIR VENTILATOR

WECO
Eco Energy
WECO ENERGY WOODPELLET
Ph:095168959
We serve cooperation and demand in medium and large capacity for local needs.
Email : mslwoodpellet@gmail.com

# SINOPEC




**Authorized Distributor: 777-1 EXPORT IMPORT COMPANY LIMITED**

**Yangon:**
**No.(59-60), Hlay Thin Ah Twin Wun U Chain Street,**
**Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.**
**Tel:09-454511112,454511113,454511114**

**Mandalay:**
**PaPa(21/1), Corner of 135 (Yaw Min Gyi) Street & 66 Street,**
**Industrial Zone(1), Mandalay, Myanmar.**
**Tel:02-5154403,5153970,5152224,5153100,5152117**

UMH
COMPANY LIMITED


# U M H COMPANY LIMITED

**SAFETY PARTS**
**AIR BAG CUSHION PRODUCTION**





**GPM & ALARDDIN**
**uPVC WINDOW & DOOR PROFILE MANUFACTURING**




GPM
uPVC Production Expert
Best quality.

ALARDDIN
uPVC PROFILE KING

Phone : 01 703179 , 3611702 , 3611703
Mobile : 09 420131145
E mail : starrewygn@gmail.com
Address : No, (538-A), Block 28, No.4 Highway Road,
Shwe Pyi Thar Township, Yangon, Myanmar.



# မူဆယ်နယ်စပ် ရေထွက်ကုန်တင်ပို့မှုများ ဖွံ့ဖြိုးတိုးတက်မှုမှသည် တရုတ်နိုင်ငံအတွက် အဓိကရေထွက်ကုန် ဈေးကွက်ကြီးတစ်ခုဖြစ်လာစေရေး

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်

မြန်မာ့ပို့ကုန်ကဏ္ဍတွင် ရေထွက်ပို့ကုန်သည် အရေးပါသည့် ကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။လက်ရှိတွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပါသည်။ အဓိကအားဖြင့် ဈေးကွက်ကြီး လေးခုဖြစ်သည့် အရှေ့အလယ်ပိုင်း၊ ဆော်ဒီအာရေဗျ၊ ထိုင်းနှင့် တရုတ်ဈေးကွက်တို့ကို တင်ပို့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေထွက်တင်ပို့မှု ၄၅ ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းကြားကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ ရေငန်ငါးပြီးလျှင် ငါးရှဉ့် (အရှင်)နှင့် ကဏန်း(အရှင်)တို့ အများဆုံးတင်ပို့ကြောင်း တင်ပို့မှု ကိန်းဂဏန်းများအရ သိရှိရသည်။ တရုတ်နိုင်ငံသည် မြန်မာ့ရေထွက်ပစ္စည်းများအတွက် ဒုတိယမှီခိုအားထားရာ ဈေးကွက်တစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅၏ အဓိကဦးစားပေးကဏ္ဍ(၈)ခုတွင် ရေထွက်လုပ်ငန်းကဏ္ဍသည် စတုတ္ထမြောက် ဦးစားပေးကဏ္ဍတွင် ပါဝင်နေပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ရေထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ရေလမ်း၊ လေကြောင်းလမ်းမှတင်ပို့ခြင်းအပြင် ကုန်းလမ်းဖြစ်သည့် တရုတ်နယ်စပ်ပေါက်များမှလည်း တင်ပို့လျက်ရှိသည်။ ကိုဗစ် ကပ်ရောဂါကာလတွင် တရုတ်နယ်စပ်ပေါက်များ ယာယီပိတ်ပင်ခဲ့မှုကြောင့် မူဆယ်နယ်စပ်မှ အများဆုံး တင်ပို့ခဲ့သော ငါးရှဉ့်၊ ကဏန်းတို့ကို လေကြောင်းလိုင်းမှ တင်ပို့မှုရှိခဲ့သည်။

ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ကဏန်းများကို ရန်ကုန်ရှိ အဝယ်ဒိုင်များတွင် စုဆောင်းပြီး တရုတ်နယ်စပ်သို့ ရန်ကုန်-မန္တလေး လမ်းကြောင်းနှင့် ရန်ကုန်-ကူမင်းလေကြောင်းတို့ဖြင့် တင်ပို့လျက်ရှိသည်။ နယ်စပ်တင်ပို့မှုတွင် ကဏန်း(အရှင်)များကို လေပေါက်ဖောက်ထားသည့် ဖော့ဖာများတွင် ရေခဲဘူးများထည့်သွင်း၍ ခြောက်ဘီးယာဉ်ဖြင့်လည်းကောင်း၊ ငါးရှဉ့်(အရှင်)များကို ဖော့ဖာတွင် ရေထည့်၍ ခြောက်ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီး စသည့်ယာဉ်အမျိုးမျိုးဖြင့်လည်းကောင်း သယ်ဆောင်ကြပြီး အရည်အသွေး လက်ဆတ်ကောင်းမွန်စေရန်နှင့် အသေ/အမျော့နည်းပါးစေရန် မန္တလေးတွင် တစ်ကြိမ်၊ မူဆယ်တွင် တစ်ကြိမ် ရေလဲလှယ်ပေးရကြောင်း၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိချိန်တွင်လည်း ထပ်မံ၍ ရေလဲလှယ်ပေးရကြောင်း ကဏန်း၊ ငါးရှဉ့် တင်ပို့သူများထံမှ သိရှိရသည်။

မူဆယ်နယ်စပ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိချိန်တွင် အသေ/အရှင် ပြန်ရွေးပြီး ကဏန်းအရှင်များကို ဝမ်တိန်မြို့မှ တစ်ဆင့် မန်စီလေဆိပ်သို့ တင်ပို့ပြီး လေယာဉ်ဖြင့် ကူမင်း၊ ကွမ်ကျိုး ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။ ကဏန်း၊ ငါးရှဉ့် တင်ပို့ရာတွင် (၁)ရက်လျှင် တန်ချိန် ၄၀ မှ ၅၀ ဝန်းကျင်အထိ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံ၏ လမုန့်စားပွဲတော်နေ့၊ အမျိုးသားအောင်ပွဲနေ့၊ May Day နေ့၊ အင်္ဂလိပ်နှစ်သစ်ကူးနေ့၊ တရုတ်နှစ်သစ်ကူးနေ့များနှင့် တရုတ်အမျိုးသား အထိမ်းအမှတ်နေ့များတွင် ကဏန်းနှင့် ငါးရှဉ့်မှာ ဈေးကောင်း ပိုမိုရရှိကြောင်း၊ ဈေးကွက်ရောက်ရှိသည့်အချိန် A, B, C ဆိုဒ်ခွဲ၍ ဆိုဒ်အလိုက် ကဏန်း(၂၅)ကီလို တစ်ဖာလျှင် ယွမ် ၃၅၀ မှ ၆၀၀နီးပါးထိ ဈေးရကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ကူမင်းသို့ ကဏန်းရောင်းကုန် အဝင်ရှိလျှင် ဈေးမရဘဲ ကုန်အဝင်မရှိလျှင် မြန်မာ့ကဏန်းမှာ ဈေးကောင်းရရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

၂၀၁၉ခုနှစ် မတိုင်မီ မြန်မာ့ရေထွက်ကုန်ပစ္စည်းသည် တရုတ်နိုင်ငံတွင် ဈေးကွက်တစ်ခု ခိုင်မာမှုရရှိခဲ့သော်လည်း ၂၀၁၉ နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တရုတ်နယ်စပ်ဂိတ်များ ယာယီပိတ်ထားချိန်တွင် လေကြောင်းလိုင်းမှတင်ပို့ခဲ့ရာ ကုန်ကျစရိတ် နှစ်ဆကြီးမြင့်ခြင်း၊ လေယာဉ်နေရာရရှိမှု အခက်အခဲများခြင်းတို့ကြောင့် တင်ပို့လိုသည့်ပမာဏအတိုင်း မတင်ပို့နိုင်ခြင်း စသည့် အခက်အခဲအချို့ကြုံတွေ့ခဲ့ရသော်လည်း ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း ပြန်လည်တင်ပို့ခွင့်ရရှိချိန်တွင် လေကြောင်းလိုင်းတင်ပို့မှုမှ နယ်စပ်လမ်းကြောင်းဖြစ်သော မန္တလေး-လားရှိုး-မူဆယ်လမ်းကြောင်းဖြင့် ပြန်လည်တင်ပို့လာနိုင်ခဲ့သည်။

တရုတ်နယ်စပ်ထွက်ပေါက်ဖြစ်သည့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ရေထွက်တင်ပို့မှုတွင် ငါးမျိုးစုံ၊ ငါးရှဉ့်၊ ကဏန်းတင်ပို့မှုမှာ အဓိကအရေးပါသည့် ပို့ကုန်ဖြစ်သည်။ စစ်တွေ၊ အမ်း၊ ပဲခူး၊ ရန်ကုန်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှထွက်ရှိသော ငါးရှဉ့်များကို အဝယ်ဒိုင်များမှတစ်ဆင့် ဝယ်ယူပြီး တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အရောက် ရေလှယ်ခ အပါအဝင် (၄၀)ကီလိုတစ်ဖာ ကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ဝန်းကျင်ထိ ကုန်ကျစရိတ်ရှိပြီး တစ်ဖက်နိုင်ငံ ကူမင်းဈေးကွက်သို့ ရောင်းချရာတွင် တစ်ကီလို (၂၅) ယွမ်မှ ယွမ်(၃၀)ထိ ရနိုင်သဖြင့် ငါးရှဉ့်ကုန်သည်များ တွက်ခြေကိုက်နေကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်သွင်းမှုအတွက် ဒေသဖွံ့ဖြိုးရေးအခွန်အပါအဝင် ၇% မှ ၁၀% အထိ ပေးဆောင်ရန် သတ်မှတ်ထားသော်လည်း အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသအတွက် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် CO Form (Form E) ရယူ၍ တင်ပို့ပါက အခွန်သက်သာခွင့်ရသဖြင့် လုပ်ငန်းရှင်များအတွက် အကျိုးအမြတ် ပိုမိုရရှိနေကြောင်း သိရှိရသည်။

ကိုဗစ်ရောဂါ မဖြစ်ပွားမီကာလက မူဆယ်နယ်စပ်မှတစ်ဆင့် ရေထွက်တင်ပို့မှုတွင် အေးခဲ ငါးမျိုးစုံ၊ အေးခဲပုစွန်နှင့် အခြား ရေထွက်များဖြစ်သည့် ငါးလေးခြောက်၊ ပုစွန်ဖွဲ့၊ ကင်းမွန်ခြောက်၊ ပြည်ကြီးငါးခြောက်၊ ငါးဆားနယ်၊ ငွေးပုစွန်ခြောက်တို့ တင်ပို့မှုရှိခဲ့သည်။ လက်ရှိကာလ ငါးမျိုးစုံ တင်ပို့မှုတွင် ငါးတံခွန်၊ ငါးတီး၊ ငါးနီတူငါးများ၊ ရေငန်ပုစွန်တင်ပို့မှုတွင် Pink, White နှင့် Tigers အမျိုးအစားများ အများဆုံးတင်ပို့ခဲ့သည်။ ယခုနှစ်တွင် တရုတ်အကောက်ခွန်မှ ထုတ်ပေးသော General Administration of Chinese Customs-GACC လက်မှတ်ရရှိမှသာ တင်သွင်းခွင့်ပြုသဖြင့် GACC ရရှိထားသော ဟိန်းနဒီအောင်ကုမ္ပဏီမှ ကဏန်း၊ ငါးရှဉ့်တို့ကိုသာ အများဆုံးတင်ပို့လျက်ရှိသည်။

လက်ရှိဘဏ္ဍာနှစ်တွင် နေ့စဉ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်သို့ ကဏန်းကားစီးရေ ခြောက်စီးမှ ၁၀ စီးထိ ဝင်ရောက်မှုရှိပြီး ငါးရှဉ့်ခြောက်စီးမှ ခုနစ်စီးထိ တန်(၄၀ မှ ၅၀)ဝန်းကျင်ခန့် ဝင်ရောက်မှုရှိပါသည်။ ၂၀၂၃ ခုနှစ် ဧပြီလမှ ဩဂုတ်လထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ပုစွန်(၁၄၁. ၇၆၇) တန်၊ ကဏန်း (၃၉၂၃. ၈၆) တန်၊ ငါးရှဉ့် (၆၂၈၃. ၄၀)တန် တင်ပို့နိုင်ခဲ့သည်။

### ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဩဂုတ်လထိ) မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်တင်ပို့မှု အခြေအနေ

| စဉ် | ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး အမေရိကန်ဒေါ်လာ (သန်း) | ရာခိုင်နှုန်း ကုန်သွယ်မှုပမာဏ (%) |
|---|---|---|---|---|
| ၁ | ၂၀၁၉-၂၀၂၀ | ၁၃၂၆၈၀.၃၇၈ | ၁၇၃.၅၆၉ | ၅.၆၉ |
| ၂ | ၂၀၂၀-၂၀၂၁ | ၅၀၁၇၆.၂၁၄ | ၇၅.၁၃ | ၂.၁၇ |
| ၃ | ၂၀၂၁-၂၀၂၂ | - | - | - |
| ၄ | ၂၀၂၂-၂၀၂၃ | ၂၁၂၇၈.၀၃၅ | ၇၃.၂၂၅ | ၃.၄ |
| ၅ | ၂၀၂၃-၂၀၂၄ (ဩဂုတ်လထိ) | ၂၅၃၁၄.၆၁၇ | ၅၀.၇၃၇ | ၆.၈ |

၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် တရုတ်နယ်စပ်ဂိတ်များမှ ရေထွက်ကုန်များ ပြန်လည်တင်ပို့ခွင့်ရရှိချိန်တွင် မူဆယ်ဒေသ နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိ၍ လေကြောင်းလိုင်းမှသာ တင်ပို့မှုများကြောင်း စုံစမ်းသိရှိရသည်။ ကုန်ဝယ်နိုင်ငံများ၏ စံချိန်စံညွှန်းသတ်မှတ်ချက် သို့မဟုတ် လိုအပ်ချက်အတိုင်း တင်ပို့နိုင်ရန် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ် လျှောက်လုံး စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး နိုင်ငံ၏ထွက်ကုန် အရည်အသွေးမြှင့်တင်ရန် နည်းပညာနှင့်အရင်းအနှီးလည်း အထိုက်အလျောက် လိုအပ်သည်။

မူဆယ်နယ်စပ်နှင့်အနီးစပ်ဆုံး တရုတ်နိုင်ငံ ကူမင်းရေထွက်ကုန်ဈေးကွက်တွင် မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများသာမက ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံမှလည်း ဝင်ရောက်မှုရှိရာ အရည်အသွေး လတ်ဆတ်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တင်ပို့နိုင်မှသာ ဈေးကွက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ဈေးကွက်ရရှိပြီးဖြစ်သည့် ငါးရှဉ့်၊ ကဏန်းကို အရည်အသွေး လတ်ဆတ်ကောင်းမွန်စေရေး နည်းပညာများ မြှင့်တင်ဆောင်ရွက်နိုင်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်သည့်တရုတ်နိုင်ငံတွင် မြန်မာ့ရေထွက်ကုန်များ ဈေးကွက်ဝေစုကြီးထွားလာစေရေးအတွက် ထုတ်လုပ်မှုနည်းပညာ အဆင့်မြှင့်တင်ရုံသာမက အချိန်တိုအတွင်း ဈေးကွက်အတွင်း ရောက်ရှိနိုင်ရေး၊ ကုန်ကျစရိတ် လျှော့ချနိုင်ရေးတို့ကို ဝိုင်းဝန်းပံ့ပိုးပေးရမည်ဖြစ်သည်။ ရေထွက်ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်ရေး လိုအပ်သောအရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေ ထုတ်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးခြင်းဖြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်(Supply Chain) တစ်လျှောက်လုံး တရုတ်နိုင်ငံမှ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး မွေးမြူရေးလုပ်ငန်းရှင်၊ ကုန်သည်လုပ်ငန်းရှင်နှင့်အစိုးရတို့ ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါမည်။ နိုင်ငံအတွင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်တို့မှ သဘာဝအတိုင်းထွက်ရှိသော ကဏန်း၊ ငါးရှဉ့်များကိုသာမက မွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်ပြီး နည်းပညာပိုင်းအဆင့်မြှင့်တင် ဆောင်ရွက်ကြဖို့ တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။

တရုတ်နယ်စပ်မူဆယ်မှ တင်ပို့သော ရေထွက်ကုန်များ တရုတ်နိုင်ငံ ကူမင်းဈေးတွင် ဈေးနှိမ်မခံရဘဲ ဈေးကွက်ဝေစု ပိုမိုတိုးချဲ့နိုင်ရေး မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသ၍လည်းကောင်း၊ စီးပွားရေးသံမှူးများမှတစ်ဆင့် တရုတ်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍လည်းကောင်း ဈေးကွက်ရှာဖွေ ဆောင်ရွက်ပေးရန်လည်း လိုအပ်သည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Conversion and Exhibition Center တွင် ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲတွင် မြန်မာ့လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် မြန်မာကုမ္ပဏီများနှင့် တရုတ်အခြေစိုက်ကုမ္ပဏီများ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရှိရသဖြင့် မြန်မာ့ရေထွက်ကုန်များ ဈေးကွက်ဝေစု ပိုမိုရရှိလာပြီး တင်ပို့မှု ပိုမိုလာနိုင်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

# မြဝတီ-မောတောင်-ပရာကျွတ်ကရီခန် လမ်းအား အသုံးပြု၍ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ ဗိတ်ဖက် ကုန်သွယ်မှုကြီး ပိုပြင်စွာ ဖြစ်ပေါ်လာစေရေး

မြန်မာနိုင်ငံပတ်ဝန်းကျင်ရှိ ဖွံ့ဖြိုးမှုအရှိန်ရလျက်ရှိသော စက်မှုထွန်းသစ်စနိုင်ငံများကို လေ့လာပါက ပို့ကုန်ဦးစားပေး စီးပွားရေးပုံသဏ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ပြည်ပတွင် ဈေးကွက်ရှာဖွေထိုးဖောက်ခြင်း၊ အရည်အသွေးမြင့် တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်စေရန် ကြိုးပမ်းအားထုတ်ခြင်း၊ ဈေးကွက်ရှိသည့် ကုန်စည်များ အရည်အသွေးရော အရေအတွက်ပါ တိုးတက်ထုတ်လုပ်ခြင်း၊ မျိုးတူကုန်ပစ္စည်းပြိုင်ဆိုင်မှုတွင် မိမိ၏ ဈေးကွက်ဖောက်သည်များ တခြားသို့ မပြောင်းဘဲ မိမိထံ၌သာ စွဲမြဲစွာတည်ရှိနေစေရန် နည်းအမျိုးမျိုးဖြင့် ဆွဲဆောင်သိမ်းသွင်းခြင်း စသည့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ် ဟန်ချက်ညီညီပူးပေါင်း၍ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေးသည့်အနေဖြင့် အဓိကပို့ကုန်ကဏ္ဍများဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စသည့်လယ်ယာဉယျာဉ်ခြံထွက်ပစ္စည်းများ၊ ရေချိုရေငန်ထွက်ပစ္စည်းများ၊ ရော်ဘာ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ပို့ကုန်ကဏ္ဍအလိုက် အရေအတွက်သာမက အရည်အသွေးပိုင်းပါ မြှင့်တင်၍ နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေ တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်မြို့ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ရေထွက်ပစ္စည်းများ ပရာကျွတ်ကရီခမ်ခရိုင်၊ ဆင်ခွန်းနယ်စပ်စခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိပြီး ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိသည်။

မောတောင်ဒေသနှင့် ပရာကျွတ်ကရီခမ်ခရိုင်တို့နှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ စတင်နိုင်ရန်အတွက် (မောတောင်) နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုစတင်ခြင်း အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ မေ ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ထိုင်းနိုင်ငံ ပရာကျွတ်ကရီခမ်ခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာဝိစီရပ်စီဝပ်ထာနာရ်တတ်ကွန်းတို့မှ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

**မောတောင်ကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ကုန်သွယ်မှုအခြေအနေ**

| စဉ် | ဘဏ္ဍာနှစ် | ကုန်သွယ်မှုပမာဏတန်ဖိုး (အမေရိကန်ဒေါ်လာ) |
|---|---|---|
| ၁ | ၂၀၁၃-၂၀၁၄ | ၁.၉၈၆ |
| ၂ | ၂၀၁၅-၂၀၁၆ | ၂.၅၂၂ |
| ၃ | ၂၀၁၆-၂၀၁၇ | ၃.၂၆၅ |
| ၄ | ၂၀၁၈-၂၀၁၉ | ၁၉.၀၈၆ |
| ၅ | ၂၀၁၉-၂၀၂၀ | ၁၈.၈၄၀ |
| ၆ | ၂၀၂၁-၂၀၂၂ | - |
| ၇ | ၂၀၂၂-၂၀၂၃ | ၁၇.၃၇၄ |

မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ် တရားဝင်ဖွင့်လှစ်မည်ဆိုပါက မောတောင်မြို့သည် မြိတ်မြို့နှင့် ၁၁၈ မိုင်ခန့်၊ တစ်ဖက်နိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်မြို့နှင့် ၃၂ ကီလိုမီတာခန့်သာ ကွာဝေးသောနေရာတွင် တည်ရှိပြီး ယခင်က မြိတ်မြို့မှ ရေထွက်ကုန်ပစ္စည်းများ တစ်ဖက် ထိုင်းနိုင်ငံသို့ တင်ပို့လိုပါက မြိတ်မြို့မှတစ်ဆင့် ကော့သောင်းမြို့ ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သင်္ဘောဖြင့်

## မြိတ်ကုန်သွယ်ရေးစခန်း

သွားလာတင်ပို့ရသဖြင့် ရေလမ်းခရီး အကွာအဝေးအရ ရာသီဥတု ကောင်းမွန်ပါက ၁၂ နာရီမှ ၁၄ နာရီခန့်အထိ ကြန့်ကြာမှုရှိနေခြင်း၊ ရနောင်းမြို့မှတစ်ဆင့် ပရာကျွတ် ကရီခန်မြို့သို့ ကားဖြင့် လေးနာရီကျော်ခန့် သွားလာရသဖြင့် စုစုပေါင်း ၁၆ နာရီမှ ၁၈ နာရီခန့် ကြန့်ကြာမှုရှိနေခြင်းတို့ကြောင့် မိမိတို့နိုင်ငံမှတင်ပို့သည့် ရေထွက်ပစ္စည်းများ အရည်အသွေးကျဆင်းခြင်း၊ သယ်ယူစရိတ်ကြီးမြင့်ခြင်းများကြောင့် တစ်ဖက်ထိုင်းနိုင်ငံ ကုန်သည်များမှ ဈေးနှိမ်ဝယ်ယူသဖြင့် မိမိကုန်သည်လုပ်ငန်းရှင်များ ရသင့်ရထိုက်သည့် အကျိုးအမြတ် မရရှိဘဲ ထိခိုက် နစ်နာမှုများ ကြုံတွေ့ခဲ့ကြရပြီး ယခုအခါ မြိတ်-မောတောင် ကားလမ်းမှတစ်ဆင့် တင်ပို့ပါက အချိန်လေးနာရီခန့်ဖြင့် ထိုင်းနိုင်ငံအတွင်းသို့ အရောက်တင်ပို့နိုင်သဖြင့် အချိန်ကြန့်ကြာမှုနှင့် ရေထွက်ပစ္စည်းများ အရည်အသွေးကျဆင်းမှုကို ကျော်လွှားနိုင်ကာ ထိုက်သင့်သည့် အကျိုးအမြတ်များ ပိုမိုရရှိခဲ့သည်။ မြိတ်မြို့မှ မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းကြားရှိ တနင်္သာရီမြို့နှင့် လမ်းခရီးတစ်လျှောက်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာပြီး ကျေးရွာနေပြည်သူများ စီးပွားရေးအမြင်ဖွံ့ဖြိုးတိုးတက်လာသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်သည်။ ထို့အပြင် မောတောင်နယ်စပ်စစ်ဆေးရေးဂိတ် တည်ရှိနေခြင်းဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ထိုင်းနိုင်ငံတို့အား အနီးစပ်ဆုံးနှင့် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်ပေးနိုင်သည့် အဓိကဆက်သွယ်ရေးလမ်းမကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်မည့်အပြင် နိုင်ငံခြားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရှာဖွေပေးနိုင်သည့် အကျိုးကျေးဇူးများကို ရရှိလာနိုင်မည်ဖြစ်သည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မျက်နှာချင်းဆိုင် တစ်ဖက် ထိုင်းနိုင်ငံ ဆင်ခွန်း စစ်ဆေးရေးဂိတ်ကို မြဝတီနှင့် တစ်ဖက် မဲဆောက်ကဲ့သို့ အကောက်ခွန်စစ်ဆေးရေးစခန်းအဖြစ် ထိုင်းနိုင်ငံက ခွင့်ပြုလိုက်ပါက မောတောင်-မြိတ်ကားလမ်းသည် Container ကုန်တင်ယာဉ်ကြီးများ အလွယ်တကူ သွားနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သည့်အပြင် ထိုင်းနိုင်ငံဘက်ရှိ ပရာကျွတ်ကရီခန်၌လည်း ရေနက်ဆိပ်ကမ်း ဆောက်ပြီးဖြစ်သောကြောင့် မြိတ်ဒေသ၌ပါ ရေနက်ဆိပ်ကမ်းဆောက်နိုင်ပြီး Transit Trade ကို ကောင်းစွာပြုလုပ်နိုင်သည့် (မလက္ကာရေလက်ကြား စင်ကာပူသို့ ဝင်စရာမလိုဘဲ ကုန်သွယ်မှုဆောင်ရွက်နိုင်သည့်) ကုန်သွယ်မှု စကြိုကြီးဖြစ်သွားမည့်အပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ရေနက်ဆိပ်ကမ်းနှင့်အတူ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်ကြီးများကို ကောင်းစွာတည်ဆောက်နိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

မောတောင်ကုန်သွယ်ရေးစခန်းနှင့် ထိုင်းနိုင်ငံ ဆင်ခွန်း အကောက်ခွန်စခန်းကို တရားဝင် ကုန်သွယ်မှုလမ်းကြောင်းဖွင့်ရန်အပိုင်းတွင် မောတောင်ဒေသ နယ်နိမိတ်တိုင်းတာမှု အပိုင်း၌ ကြန့်ကြာမှုများဖြစ်နေကြောင်း သိရှိရသည်။ ထိုင်းဘက်နှင့် နယ်နိမိတ်ကိစ္စ ရှင်းလင်းအောင် ဆောင်ရွက်ရန် လိုအပ်သဖြင့် နိုင်ငံနယ်နိမိတ်တိုင်းတာရေးနှင့် သက်ဆိုင်သောဌာနနှင့် တစ်ဖက်ထိုင်းနိုင်ငံဘက်က နယ်နိမိတ်တိုင်းတာရေးတို့ အမြန်သဘောတူညီရရှိရေး ကွင်းဆင်းတိုင်းတာရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

မောတောင်နယ်စပ်စစ်ဆေးရေးဂိတ်သည် စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ယနေ့အထိ အထူးယာယီစစ်ဆေးရေးဂိတ်အဆင့်သာ တည်ရှိနေသောကြောင့် တတိယနိုင်ငံသားများ ဝင်/ထွက်သွားလာခွင့်မရှိဘဲ နှစ်ဖက်နိုင်ငံသားများသာ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass-TBP)၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BorderPass-BP)တို့ဖြင့် ဖြတ်သန်းသွားလာလျက်ရှိသည်။

အမြဲတမ်းဂိတ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက တတိယနိုင်ငံသားများပါ ဝင်/ထွက်သွားလာခွင့် ရရှိမည်ဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာမည့်အပြင် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၉ သို့**

## ပြည်ပဆန်ဈေးနှုန်းများ

၄-၁၀-၂၀၂၃ မှ ၁၀-၁၀-၂၀၂၃ ထိ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 560 - 565 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 540 - 550 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 575 - 585 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 565 - 575 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 560 - 565 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 550 - 555 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 560 - 565 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 545 - 555 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 575 - 585 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 565 - 575 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 560 - 565 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 545 - 555 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 560 - 565 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 545 - 555 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 615 - 625 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 605 - 615 | |
| 24 | A-1 , 2 (Sortexed) | 455 - 465 | |
| 25 | B-1 , 2 (Sortexed) | 445 - 455 | |
| 26 | B-1,2 (Non-Sortexed) | 430 - 445 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၆-၂၀၂၃)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၅၂၀၀ | ၁၄၀၀၀ | ↑ | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၀၀ | ၅၆၀၀ | - |
| ရန်ကုန် | ၁၄၀၀၀ | ၁၄၀၀၀ | ↑ | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၀၀ | ၅၆၀၀ | - |
| မန္တလေး | ၁၅၀၀၀ | ၁၅၀၀၀ | ↑ | ၁၃၅၀၀ | ၁၃၅၀၀ | - | ၅၆၅၀ | ၅၆၅၀ | - |
| ပဲခူး | ၁၅၅၀၀ | ၁၅၅၀၀ | ↑ | ၁၄၅၀၀ | ၁၄၅၀၀ | - | ၄၇၀၀ | ၄၇၀၀ | - |
| မကွေး | ၁၁၅၀၀ | ၁၄၅၀၀ | ↑ | ၁၁၅၀၀ | ၁၄၅၀၀ | ↑ | ၆၇၀၀ | ၆၇၀၀ | - |
| မုံရွာ | ၁၄၅၀၀ | ၁၃၅၀၀ | ↓ | ၁၃၀၀၀ | ၁၁၀၀၀ | ↓ | ၄၆၀၀ | ၇၄၀၀ | ↑ |

# မွေးမြူရေး ရေထွက်ကုန်များကို တရုတ်သို့ GACC နည်းလမ်းဖြင့် တရားဝင်တင်ပို့မည်

ပြည်တွင်းမှ မွေးမြူရေး ရေထွက်ကုန်များကို တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)နည်းလမ်းဖြင့် တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့တော့မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေနှင့် ယခင်က သဘာဝ ရေထွက်ကုန်များကိုသာ တင်ပို့ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလအတွင်း နှစ်နိုင်ငံဆွေးနွေးမှု သဘောတူညီချက်များအရ မွေးမြူရေး ရေထွက်ကုန်များကိုပါ တရုတ်နိုင်ငံသို့ တရားဝင် GACC နည်းလမ်းဖြင့် တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

"အခုဆို တရုတ်နိုင်ငံရဲ့ Food Safety Law က ၂၀၂၁ ခုနှစ်မှာ အသက်ဝင်လာတာ။ သူတို့နိုင်ငံထဲ တင်သွင်းတဲ့ စားသောက်ကုန်စည်တွေအပေါ် သေချာလေး ကြီးကြပ်မှုစနစ်ရှိလာခဲ့တယ်။ တရုတ်နိုင်ငံကို တင်ပို့မယ်ဆိုရင် သူတို့နိုင်ငံရဲ့ လိုအပ်ချက် စံချိန်စံညွှန်းနဲ့အညီ စဉ်ဆက်မပြတ် ပို့နိုင်ဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက အောက်တိုဘာ ၆ ရက်တွင် ပြောသည်။

တရုတ်ဈေးကွက်သို့ ရေရှည်တင်ပို့နိုင်ရန်ဆိုပါက သတ်မှတ်ထားသည့်စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်အညီ မွေးမြူထုတ်လုပ်တင်ပို့ရန် လိုအပ်သည်ဟု ဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံက ထွက်ရှိသည့် ရေထွက်ကုန် ၃၀ ရာခိုင်နှုန်းဝန်းကျင်ကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံသည် မြန်မာ့ရေထွက်ကုန်တင်ပို့မှု၏ အဓိက ဈေးကွက်တစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု တန်ချိန် ၁၇၅၀၀၀ ကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၂၇၆ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

♦

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အဆင့်နိမ့်အသားကျောက် ကျောက်စိမ်းတွဲများကို မြန်မာကျပ်ငွေဖြင့် သီးသန့်ရောင်းချမည်

အမေရိကန်ဒေါ်လာဖြင့်သာ ရောင်းချမည့် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အဆင့်နိမ့်အသားကျောက် ကျောက်စိမ်းတွဲများကို မြန်မာကျပ်ငွေဖြင့် သီးသန့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။



ယခု ၂၀၂၃ခုနှစ်အတွက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို လာမည့် အောက်တိုဘာ၂၀ရက်မှ ၂၈ ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပုလဲအတွဲပေါင်း ၁၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀၊ ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါပြပွဲများတွင် အသုံးပြုသည့်ငွေကြေးကို ယခင်က ယူရိုဖြင့်သာ သတ်မှတ်ထားသော်လည်း ယခုပြပွဲတွင်တော့ အမေရိကန်ဒေါ်လာဖြင့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ပြီး အာမခံ စပေါ်ငွေပေးသွင်းရာတွင်ဖြစ်စေ၊ ပုလဲနှင့်ကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေ ပေးသွင်းရာတွင်ဖြစ်စေ အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် ယူရို၊ ယွမ်၊ ဘတ် စသည့် ငွေကြေးများနှင့်လည်း ပေးသွင်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် အုပ်စု(အေ) အဆင့်မြင့် ကျောက်စိမ်းတွဲများ၊ အုပ်စု(ဘီ) အလယ်အလတ် အဆင့်မြင့် ကျောက်စိမ်းတွဲများနှင့် အုပ်စု (စီ) အဆင့်နိမ့် ကျောက်စိမ်းတွဲများ စသည်ဖြင့် အုပ်စု ၃ စုခွဲ၍ ပြသရောင်းချသွားမည်ဖြစ်ပြီး အဆင့်နိမ့် အသားကျောက် ကျောက်စိမ်းအတွဲ(စီ)အုပ်စုကို မြန်မာကျပ်ငွေဖြင့် အခြေခံဈေးနှုန်းများ သတ်မှတ်ကာ ပြည်တွင်းရတနာကုန်သည်များကို သီးသန့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပုလဲအတွဲများ ကြည့်ရှုစစ်ဆေးခြင်းကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဆောင်ရွက်မည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကိုတော့ အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကာ ကျောက်မျက်အတွဲများ ရောင်းချ ကြည့်ရှုစစ်ဆေးခြင်းကို အောက်တိုဘာ ၂၀ မှ ၂၁ ရက်နေ့အထိလည်းကောင်း၊ အိတ်ဖွင့်တင်ဒါစနစ်ကိုတော့ အောက်တိုဘာ ၂၃ ရက်အထိလည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေးခြင်းတွင် (အေ)အုပ်စုနှင့် (ဘီ)အုပ်စု ကျောက်စိမ်းတွဲများကို အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်နေ့အထိလည်းကောင်း၊ အိတ်ဖွင့်တင်ဒါစနစ်ကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်နေ့အထိလည်းကောင်း သတ်မှတ်ထားပြီး (စီ)အုပ်စုကျောက်စိမ်းတွဲများ ကြည့်ရှုစစ်ဆေးတာကိုတော့ အောက်တိုဘာ ၂၀ ရက်မှ ၂၆ရက်အထိ သတ်မှတ်ထားကာ အိတ်ဖွင့်တင်ဒါစနစ်ကိုတော့ အောက်တိုဘာ ၂၇ မှ ၂၈ ရက်အထိ သတ်မှတ်ထားကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို၁၉၆၄ ခုနှစ်မှစတင်ပြီး ကျင်းပခဲ့ရာ ယခု ၂၀၂၃ ခုနှစ်အထိ နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲပေါင်း ၉၉ ပွဲ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# အထူးတန်းဝင် မြန်မာ့အာရေးဗီးကားကော်ဖီ ပြည်ပဈေးကွက်၌ အထိုက်အလျောက် မြင့်မားသောဈေးနှုန်းရရှိနေ

အထူးတန်းဝင် မြန်မာ့အာရေးဗီးကားကော်ဖီသည် ပြည်ပဈေးကွက်၌ အထိုက်အလျောက်မြင့်မားသော ဈေးနှုန်းများ ရရှိနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ်ရှိ ရွာငံ၊ ဟိုပုံး၊ ပင်လောင်းဒေသများမှ စိုက်ပျိုးထွက်ရှိသည့် မြန်မာ့အာရေးဗီးကားကော်ဖီသည် အထူးတန်းဝင်ကော်ဖီအဆင့် ရရှိထားကြောင်း သိရသည်။ ထို့ကြောင့် လက်ရှိတွင် အထိုက်အလျောက်မြင့်မားသည့် ကော်ဖီဈေးနှုန်းများရရှိနေပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြန်မာ့ကော်ဖီကို ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနှင့် UAE နိုင်ငံများသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကာ ပြီးခဲ့သည့်၂၀၂၁-၂၀၂၂ ခုနှစ်တွင် အဆိုပါနိုင်ငံများသို့ ကော်ဖီတန်ချိန် (၁၁၀၀)ခန့် တင်ပို့ရောင်းချခဲ့နိုင်ခဲ့ကြောင်း သိရသည်။

ကော်ဖီတင်သွင်းမှုအနေဖြင့် ကော်ဖီစေ့၊ Coffee Mix နှင့် Coffee Powder ပုံစံသုံးမျိုးဖြင့် တင်သွင်းလျက်ရှိပြီး Coffee Mix တန်ချိန်(၁၂၅၀)ခန့်နှင့်Coffee Powder တန် (၄၅၀၀)ခန့် တင်သွင်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာန၏အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက (၄၀၀၀၀) ရှိပြီး ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကာ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် ဒီဇင်ဘာလမှ မတ်လအထိ ခူးဆွတ်ထုတ်လုပ်ကာ ဧပြီလနောက်ပိုင်းမှစတင်၍ တစ်နှစ်ပတ်လုံး ရောင်းချလျက်ရှိကြောင်း သိရသည်။

# မကွေးမြို့တွင် အသေးစားစက်မှုဇုန်အသစ် တည်ထောင်မည်

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အသေးစားစက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုင်းအစိုးရအဖွဲ့က စီစဉ်နေကြောင်း သိရသည်။

အဆိုပါ စက်မှုဇုန်ကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ စီမံထူထောင်ပြီး ပြည်တွင်း၊ ပြည်ပရှိ လုပ်ငန်းရှင်များအားလုံး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရန်နှင့် မကွေးမြို့တွင်းက စက်မှုလုပ်ငန်းများပါ အသေးစားစက်မှုဇုန်အတွင်း အခြေချလုပ်ကိုင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စက်မှုဇုန် အကောင်ထည်ဖော်မည့် နေရာမှာ မကွေး-တောင်တွင်းကြီး ကားလမ်း၏တောင်ဘက်မိုင်တိုင်အမှတ် ၃၂၅၊ မကွေးမြို့မှနေ၍ ၄ မိုင်ခန့်အကွာ၊ မကွေး ကွန်ပျူတာတက္ကသိုလ်မှ ၇ဖာလုံခန့်အကွာ၊ မကြီးကန်ဓာတ်အားခွဲရုံမှ ၁ဒသမ၅မိုင်ခန့် အကွာအဝေးတွင် တည်ရှိပြီး အမှတ်(၅) စက်မှုသင်တန်းကျောင်း၊ တာတာကားစက်ရုံတို့နှင့် ဆက်စပ်တည်ရှိကာ ၄၆၁ဧက မြေအကျယ်ရှိကြောင်းသိရသည်။ယင်းနေရာသည် အသေးစားစက်မှုဇုန် တည်ထောင်ရန်အတွက် လုံလောက်သည့် မြေနေရာရှိခြင်း၊ မြေမျက်နှာသွင်ပြင် ညီညာပြန့်ပြူးမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ရေရှိမှုလွယ်ကူခြင်း၊ လျှာထားမြေနေရာအနီးတွင် ၃၃ ကေဗွီဓာတ်အားလိုင်း တည်ရှိခြင်းကြောင့် လျှပ်စစ်မီးရရှိမှု အခွင့်အလမ်းရှိခြင်းအပြင် ကျွမ်းကျင်အလုပ်သမား အင်အားလည်း ပေါများစွာရရှိနိုင်ကြောင်း သိရသည်။

ထို့ပြင် စက်မှုဇုန် လျာထားမြေနေရာ၏ တောင်ဘက်ခြမ်း ၁ မိုင် ၄ဖာလုံခန့်အကွာတွင် ဧရာဝတီမြစ်ရှိခြင်းကြောင့် စက်မှုဇုန်ဖွံ့ဖြိုးလာချိန်တွင် ကုန်တင်၊ ကုန်ချဆိပ်ကမ်းငယ်တစ်ခု ဆောင်ရွက်နိုင်သည့်အတွက် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ပိုမိုအဆင်ပြေ ချောမွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း လက်ရှိ၌ အကောင်ထည်ဖော်ထားပြီးဖြစ်သည့် စက်မှုဇုန်များမှာ ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်တို့ဖြစ်ကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

# “ အွန်လိုင်းမှာ ရောင်းချတဲ့သူတွေကို မှတ်ပုံတင် မဖြစ်မနေ တင်စေချင်တယ် ”

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများအနေဖြင့် အောက်တိုဘာ ၂ ရက်မှစတင်ကာ မှတ်ပုံတင် လျှောက်ထားနိုင်ပြီဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချမည့်သူများအနေဖြင့်လည်း မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ရုံး၊ ဌာနများသို့ လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရန်မလိုအပ်ဘဲ www.ecomreg.gov.mm မှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ အွန်လိုင်းတွင် ဈေးရောင်းချလျက်ရှိသည့် လုပ်ငန်းများအနေဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန(နေပြည်တော်)၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**အွန်လိုင်းစနစ်ဖြင့် ရောင်းချတဲ့လုပ်ငန်းတွေ မှတ်ပုံတင်ရမယ့် စနစ်နဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောပြပေးပါဦး။**

အွန်လိုင်းစနစ်နဲ့ရောင်းချတဲ့လုပ်ငန်းတွေကတော့ ကိုဗစ် (၁၉) ရောဂါဖြစ်လာတဲ့နောက်ပိုင်းမှာ ဈေးကွက်တန်ဖိုး အရမ်းတက်လာတာတွေ့ရပါတယ်။ အဲနောက်ပိုင်း အွန်လိုင်းဈေးကွက်မှာ ရောင်းကြဝယ်ကြတယ်ပေါ့။ ဈေးကွက်သဘောအရ ရောင်းသူနဲ့ ဝယ်သူနဲ့ အဆင်ပြေရင် ဘာမှမဖြစ်ဘူး။ သို့သော် အဆင်မပြေလာတဲ့အချိန်ကျရင် ဒီပြဿနာနဲ့ပတ်သက်ပြီး ဖြေရှင်းပေးဖို့ဖြစ်လာပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စားသုံးသူကာကွယ်ရေး ဥပဒေကို လက်တွေ့ ကိုင်တွယ် ကျင့်သုံးနေပါတယ်။ စားသုံးသူကာကွယ်ရေး ဥပဒေရဲ့ အစိတ်အပိုင်း နှစ်ခုရှိပါတယ်။ တစ်ခုက ဈေးကွက်ထဲမှာ ဖြစ်နေတဲ့ Safety မဖြစ်တဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီးတော့ အရေးယူတဲ့အပိုင်းရှိတယ်။ တစ်ဖက်က စားသုံးသူတွေရဲ့ နစ်နာမှုပေါ့။ ကုန်စည်တစ်ခုကို ဝယ်ယူတဲ့အခါမှာ နစ်နာမှုတွေရှိလာမယ်။ စားသုံးသူတွေ နစ်နာလာမယ်ဆို ဖြေရှင်းရမယ့် အပိုင်းတွေရှိလာပါပြီ။ လက်ရှိ အွန်လိုင်းမှာဖြစ်နေတဲ့ ပြဿနာ နှစ်မျိုးတွေ့ရပါတယ်။ ပထမတစ်မျိုးက စားသုံးသူကို အစကတည်းက ရည်ရွယ်ပစ်မှတ်ထားတဲ့ အပိုင်းပေါ့။ ဥပမာ ငွေတွေ ကြိုလွှဲခိုင်းတယ်။ ပြီးတော့ ဆိုရှယ်အကောင့်တွေ ပိတ်သွားတဲ့ အပိုင်းရှိတယ်။ နောက်တစ်ပိုင်းကျတော့ သူ့ဟာသူ ပစ္စည်းအမှန်ရောင်းတယ်။ သို့သော်လည်းပဲ ပစ္စည်းကို ပို့လိုက်တဲ့နောက်ပိုင်းမှာ ဘာတွေ တွေ့လာရလဲဆိုတော့ ပေးထားတဲ့ အချက်အလက်နဲ့ မကိုက်ညီတာ တာဝန်မယူနိုင်တဲ့ အပိုင်းလေးတွေ ရှိလာပါတယ်။ ဘာလို့တာဝန်မယူနိုင်တာလဲဆိုတော့ သူထုတ်တဲ့ ပစ္စည်းမဟုတ်လို့ပါ။ ပြည်ပကနေ တင်သွင်းတဲ့ ဒီကုန်စည်သည် စားသုံးသူအတွက် အဆင်ပြေနိုင်မလားပေါ့။ ဥပမာ ပြည်ပကနေ သွင်းလာတဲ့ ပန်ကာသည် အားသွင်းကြိုးနဲ့ သွင်းလို့ရတယ်။ ဒီပန်ကာလေးတွေသည် ကွန်ပျူတာက ယူအက်ဘီအပေါက်မှာ သွားသွင်းလို့မရဘူး။ သွင်းလို့ရှိရင် မားသားဘုတ်တွေ ပျက်စီးသွားမယ်။ ဆိုတော့ ဒီအပေါ်မှာရောင်းတဲ့သူက တာဝန်မခံနိုင်ဘူး။ ဆိုတော့ အွန်လိုင်းမှာကိုက ကိုယ်တိုင်သည် ရောင်းသူ၊ ကိုယ်တိုင်သည် စားသုံးသူ ဖြစ်လာတဲ့ အတွက်ကြောင့်မို့ အွန်လိုင်းမှာ မားကတ်စနစ်တွေကို ထိန်းကျောင်းဖို့ လိုအပ်လာတာ တွေ့ရတယ်။ တွေ့ရတဲ့အတွက်ကြောင့်မို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကပဲ ကြီးမှူးပြီးတော့ ဇန်နဝါရီ ၃၀ ရက်မှာ ဘယ်လိုမျိုး ထိန်းကျောင်းမလဲဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲ လုပ်ခဲ့ပါတယ်။ အဲအလုပ်ရုံ ဆွေးနွေးပွဲမှာတော့ ဒီနေရာမှာ အစိုးရပိုင်းအနေနဲ့ ထိန်းကျောင်းဖို့ လိုလာပြီဆိုပြီးတော့ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကို ကျောထောက်နောက်ခံ ပြုပြီးတော့



> **စားသုံးသူနဲ့ ရောင်းချသူကြားမှာ ပြဿနာလေးတွေ လျှော့ကျချင်တဲ့အတွက် ရည်ရွယ်ပြီးတော့ လုပ်တာ ဖြစ်ပါတယ်။ စားသုံးသူတွေ နစ်နာမှု များတယ်ဆိုရင်တော့ အရေးယူမှာပါ။ ဝန်ကြီးဌာနကလည်း လိုအပ်လို့ရှိရင် အခြားဌာနတွေနဲ့ ညှိနှိုင်းပူးပေါင်းပြီးတော့ လုပ်ဆောင်သွားပါမယ်။**

အွန်လိုင်းစနစ်ရောင်းချတဲ့ လုပ်ငန်းတွေကို အရေးကြီးဝန်ဆောင်မှုဥပဒေလုပ်ငန်းအဖြစ်နဲ့ သတ်မှတ်တယ်။ ဒီမှာမှ မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှသာ လုပ်ကိုင်ခွင့်ရှိတဲ့လုပ်ငန်းအနေနဲ့ သတ်မှတ်တာဖြစ်ပါတယ်။

**အွန်လိုင်းရောင်းချသူတွေ မှတ်ပုံတင်ဖို့ ဘာကြောင့် လိုအပ်လာတာပါလဲ။**

အွန်လိုင်းမှာ ပစ္စည်းတွေ ရောင်းတာရှိပါတယ်။ ဒါတွေအကုန်လုံးက မှတ်ပုံတင်ရမှာပါ။ မြန်မာနိုင်ငံမှာ ပြင်ပမှာရှိပြီးတော့ မြန်မာနိုင်ငံထဲမှာ ရောင်းတဲ့ဟာ ဘယ်အရာမဆို လုပ်ရမှာပါ။ ဒါလေးနဲ့ပတ်သက်ပြီးတော့ ပြောချင်တာက ဒီလိုမျိုး မှတ်ပုံတင်စနစ်နဲ့ လုပ်ခိုင်းတာသည် အရေးယူချင်လို့လည်း မဟုတ်ပါဘူး။ အဓိကက စားသုံးသူနဲ့ လုပ်ငန်းလုပ်ကိုင်သူတွေရဲ့ ကြားထဲမှာ ပေါင်းကူးလုပ်ပေးတာပါ။ ဒါကို ဘယ်အသင်းအဖွဲ့ကမှ မလုပ်နိုင်ဘူး။ အသင်းအဖွဲ့မလုပ်နိုင်တဲ့အလုပ်တွေ အစိုးရလုပ်နိုင်တယ်။ အစိုးရကလည်း အာမခံပေးတာမဟုတ်ဘူး။ သူရောင်းတဲ့ ပစ္စည်းသည် အာမခံချက်ရှိလား မရှိလားဆိုတာ အာမခံပေးတာ

**တိုဗ္ဗ**

မဟုတ်ဘူး။ ကျွန်တော်တို့ဘက်က အရေးယူတဲ့အပိုင်းကကျတော့ ပြည်တွင်းမှာ သက်ရောက်မှုတွေကိုပဲ လုပ်ဆောင်သွားပါမယ်။ တကယ်လို့များ မြန်မာပြည်က စားသုံးသူတွေကို ဦးတည်ပြီး ရောင်းတယ်ဆိုရင် ဒါကကျတော့ တင်ဆိုရင်လည်း တင်ခွင့်ပြုတယ်။ ဖြစ်နေတာက ဘာလဲဆိုတော့ အွန်လိုင်းမှတ်ပုံတင်ကို စားသုံးသူနဲ့ တိုက်ရိုက်လုပ်တာမြန်မာပြည်တစ်ခုပဲရှိတယ်။ အခြားမှာလည်း မရှိဘူးတော့ မဟုတ်ဘူး။ ရှိတော့ရှိတယ်။ အွန်လိုင်းမှာ ရောင်းချတာတွေကို အခွန်ကောက်တယ်။ ကျွန်တော်တို့က ဒီအွန်လိုင်းမှာ ရောင်းချတာတွေကို အခွန်ကောက်ချင်တာ မဟုတ်ဘူး။ စားသုံးသူတွေကို ကာကွယ်ပေးချင်တာ ဖြစ်ပါတယ်။

**စားသုံးသူတွေကို ဘယ်လိုအကြံပြုချက်တွေ ပေးချင်ပါသလဲ။**

စားသုံးသူရယ်လို့ မဟုတ်ဘူး။ အွန်လိုင်းစီးပွားရေးလုပ်တဲ့သူတွေဘက်ကရော ဒီစနစ်ကြီးနဲ့ ပတ်သက်ပြီး မှတ်ပုံတင်တဲ့ ကာလတစ်ခုမှာ အခွန်ကင်းလွတ်ခွင့်ပေးထားပေးတယ်။ အွန်လိုင်းခပဲကောက်တယ်။ ဒါကလည်း လူတိုင်းတတ်နိုင်တဲ့ အနေအထားပါ။ ဒီအချိန် အွန်လိုင်းမှာ ရောင်းချတဲ့သူတွေကို မှတ်ပုံဖြစ်မနေတင်စေချင်တယ်။ ဘာလို့လဲဆိုတော့ တကယ်တမ်း စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ အသက်က စားသုံးသူရဲ့ ယုံကြည်မှုပဲ။ စားသုံးသူရဲ့ ယုံကြည်မှုက အရေးကြီးတဲ့အတွက်ကြောင့် ဒီအ ချိန်မှာ ယုံကြည်မှုတစ်ခုကို ရအောင်ယူစေချင်တယ်။ စားသုံးသူတွေဘက်ကလည်း ဘာတွေသတိထားရမလဲဆိုတော့ မှတ်ပုံတင်ထားတဲ့အခြေအနေအပေါ် မူတည်ပြီးတော့မှ ဝယ်ယူအားပေးခြင်းအားဖြင့် လည်း ဒီ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်လာမယ်။ ကိုယ့်အတွက်လည်း နစ်နာမှုတွေရှိလာလို့ရှိရင် အတိုင်းအတာတစ်ခုထိ ဖြေရှင်းဆောင်ရွက်ပေးနိုင်မယ့် စနစ်ဖြစ်တဲ့အတွက်ကြောင့်မို့ နှစ်ဦးနှစ်ဖက်စလုံးက သတိပြုစေချင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

စားသုံးသူနဲ့ ရောင်းချသူကြားမှာ ပြဿနာလေးတွေ လျှော့ကျချင်တဲ့အတွက် ရည်ရွယ်ပြီးတော့လုပ်တာ ဖြစ်ပါတယ်။ စားသုံးသူတွေ နစ်နာမှုများတယ်ဆိုရင်တော့ အရေးယူမှာပါ။ ဝန်ကြီးဌာနကလည်း လိုအပ်လို့ရှိရင် အခြားဌာနတွေနဲ့ ညှိနှိုင်းပူးပေါင်းပြီးတော့ လုပ်ဆောင်သွားပါမယ်။ ဥပမာ ရောင်းတဲ့ ကုန်စည်က ဘယ်ဌာနက ကိုင်တွယ်သလဲပေါ် မူတည်ပြီးတော့ ဆက်သွယ်ပြီးတော့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၇ ဆောင်းပါးမှအဆက်**

မော်တောင်နှင့် ဆင်ခွန်းကုန်သွယ်မှုလမ်းကြောင်း တရားဝင်ဖြစ်စေရန် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းပြီးဆောင်ရွက်နိုင်ပါက မြန်မာဘက်ရှိ မြိတ်ခရိုင်အပါအဝင် တနင်္သာရီတိုင်းဒေသကြီးတွင် ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး အောင်မြင်သောစီးပွားရေးဖြစ်အောင် GDP တိုးတက်ရေးသာမက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးရေးအတွက် ဒေါက်တိုင်တစ်ခုအဖြစ် ဖြစ်ပေါ်စေမည်။ ထို့အပြင် ထိုင်းနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ Look East Policy ကဲ့သို့ Look West Policy ကျင့်သုံးနေပြီဖြစ်သောကြောင့် အိန္ဒိယ နိုင်ငံကိုသာမက အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး အခြားနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ ကုန်သွယ်ရေးဆောင်ရွက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် မော်တောင်နှင့် ဆင်ခွန်း(ထိုင်း) ကုန်သွယ်ရေးစခန်း နှစ်ဖက်တရားဝင်ဖွင့်ရေးမှာ လွန်စွာအရေးကြီးသည့်ကိစ္စရပ်ဖြစ်သည်။

မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မျက်နှာချင်းဆိုင် တစ်ဖက် ထိုင်းနိုင်ငံ ဆင်ခွန်းစစ်ဆေးရေးဂိတ်ကို မြဝတီနှင့် တစ်ဖက် မဲဆောက်ကဲ့သို့ အကောက်ခွန်စစ်ဆေးရေးစခန်းအဖြစ် ထိုင်းနိုင်ငံက ခွင့်ပြုလိုက်ပါက မော်တောင်-မြိတ် ကားလမ်းသည် Container ကုန်တင်ယာဉ်ကြီးများ အလွယ်တကူသွားနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သည့်အပြင် ထိုင်းနိုင်ငံဘက်ရှိ ပရာကျွတ်ကရီခန်၌လည်း ရေနက်ဆိပ်ကမ်း ဆောက်ပြီးဖြစ်သောကြောင့် မြိတ်ဒေသ၌ပါ ရေနက်ဆိပ်ကမ်း ဆောက်နိုင်ပြီး Transit Trade ကို ကောင်းစွာပြုလုပ်နိုင်သည့် (မလက္ကာရေလက်ကြား စင်ကာပူကို ဝင်စရာမလိုဘဲ ကုန်သွယ်မှုဆောင်ရွက်နိုင်သည့်) ကုန်သွယ်မှုစင်္ကြံကြီး ဖြစ်သွားမည့်အပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ရေနက်ဆိပ်ကမ်းနှင့်အတူ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်ကြီးများကို ကောင်းစွာတည်ဆောက်နိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



# ဆီအုန်းပင်၊ ဆီအုန်းသီး နှင့် စားအုန်းဆီအမျိုးမျိုး

အိအိချော(CTQM)

ကမ္ဘာပေါ်ရှိ စားသုံးဆီထုတ်ယူနိုင်သော ဆီထွက် ပင်ရင်းများတွင် ဆီအုန်းသီးလည်း ပါဝင်ပါသည်။ ဆီအုန်းသီးကို ဆီအုန်းပင်မှ ရရှိကာ ဆီအုန်းပင်၏အင်္ဂလိပ်အမည်မှာ(Oil Palm)ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ (Elaeis guineensis)ဖြစ်ပါသည်။ ဆီအုန်းသီးမှ စားအုန်းဆီသန့်နှင့် ဆက်စပ် ဆီအမျိုးမျိုးတို့ကို နည်းပညာသုံးထုတ်လုပ်မှုဖြစ်စဉ်များဖြင့် ထုတ်လုပ်နိုင်သည်။

ဆီအုန်းပင်၏မူရင်းဒေသသည် အာဖရိကတိုက် အနောက်ဘက် ကမ်းရိုးတန်းဒေသဖြစ်ပြီး ၁၅ရာစုနောက်ပိုင်းတွင် ဘရာဇီးနှင့် အခြားဒေသများသို့ ရောက်ရှိသွားခဲ့သည်။ ၁၉ ရာစုအတွင်း ဒတ်ချ်ကုန်သည်များကြောင့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများသို့ရောက်ရှိခဲ့ပြီး ၁၉၁၅ ခုနှစ်မှ စ၍ စီးပွားဖြစ် စိုက်ခင်းများအဖြစ် စတင်စိုက်ပျိုးခဲ့ပါသည်။

ဆီအုန်းပင်များ ရှင်သန်နိုင်ရန် အကောင်းဆုံးဒေသသည် အီကွေတာအထက်နှင့်အောက် ၅ ဒီဂရီအတွင်းရှိ ဒေသများဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် ၂၀၀၀ မီလီမီတာနှင့်အထက်၊ အပူချိန် ၂၈ဒီဂရီ စင်တီဂရိတ်မှ ၃၃ဒီဂရီစင်တီဂရိတ်အတွင်း ရရှိရန်လိုအပ်ပြီး နံနက်ပိုင်းနေသာ၍ ညနေပိုင်း မိုးရွာခြင်းကို နှစ်သက်ပါသည်။ဆီအုန်းပင်သည် နှစ်ရှည်ခံပင် အမျိုးအစားဖြစ်ပြီး ငါးနှစ်သားမှစတင်၍ အသီးမှ ဆီထုတ်ယူနိုင်ပါသည်။ ဆီအုန်းပင်မျိုးကွဲ သုံးမျိုးရှိရာ (Tenera Palm) မျိုးကိုသာ စိုက်ပျိုးကြပြီး ၎င်းအသီးတစ်လုံးတွင် အသားပိုင်း ၆၀ မှ ၉၆ ရာခိုင်နှုန်းနှင့် ဆီပါဝင်မှုမှာ ၅၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ထို့ကြောင့် အခြားဆီထွက်သီးနှံများထက် ဆီပါဝင်မှုနှုန်းပိုများသော ဆီထွက် ပင်ရင်းတစ်ခုလည်း ဖြစ်ပါသည်။

ဆီအုန်းသီးတွင် အပေါ်ယံအခွံပါး(Exocarp)၊ ဆီပါဝင်သော အသားပျော့(Mesocarp)၊ မာကျောသောအဆန်ခွံ(Endocarp)နှင့် အစေ့ဆန်(Kernel)ဟူ၍ အစိတ်အပိုင် လေးပိုင်းပါရှိသည်။ အခွံပါးနှင့် အသားပိုင်းတို့ကိုစုပေါင်း၍ အသားပိုင်း(Pericarp)ဟုလည်းကောင်း၊ အဆန်ခွံနှင့်အစေ့ဆန်တို့ကိုစုပေါင်း၍ အဆန်ပိုင်းဟုလည်းကောင်း သတ်မှတ်နိုင်ပါသည်။

ယေဘုယျအားဖြင့် အသားပိုင်းမှ ထုတ်ယူရရှိသောဆီကို စားအုန်းဆီအမည်ဖြင့် ဟင်းချက်ဆီအဖြစ် အသုံးပြုကြပြီး အဆံဆီကိုမူ အလှကုန်လုပ်ငန်းနှင့် ဆပ်ပြာချက်လုပ်ငန်းအပြင် အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများတွင်လည်း အသုံးပြုကြသည်။

အရွယ်ရောက်ပြီးဖြစ်သော ဆီအုန်းပင်၏ ဆီအုန်းခိုင်မှ အသီးအချို့ စတင်ကြွေကျသည်နှင့် တစ်ပြိုင်နက် ယင်းအခိုင်ကို ခူးဆွတ်ရပါသည်။ အခိုင်လိုက် ဆီပါဝင်မှုရာခိုင်နှုန်း မြင့်မားစေရန် ရင့်မှည့်သော ဆီအုန်းခိုင်များကိုသာ ခူးဆွတ်ခြင်း၊ ခူးဆွတ်ချိန်နှင့် စက်ရုံသို့ သယ်ယူချိန်တို့တွင် အသီးများကို ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေခြင်းနှင့် ခူးဆွတ်ပြီး အသီးခိုင်များကို စက်ရုံသို့ နေ့ချင်းပြီး အရောက်သယ်ယူခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆီထွက်ရာခိုင်နှုန်း မြင့်မားစေသည့်အပြင် အရည်အသွေး ကောင်းမွန်သော ဆီကြမ်း(Crude Oil)ကိုပါ ရရှိစေမည်ဖြစ်ပါသည်။

ဆီအုန်းသီးမှ စားသုံးဆီထုတ်ယူရာတွင် ဆီကြမ်းထုတ်ယူခြင်းနှင့် ဆီချောထုတ်လုပ်ခြင်းဟူ၍ အဓိကအပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ ဆီကြမ်းထုတ်ယူခြင်းအပိုင်းတွင် ပိုးသတ်ပေါင်းတင်ခြင်း (Sterilization)၊ အသီးခြွေခြင်း (Stripping)၊ ဆီကြိတ်ခြင်း (Extraction or Expelling)၊ အဆင့်ခွဲသန့်စင်ခြင်း (ClarificationandPurification) နှင့်အစေ့အဆန်ထုတ်ခြင်း(Deparicarping) တို့ပါဝင်သည်။ ဆီချောထုတ်လုပ်ခြင်းအပိုင်းတွင် အချွဲချွတ်ခြင်း (Degumming)၊ အချဉ်ချွတ်ခြင်း(Deacidification)၊ အရောင်ချွတ်ခြင်း(Bleaching)၊ အနံ့ချွတ်ခြင်း(Deodourizatioin)၊ အအေးခံ၍ အရစ်ကျခွဲထုတ်ခြင်း (cooling and fractionation)နှင့် စစ်ထုတ်ခြင်း (filtration) စသည့် ဆီသန့်စင်ခြင်းလုပ်ငန်းများ ပါဝင်သည်။

စက်ရုံသို့ရောက်လာသော ဆီအုန်းခိုင်များကို ဖိအား 3kg/cm2 အပူချိန် ၁၄၀ဒီဂရီ စင်တီဂရိတ်ရှိသော ရေနွေးငွေ့ဖြင့် ၇၅ မိနစ်မှ မိနစ် ၉၀ ကြာ အပူပေးခြင်းဖြင့် ပိုးသတ်ရပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပတ်ဝန်းကျင်အခြေအနေကြောင့် ဆီအုန်းသီးတွင် ပါရှိလာသော အဏုဇီဝပိုးများကို သေစေရုံမျှမက ဆီအုန်းသီးတွင် သဘာဝအတိုင်း ပါဝင်လာသည့် အဆီအက်စစ်လွတ်ဖြစ်ပေါ်ခြင်းကို အားပေးသောအင်ဇိုင်း(Lipase Enzyme)များကိုပါ အားနည်းသွားစေနိုင်သောကြောင့် အရည်အသွေးမြင့် ဆီကြမ်းကို ရရှိလာစေမည်ဖြစ်သည်။

ဆီအုန်းခိုင်များကို ပိုးသတ်ပေါင်းတင်ပြီးပါက အသီးခြွေခြင်းကို စက်ကိရိယာသုံး၍ ဆောင်ရွက်ရပါသည်။ ထို့နောက် အသီးများကို ကြိတ်ခွဲပြီး အဆင့်ခွဲသန့်စင်၍ အစေ့အဆန်များကို ဖယ်ထုတ်လိုက်ပါက စားအုန်းဆီကြမ်းကို ရရှိလာမည်ဖြစ်ပါသည်။ စားအုန်းဆီကြမ်းတွင် မလိုလားအပ်သောအညစ်အကြေး၊အနံ့အသက်များနှင့်အရောင်ပေးပစ္စည်းများ ပါရှိနေတတ်ရာ ၎င်းဆီကြမ်းကို ဆီသန့်စင်ခြင်းအဆင့်ဆင့်ဖြင့် ပြန်လည်သန့်စင်ရန် လိုအပ်သည်။

စားအုန်းဆီကြမ်းကို ပြန်လည်သန့်စင်ရာတွင် ဓာတုဗေဒနည်း ဖြင့်ဖြစ်စေ (Chemical Refining)၊ ရူပဆိုင်ရာ နည်းဖြင့်ဖြစ်စေ (PhysicalRefining) အချွဲချွတ်ခြင်းနှင့် အချဉ်ချွတ်ခြင်းတို့ကို ဆက်တိုက် ပြုလုပ်ရသည်။ ထို့နောက် ၎င်းဆီများကို ရေဖြင့်ဆေး၍ အခြောက်ခံပြီးပါက အချဉ်ချွတ်ပြီးသောဆီ (Neutralized Palm Oil - NPO)ကို ရရှိလာသည်။ ၎င်းကိုဆက်လက်၍ အရောင်ချွတ်မြေမှုန့်အသုံးပြုပြီး အရောင်ချွတ်ခြင်းကို ဆောင်ရွက်လျှင် အချဉ်ဓာတ်နှင့် အရောင်ချွတ်ပြီးသောဆီ (Neutralized Bleach Oil – NBO)ကို ရရှိလာမည်ဖြစ်သည်။ ရရှိလာသော(NBO)ကို လေဟာနယ်တွင် ဖြတ်သန်းစေကာ အနံ့ချွတ်ခြင်းကို ဆက်လက်ဆောင်ရွက်ပြီးပါက အချဉ်ချွတ်၊ အရောင်ချွတ်၊ အနံ့ချွတ်ပြီးသောဆီ (Refining, Bleaching, Deodorizing Palm Oil – RBD Palm Oil)အဆင့်သို့ ရောက်ရှိပြီး စားသုံးဆီ (Cooking Oil)နှင့် မုန့်ဖုတ်လုပ်ငန်းသုံးဆီ (Bakery Oil) အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

စားအုန်းဆီသည် ပင်ကိုသဘာဝအားဖြင့် အရည်ပိုင်းနှင့် အခဲပိုင်းတွဲဆက်နေသည့် ဆီအမျိုးအစားဖြစ်ရာ အအေးခံခြင်း နည်းဖြင့် ခွဲထုတ်ရသည်။ ဆီသိုလှောင်ထားသော သိုလှောင်ကန်ကို (၇၀) ဒီဂရီ စင်တီဂရိတ်ထိ အပူပေးခြင်းဖြင့် ဆီအခဲပိုင်းအားလုံးကို ပျော်ဝင်စေပြီးမှ ယင်းသိုလှောင်ကန် ဘေးပတ်လည်ရှိ ရေလှည့်ပတ်ရာလမ်းကြောင်းထဲသို့ ရေခဲရေကို ဖြတ်သန်းစီးဆင်းစေလျက် တဖြည်းဖြည်း အအေးခံရသည်။ အပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်သို့ ရောက်လျှင် ရေခဲရေဖြတ်သန်းမှုကို ရပ်တန့်စေပါသည်။ ထိုအခါ အရည်အခဲကွဲနေပြီး စစ်ထုတ်ခြင်းဖြင့် (Filteration) ဆီအရည်ပိုင်းဖြစ်သော (RBD Pam Olein)နှင့် ဆီအနှစ်ပိုင်းဖြစ်သော (RBD Palm Stearin) တို့ကို ရရှိစေသည်။ ဤကဲ့သို့ အဆင့်ဆင့် ဆောင်ရွက်ခြင်းကို ပထမအကြိမ်ခွဲထုတ်ခြင်း (First Fractionation) ဟုခေါ်ပြီး ဆီအရည်ပိုင်းကို ပထမအကြိမ်ကဲ့သို့ ထပ်မံ ခွဲထုတ်ခြင်း (Refractionation) ပြုလုပ်ပါက အဆင့်မြင့် စားအုန်းဆီ(Super Olein)နှင့် Palm Mid-Fraction တို့ကို ရရှိလာမည်ဖြစ်ပါသည်။ အလားတူပင် ဆီအနှစ်ပိုင်း(RBD Palm Stearin)ကို ထပ်မံ ခွဲထုတ်ခြင်းပြုလုပ်ပါက Mid-Stearin နှင့် Hard Stearinတို့ကို ရရှိစေမည်ဖြစ်သည်။

ဆီအုန်းသီးကြိတ်ခွဲခြင်းအဆင့်မှ ရရှိလာသော အဆန်များကို ဆက်လက်ကြိတ်ချေပြီး ဆီထုတ်ယူပါက ဆီထုတ်ပြီးသောအဆန်ဖတ် (Crude Kernel Meal)နှင့် အဆန်ဆီကြမ်း (Crude Palm Kernel Oil - CPKO)တို့ကိုရရှိလာသည်။ ဆီထုတ်ပြီးသောအဆန်ဖတ်သည် ဘေးထွက်ပစ္စည်းဖြစ်ပြီး တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်သည်။ အဆန်ဆီကြမ်းအား ဆီသန့်စင်ခြင်းအဆင့်ဆင့်ကိုသာ ပြုလုပ်လျှင် အချဉ်ချွတ်၊ အရောင်ချွတ်၊ အနံ့ချွတ်ပြီးသောအဆန်ဆီ (RBD Palm Kernel Oil-RBDPKO) ကို ရရှိမည်ဖြစ်ပြီး အအေးခံခွဲထုတ်ခြင်းနှင့် ဆီသန့်စင်ခြင်းအဆင့်ဆင့်တို့ကို တွဲဖက်ဆောင်ရွက်ပါက အချဉ်ချွတ်၊ အရောင်ချွတ်၊ အနံ့ချွတ်ပြီးသောအဆန်ဆီအနှစ် (RBD Palm Kernel Stearin)နှင့် အချဉ်ချွတ်၊ အရောင်ချွတ်၊ အနံ့ချွတ်ပြီးသော အဆန်ဆီအရည်(RBD Palm Kernel Olein)တို့ကိုရရှိမည်ဖြစ်သည်။ ထိုမျှမက အဆန်ဆီကြမ်း(Crude Palm Kernel Oil-CPKO)ကို ဆီသန့်စင်ခြင်းနှင့် ပေါင်းခံခြင်းနည်းစဉ်များအတိုင်း ဆက်တိုက်ဆောင်ရွက်ပြီးပါက အဆန်အဆီအက်ဆစ်(Palm Kernel Fatty Acid)နှင့် ဆီ၊ အဆီတို့၏ ဓာတုဗေဒသဘောတရားကို အခြေခံ၍ ပြုလုပ်ထားသော ထုတ်ကုန်များ (Oleochemicals) စသည်တို့ကို ရရှိမည်ဖြစ်သည်။

ဆီအုန်းသီးကို ကြိတ်ခွဲခြင်းမှ အစပြု၍ နည်းပညာသုံး ထုတ်လုပ်မှုဖြစ်စဉ်အမျိုးမျိုးအားဖြင့် ထုတ်လုပ်ရရှိလာသည့် စားအုန်းဆီသန့်အပါအဝင် ၎င်းနှင့်ဆက်စပ်သော ထုတ်ကုန်များ (Palm Oil and its Fractions )တွင် ပါဝင်ဖွဲ့စည်းထားသော အဆီအက်ဆစ်အမျိုးမျိုးတို့၏ပါဝင်မှု အချိုးအစားများ ကွဲပြားကြပါသည်။ ထိုကွဲပြားမှုကြောင့်လည်း ဓာတ်ခွဲခန်းတွင် ဆီနှင့်အဆီတို့၏ ဓာတုဆိုင်ရာ ဝိသေသလက္ခဏာ စစ်ဆေးချက်အရ ဆီအမျိုးအစား မှန်ကန်မှု ရှိ/မရှိကို ဆုံးဖြတ်ပေးနိုင်သော အိုင်အိုဒင်းတန်ဖိုး (Iodine Value – IV)ရလဒ်များ မတူညီကြခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်ဆီများအတွက် နိုင်ငံတကာစံချိန်စံညွှန်းတစ်ခုဖြစ်သော CODEX Standard ၌ အပင်ထွက်ဆီအမျိုးပေါင်း ၃၀ ၏ တစ်မျိုးချင်းအလိုက် အနည်းဆုံးရှိသင့်သည့် အရည်အသွေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းချက်များနှင့်တကွ ဖော်ပြထားသည်ကို လေ့လာနိုင်သည်။ CODEX Standard အရ ဆီအုန်းသီးမှ ထုတ်လုပ်ရရှိသော စားအုန်းဆီနှင့်ဆက်စပ်သော ဆီအမျိုးအစားပေါင်း (၇)မျိုးတို့၏ ကွဲပြားသော အိုင်အိုဒင်း တန်ဖိုး (IV) သတ်မှတ်ချက်များကို Palm oil(IV= 50-55)၊ Palm Olein( IV $\geq$56)၊ Palm oil with high Oleic Acid (IV =58-75)၊ Palm Stearin (IV $\leq$48)၊ Palm Kernel Olein (IV =20-28)၊ Palm Kernel Stearin (IV =4-8.5)၊ Palm Super Olein (IV $\geq$60)နှင့် Palm kernel oil (IV=14.1-21.0)ဟုဖော်ပြထားကြောင်း လေ့လာသိရှိနိုင်ပါသည်။

စားအုန်းဆီနှင့် ဆက်စပ်ဆီအမျိုးမျိုး၏ ကွဲပြားခြားနားသော အရည်အသွေးများပေါ် မူတည်၍ အသုံးပြုနိုင်သည့်နယ်ပယ်များလည်း ကွာခြားကြပါသည်။ ဆီအရည်ပိုင်းဖြစ်သော Palm oil ၊ Palm Olein နှင့် Super Olein တို့ကို ဟင်းချက်ဆီအနေဖြင့်လည်းကောင်း၊ ဆီအနှစ်ပိုင်း ပါဝင်သော Palm Stearin ၊ Mid- stearin ၊ Palm Mid-fraction နှင့် ဆီအခဲပိုင်းပါသော Palm Kernel Oil ၊ Palm Kernel Olein ၊ Palm Kernel Stearinတို့ကို မာဂျရင်း၊ နို့မဟုတ်သော ခရမ်မာများနှင့် မုန့်ဖုတ်လုပ်ငန်းသုံးဆီအဖြစ်လည်းကောင်း အသုံးပြုကြပြီး အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်ဆပ်ပြာမှုန့်/ဆပ်ပြာဆီ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများတွင်လည်း ဆီအုန်းသီးအဆံပိုင်းမှထုတ်လုပ်ရရှိသော အခဲပိုင်းပါဆီများကိုသာ အသုံးပြုရကြောင်း လေ့လာတွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆီအုန်းပင်၏ဆီအုန်းသီးမှ ဟင်းသီးဟင်းရွက်ဆီ (vegetable oil)အုပ်စုဝင် စားအုန်းဆီအပါအဝင် အခြားစားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဟင်းသီးဟင်းရွက်အဆီ (vegetable fat) တို့ကိုပါ ထုတ်လုပ်ရရှိကြောင်း ဗဟုသုတဖြစ်ဖွယ် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ရပါသည်။

# ဈေးကွက်ပိုမိုရရှိ၍ ဈေးကောင်းရနေသော မွန်ပြည်နယ်ဒေသထွက် ကျွဲကောသီး



ခင်ကြည်
(မွန်ပြည်နယ်)

မွန်ပြည်နယ်သည် ကျွဲကောသီးထွက်ရှိရာဒေသဖြစ်ပါသည်။ မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀မြို့နယ်တွင် မြို့နယ် အားလုံး၌ ကျွဲကောသီးခြံ စိုက်ပျိုးကြသည်။ ၎င်းမှအများဆုံးထွက်ရှိသော မြို့နယ်များမှာ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ မော်လမြိုင်၊မုဒုံ၊ ရေး၊ ခေါစာမြို့နယ်တို့၌ ကျွဲကောသီးအများဆုံးထွက်ရှိသည်။ ကျွဲကောသီး(အဖြူရောင်)နှင့် ကျွဲကောသီး(ပန်းရောင်)ဟူ၍ နှစ်မျိုးရှိသည်။ ကျွဲကောသီးကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့၌ လှိုင်လှိုင်ပေါ၍အသီးထွက်ကောင်းချိန်ဖြစ်ခူးဆွတ်ရောင်းချကြသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ကျွဲကောသီးဆိုလျှင် အထွက်နှုန်းကောင်း၊ ရောင်းအားကောင်း၊ စားသုံးသူများ အကြိုက်တွေ့၍ ပိုမိုစားသုံးကြသည်။ မွန်ပြည်နယ်အတွင်း ကျွဲကောသီးအရောင်းနေရာများတွင် မော်လမြိုင်မြို့ မော်မော်သစ်သီးဆိုင်နှင့် စိန်သုံးလုံး သစ်သီးဆိုင်တို့၌ အရွယ်အစားအလိုက် ရွေးချယ်ဝယ်ယူနိုင်သည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ကျွဲကောသီးသည် နာမည်ကြီးသည်။ ကျွဲကောသီးကို ခူးဆွတ်ချိန်ရက်မှ နောက်ထပ် ရက် ၂၀နှင့် ရက် ၂၅ ရက်အတွင်း ထားရှိနိုင်သည်။

## ကျွဲကောသီးစိုက်ကေနှင့်ထွက်ရှိမှု

စိုက်ပျိုးမှုအပေါ် လည်းခြံရှင်များအနေဖြင့် ကျေနပ်ဖွယ်အထွက်နှုန်းများလည်း ရရှိပါသည်။ ဈေးကွက်ချဲ့ထွင်မှု အားကောင်းလာသည်နှင့်အမျှ ကျွဲကောပင်စိုက်ခြံပိုင်ရှင်၊ ဥယျာဉ်ပိုင်ရှင်များ တွက်ခြေကိုက်သည်။ မွန်ပြည်နယ်အတွင်း ကျွဲကောသီးစိုက်ပျိုးဧကနှင့် အထွက်နှုန်းရရှိခြင်းကို ဘဏ္ဍာနှစ်အလိုက် ဖော်ပြလိုက်ပါသည်-

| စဉ် | ခုနှစ် | စိုက်ဧက | ရိတ်ဧက | နှုန်း | အထွက် |
|---|---|---|---|---|---|
| ၁ | ၂၀၂၀-၂၀၂၁ | ၂၈၃၁ | ၁၉၉၆ | ၅၆၄၀.၀၃ | ၁၁၂၅၇၄၉၅ |
| ၂ | ၂၀၂၁-၂၀၂၂ | ၂၈၂၂ | ၂၀၈၉ | ၅၃၇၈.၄၃ | ၁၁၂၃၅၅၄၃ |
| ၃ | ၂၀၂၂-၂၀၂၃ | ၃၂၂၈ | ၂၁၆၇ | ၅၅၇၈.၇၆ | ၁၂၀၈၉၁၇၃ |

## ဈေးနှုန်း၊ ဈေးကွက်အခြေအနေ

ကျွဲကောသီး(အဖြူရောင်)ဆိုလျှင် အသီး၏အရွယ်အစားအသေး/အကြီးပေါ် မူတည်၍ဈေးနှုန်းကွာခြားမှုရှိသည်။ ၎င်းမှာ အသေးတစ်လုံးလျှင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အတွင်း၊ အလတ်တစ်လုံးလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၂၅၀၀ အတွင်း၊ အကြီးတစ်လုံးလျှင် ကျပ် ၃၀၀၀ မှ ၄၅၀၀ ကျပ်အတွင်းရှိသည်။ လတ်တလောတွင် မော်လမြိုင်ထွက် ကျွဲကောသီးများအားလုံး ဈေးမြင့်တက်နေခြင်းဖြစ်ပြီး ယခင်နှစ် ကျပ် ၁၅၀၀ သာရှိသော ကျွဲကောသီးမှာလည်း တစ်လုံးလျှင် ကျပ် ၃၀၀၀ ခန့် ပေါက်ဈေးရှိနေကြောင်းကိုလည်း ကျွဲကောခြံပိုင်ရှင်များထံမှ သိရသည်။ မွန်ပြည်နယ် မော်လမြိုင်ထွက် ကျွဲကောသီးဈေးများ ယခင်နှစ်ထက် နှစ်ဆနီးပါး ဈေးမြင့်တက်လျက်ရှိကြောင်း၊ မော်လမြိုင်မြို့ အခြေစိုက် ကျွဲကောသီး ရောင်းဝယ်ရေးလုပ်ငန်းများထံမှ သိရသည်။

ယခင်နှစ်များက ကျွဲကောသီးအလုံးကြီး အလုံးသန့် တစ်လုံးလျှင် ရောင်းဈေး ကျပ် ၂၀၀၀ သာရှိရာမှ ယခုနှစ်တွင် ၃၅၀၀မှ ကျပ် ၄၀၀၀ ဝန်းကျင်အထိရှိနေကြောင်း မော်လမြိုင်မြို့ ရခိုင်ကုန်းရပ်ကွက်မှ ကျွဲကောခြံပိုင်ရှင် ဒေါ်ရှီးက ရှင်းပြသည်။ ကျွဲကောသီးသည် အလွန်ပူသောရာသီဥတုကြောင်း အသီးထွက်သည့်အခါမှာလည်း ပိုးကျသည့်အတွက် အားလုံး ပုပ်ကုန်ကြောင်း၊ အပူရှိန်လွန်ကဲခြင်း နှင့်အသီးအများအပြားထွက်သောအချိန်တွင် ပိုးများကျရောက်ခြင်းကြောင့်လည်း အသီးဈေးနှုန်းမြင့်လာကြောင်း မော်မော်သစ်သီးရောင်းဝယ်ရေးဆိုင်မှ ပြောကြားသည်။

မွန်ပြည်နယ်မှ ထွက်ရှိသော ကျွဲကောသီးများကို ဒေသအတွင်း စားသုံးမှုအပြင် အမြို့မြို့နယ်နယ်သို့ ဖြန့်ချိရောင်းချလျက်ရှိသည်။ မော်လမြိုင်မြို့ရှိခြံပိုင်ရှင်များမှ ထွက်ရှိသော ကျွဲကောသီးများကို မွန်ပြည်နယ်အတွင်းသာမက ရန်ကုန်နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

## ကျွဲကောသီးမှ အာဟာရ

မွန်ပြည်နယ်ထွက် ကျွဲကောသီး(အဖြူရောင်)သည် ချိုချဉ်အရသာ၊ ကျွဲကောသီး(ပန်းရောင်)သည် ကျွဲကောသီး(အဖြူရောင်)ထက် အသားပိုမိုနူးညံ့ကာ အချိုဓာတ်ပိုကဲသည်။ ကျွဲကောသီးကို စားသုံးရာတွင် သူ့ချည်းအစိပ်လိုက်အခွံနွှာ၍ စားကြသလို ဖျော်ရည်အဖြစ် ဖျော်သောက်ကြသည်။ ကမ္ဘာပေါ်ရှိအချဉ်သီး မျိုးနွယ်ထဲတွင် အရွယ်အစားအကြီးမားဆုံး အမျိုးအစားဖြစ်သည်။ အချဉ်ဓာတ်ကဲသော ကျွဲကောသီးကို သကြားသို့မဟုတ် ပျားရည် သို့မဟုတ် နွယ်ချိုမှုန့်၊ ဆားအနည်းငယ်နှင့် ငရုတ်သီးမှုန့်တို့ဖြင့် ရောစပ်၍ စားကြသည်။

ကျွဲကောသီးတွင် ပါဝင်သည့် အမျှင်ဓာတ်၊ပိုတက်ဆီယမ်၊ ဖောလစ်အက်ဆစ်၊ ကယ်ဆီယမ်၊ ဗီတာမင်စီ အလွန်ကြွယ်ဝသောကြောင့် ဝမ်းမှန်သည်၊ ဖျားနာမှုကိုလည်းအထောက်အကူပြု၍ သက်သာစေသောဓာတ်စာအာဟာရဖြစ်သည်။ လူတိုင်းကြိုက်နှစ်သက်သည့် မွန်ပြည်နယ် ဒေသထွက် ကျွဲကောသီးကို လွယ်ကူစွာဝယ်ယူ စားသုံးနိုင်ကြောင်း တင်ပြအပ်ပါသည်။

## အောင်မြင်ကျော်ကြား လူကြိုက်များသည့် ပခုက္ကူမြို့မှ ပဲကြော်လုပ်ငန်း

စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး၏လမ်းညွှန်မှု၊ ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ဒေါ်သူဇာကျော်(ဒု-ဦးစီးမှူး)သည် ပြည်တွင်းအသေးစားစက်မှုလက်မှုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ စက်တင်ဘာ ၂၅ ရက်၊ နံနက် ၁၀ နာရီ လဝန်းပဲကြော်လုပ်ငန်းရှင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ပခုက္ကူမြို့တွင် ဒေသအစားအစာတစ်ခုဖြစ်သည့် ပဲကြော်လုပ်ငန်းမှာ လူကြိုက်များ၍ ရောင်းအားကောင်းလျက်ရှိကြောင်းသိရှိရသည်။ ပဲကြော်လုပ်ငန်းရှင်နှင့် လတ်တလော ပဲကြော်လုပ်ငန်း၏အခြေအနေကို မေးမြန်းရာ ပဲကြော်လုပ်ငန်းတွင် ပဲကြီးကိုသာ အသုံးပြုပြီး ပဲကြီးကို မုံရွာမြို့မှ ဝယ်ယူရကြောင်း၊ တစ်တင်းလျှင် ပခုက္ကူမြို့အရောက် ကျပ် ၁၁၀၀၀၀ ပေးရပါကြောင်း၊ ပဲမကြော်ခင် တစ်ညရေစိမ်ပြီးမှ အခွံချွတ်ရကြောင်း၊ တစ်တင်းခွဲအိတ်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀ ပဲချွတ်ခပေးရပြီး ပဲချွတ်သည့်လုပ်သားတစ်ဦးလျှင် တစ်ရက်ကို ၁၀ ပြည်ခန့်ပြီး၍ မိသားစုလိုက် ပဲချွတ်လျှင် တစ်အိတ်ခန့်ပြီးကြောင်း၊ ပဲကြော်လုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်နိုင်လျှင် ပဲချွတ်သည့် မိသားစုများမှာ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေနိုင်ကြောင်း၊ ပဲကြော်ကို ဝါစေ့ဆီဖြင့် ကြော်ပြီး ဆီတစ်ပိဿာကို ကျပ် ၉၅၀၀ ပေးရကြောင်း၊ တစ်တင်းခွဲအိတ် တစ်အိတ်ကြော်လျှင် ပဲကြော် ၂၆ ပိဿာခန့် ထွက်ရှိကြောင်း၊ လုပ်သားအနေဖြင့် (၇)ဦးခန့်ရှိပြီး လုပ်အားခကို အမျိုးသားတစ်ဦးလျှင် ကျပ် ၁၀၀၀၀၊ အမျိုးသမီးတစ်ဦးလျှင် ကျပ် ၆၀၀၀ ပေးရကြောင်း၊ ဈေးကွက်အနေဖြင့် ယခင်က မြိုင်နယ်ကို အဓိကထားပို့ကြောင်း၊ ယခုလတ်တလောအခြေအနေအရ တင်ပို့မှုမရှိဘဲ ပခုက္ကူမြို့တွင်းသာ ရောင်းချရကြောင်း၊အကျိုးအမြတ်အနေဖြင့် ပဲကြော်တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ကျပ် ၁၅၀၀-၂၀၀၀ခန့်သာ ကျန်ရှိကြောင်း၊ စားအုန်းဆီကို သက်သာသောဈေးနှုန်းဖြင့် ရရှိနိုင်လျှင် လုပ်ငန်း ပို၍အဆင်ပြေ လည်ပတ်နိုင်မည်ဖြစ်ကြောင်း ပဲကြော်လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

သူဇာကျော်
(ပခုက္ကူ)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center)၊ ဖုန်း-၀၁ ၃၈၅၃၂၃ အီးမေးလ်-mitcmyantrade@gmail.com
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၁ ၉၆၆၉၉၅၉ အီးမေးလ်-mhcyangon@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ရှိ ငရုတ်သီးတန်ဖိုးမြှင့်ထုတ်ကုန် လုပ်[illegible]လုပ်ငန်း

**သန်းသန်းတင်(မုံရွာ)**

မြန်မာလူမျိုးများသည် ဟင်းလျာချက်ပြုတ်စားသောက်ရာတွင် ချိုချဉ်ငံစပ်ဖန်ခါး ရသာ ခြောက်ပါး ပါဝင်အောင် ချက်ပြုတ်ပြီး ဟင်းခတ်အမွှေးအကြိုင်များဖြစ်သည့် ချင်း၊ နနွင်း၊ ငရုတ်သီးမှုန့် (အကြမ်း မှုန့်၊ အနုမှုန့်)တို့သည် မပါမဖြစ် မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများ ဖြစ်ကြသည်။ ရှေးယခင်က မြန်မာလူမျိုးများသည် ချင်း၊ နနွင်း၊ ငရုတ် သီးများကို ကိုယ်တိုင်စိုက်ပျိုးပြီး လက်ကြိတ်ဆုံများဖြင့် အမှုန့်ကြိတ်သည့်အဆင့်မှ အချိန်ကာလပြောင်းလဲလာသည်နှင့် အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး စက်ကိရိယာများဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ အမှုန့်ကြိတ်ခွဲ ထုတ်လုပ်လာကြသည်။

စစ်ကိုင်းခရိုင်အတွင်း နနွင်းမှုန့်၊ ချင်း၊ ဆင်တုံးမနွယ်၊ ပဲမှုန့် စသည်တို့ကို ကြိတ်ခွဲကြသည့် အမှုန့်ကြိတ်စက် ၁၄ စက်ရှိသည့် အနက် စစ်ကိုင်းမြို့နယ်၊ အောင်သာကျေးရွာ၌ ငရုတ်သီး တန်ဖိုးမြှင့် ထုတ်ကုန်(Value Added) ထုတ်လုပ်သည့် Snacks Mandalay Co., Ltd ၏ လုပ်ငန်းများအကြောင်း တင်ပြလိုက်ရသည်။

Snacks Mandalay Co, Ltd ၏ လယ်ယာထွက်ကုန် သီးနှံ အမျိုးမျိုးပြုပြင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်သည့် စက်ရုံကို လုပ်ငန်းရှင် ဒေါက်တာပြည့်ဖြိုးအေးသည် ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် အောင်သာကျေးရွာရှိ မြေဧရိယာ ၅ ဒသမ ၄၆ ဧက၌ လုပ်ငန်း များ စတင်လုပ်ကိုင်ခဲ့ကြောင်း သိရသည်။ စတင်ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ်သိန်း ကိုးထောင်ခန့်ဖြင့် ထိုင်ဝမ်နှင့် တရုတ်နိုင်ငံမှ စက်များကို ဝယ်ယူတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စက်ရုံ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်းတောင်သူ များ စိုက်ပျိုးထုတ်လုပ်ထားသော လယ်ယာထွက်ကုန်ကြမ်းများကိုသာ အသုံးပြုပြီး ထုတ်လုပ်ထားသော တန်ဖိုးမြှင့်ကုန်ချောများအား ပြည်တွင်းရှိ စားသုံးသူများ၏ အိမ်တိုင်းသို့ ရောက်ရှိရန်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ MIC ခွင့်ပြုမိန့်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ် အောင်သာကျေးရွာ၌ စက်ရုံတည်ထောင်ပြီး စတင်လည်ပတ်ခဲ့ကြောင်းသိရသည်။ငရုတ်၊ ချင်း၊ နနွင်း၊ ချဉ်ပေါင်၊ စပါးလင် စသည့် ဟင်းခတ်အမွှေးအကြိုင်ထုတ်ကုန်များ ထုတ်လုပ်ခဲ့ပြီး ၂၀၂၀ပြည့်နှစ်ထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တောင်သူများနှင့် တန်ဖိုးမြှင့်ကွင်းဆက်များကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ တောင်သူများသည် မိရိုးဖလာလုပ်ငန်းအတိုင်း သီးနှံများ နေလှန်းအခြောက်ခံခြင်းကြောင့် အဓိကပြဿနာမှာ မှိုတက်ခြင်း၊ ဖလံဖြူရာခိုင်နှုန်းများခြင်းများ ကြုံတွေ့လျက်ရှိကြသည်။ မိရိုးဖလာ နည်းအတိုင်း အခြောက်ခံသော

**မိရိုးဖလာနည်းအတိုင်း အခြောက်ခံသော သီးနှံများကို ကျန်းမာရေးရှုထောင့်မှကြည့်လျှင် စားသောက်ကုန်များ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အဟန့်အတားတစ်ခုဖြစ်သည်ကို တွေ့ရှိရသည်။**

သီးနှံများကို ကျန်းမာရေးရှုထောင့်မှကြည့်လျှင် စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဟန့်အတားတစ်ခုဖြစ်သည်ကို တွေ့ရှိရသည်။ ရိုးရာအစဉ်အလာအတိုင်း အခြောက်ခံသော နည်းလမ်းသည် ပို၍သန့်ရှင်းသော၊ ပို၍အရည်အသွေး မြင့်မားသော ထုတ်ကုန်၊ ပို၍မြန်ဆန်သော နည်းလမ်းများ မပါဝင်ကြောင်း တွေ့ရှိရသည်။ သို့ပါ၍ သီးနှံများ၏ ထုတ်လုပ်ခြင်းကွင်းဆက်များတွင် ခေတ်မီဆန်းသစ်သော နည်းလမ်းများကို အသုံးပြုခြင်းဖြင့် အရည်အသွေး မြင့်ထုတ်ကုန် သို့မဟုတ် တန်ဖိုးမြှင့်ထုတ်ကုန်(Value Added)များ ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ထိ ထိုးဖောက်နိုင်မည်ဖြစ်သည်။

ကုန်ကြမ်းများကို စစ်ကိုင်းခရိုင်အတွင်း မိုးနှင့်ဆောင်း ငရုတ်စိုက်ဧက ၃၀၀၀ကျော်က ထွက်ရှိသော ငရုတ်သီးများအပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ အချိန်ရှစ်နာရီအတွင်း စက်ရုံသို့ ရောက်ရှိအောင်သယ်ဆောင်ရသည်။ ယခု ငရုတ်သီးကုန်ကြမ်း(အတောင့်) ဝယ်ယူရသည့်ဈေးနှုန်းမှာ အစို တစ်ပိဿာ ကျပ် ၃၅၀၀၊ အခြောက် တစ်ပိဿာ ကျပ် ၁၂၀၀၀ ပေါက်ဈေးနှုန်းအသီးသီးဖြင့် ဝယ်ယူရကြောင်း သိရပါသည်။ စက်ရုံသည် သီးနှံတစ်မျိုးတည်းကို တစ်နှစ်ပတ်လုံး ထုတ်လုပ်ခြင်းမပြုဘဲ ရာသီအလိုက် သီးနှံများကို ရွေးချယ်ဝယ်ယူထုတ်လုပ်လျက်ရှိရာ ယခုအခါတွင် ငရုတ်သီး၊ ချင်းနှင့် နနွင်းတို့ကို ကြိတ်ခွဲထုတ်လုပ်ကြောင်း သိရသည်။ တောင်သူများအား အထွက်နှုန်းတိုးစေသော မျိုးများဖြန့်ဝေပေးခြင်း၊ နည်းပညာအားဖြင့် ရောဂါထိန်းချုပ်ခြင်း၊ မြေဆီလွှာစီမံခန့်ခွဲခြင်းတို့အတွက် ထိုင်းနိုင်ငံမှ ကျွမ်းကျင် ပါရဂူများဖြင့် တောင်သူများကို အသိပညာ၊ အတတ်ပညာများ မျှဝေပေးပြီး ကြားပွဲစားများ၊ ကုန်စည်ဒိုင်များကိုကျော်လွန်ကာ တောင်သူထံမှ တိုက်ရိုက်ဝယ်ယူခြင်းလုပ်ငန်းကို Snacks Mandalay Co, Ltd အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ကြောင်း သိရပါသည်။

Snacks Mandalay Co, Ltd သည် နည်းပညာအခြေခံ၍ စနစ်တကျ အခြောက်ခံခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာတွင် FDA, GMP, HACCP, ISO စသည့် နိုင်ငံတကာ စံချိန်စံညွှန်းများကို လိုက်နာ၍ ထုတ်လုပ်သဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော မှို၊ ဆိုးဆေးနှင့် မှိုဆိပ် (Aflatoxin)များကို ကောင်းစွာ ထိန်းချုပ် ထုတ်လုပ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ ပထမဆုံး ထိုင်းနိုင်ငံနည်းပညာအသုံးပြု နေရောင်ခြည်စွမ်းအင် အခြောက်ခံရုံ ( Solar Dryer Parabola Dome) ၅ရုံဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ အခြောက်ခံရုံဖြင့် လှန်းပါက သုံးရက်၊ လေးရက်ခန့် လှန်းရသည်။ ငရုတ်အခြောက်ခံရုံတစ်လုံး၏ တန်ဖိုးမှာ ကျပ် ၁၇၈သိန်း ခန့်ရှိပြီး အခြောက်ခံစက်တစ်ရုံလျှင် ဗန်း ၁၈၀ ပါရှိသည်။ ငရုတ်သီးများ အခြောက်ခံပြီး သိုလှောင်ရုံတွင် သိမ်းဆည်းထားသည်။ ငရုတ်သီး (အကြမ်းမှုန့်၊အနုမှုန့်)ကြိတ်ခွဲခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ၎င်းအခြောက်ခံထားသော ငရုတ်သီးများအား ဂက်စ်ကို အသုံးပြုသည့်အပူပေးစက်ဖြင့် ၂၄နာရီ(တစ်ရက်)ခန့်ကြာ မီးအပူချိန် အနည်းငယ်ပေးပြီး အမှုန့်ကြိတ်စက်အတွင်းသို့ ပို့ဆောင်ကာ ကြိတ်ခွဲရာ ဖလံဖြူများကို သီးခြားခွဲပေးခြင်းနှင့် အရည်အသွေး အဆင့်အတန်းမီ ငရုတ်သီးမှုန့်များကို စက်က တစ်ပြိုင်တည်း ထုတ်လုပ်ပေးကြောင်း သိရသည်။ တစ်လလျှင် ပျမ်းမျှ ငရုတ်သီး(ခြောက်)ကုန်ကြမ်း ၆၅၃၀၀ ကီလိုဂရမ် အသုံးပြု၍ ကုန်ချော ငရုတ်သီးမှုန့်(အကြမ်းမှုန့်နှင့်အနုမှုန့်) ၄၈၀၀၀ ကီလိုဂရမ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း သိရပါသည်။ အမြဲတမ်းဝန်ထမ်း ၄၀ဦးခန့်နှင့် နေ့စားဝန်ထမ်း ၃၀ ဦးခန့်ကို အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်ပြီး အမြဲတမ်း ဝန်ထမ်းတစ်ဦးလျှင် အနည်းဆုံး ကျပ် လေးသိန်း၊ နေ့စားဝန်ထမ်း တစ်ဦးလျှင် တစ်ရက် ကျပ် ၈၀၀၀ နှင့် ရက်မှန်ကြေး အပိုဆုငွေများလည်းရရှိကြောင်း သိရသည်။

အခြောက်ခံနည်းပညာသုံး၍ စားသောက်ကုန်များကို ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်ထုပ်ပိုးထားခြင်း၊ အယ်လ်ဖလာ မှိုဆိပ် (Aflatoxin) ကောင်းစွာ ထိန်းချုပ်ထုတ်လုပ်ထုပ်ပိုးထားခြင်း၊ ဓာတုဆိုးဆေးနှင့် အရောအနှောကင်းစင်ခြင်း၊ နိုင်ငံတကာ စားသောက်ကုန် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထုပ်ပိုးထားခြင်း၊ ၂၀၁၈-၂၀၁၉ခုနှစ်တွင် သက်ဆိုင်ရာ နိုင်ငံတကာ အရည်အသွေး အသိအမှတ်ပြုလက်မှတ်များဖြစ်သော FDA, Halal, GMP,HACCP, ISO 22000 နှင့် EU, USDA, JAS Organic လက်မှတ်များရရှိကြောင်း သိရသည်။

Snacks Mandalay Co, Ltd မှ ထုတ်လုပ်သော ငရုတ်သီးနှံနှင့် အမှုန့်အမျိုးမျိုးကို ပြည်တွင်း ဈေးကွက်အတွင်း THREE STARS ကြယ် သုံးပွင့် ကုန်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ Ocean, City Mart, Marketplace , Supermarket တို့၌ ၁၀၀ ဂရမ်၊ ၂၀၀ဂရမ်၊ တစ်ပိဿာထုပ်စသည့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။ ရောင်းဈေးနှုန်းများမှာ ၁၀၀ ဂရမ် အထုပ်တစ်ထုပ်လျှင်ကျပ် ၂၀၀၀၊ တစ်ပိဿာထုတ်တစ်ထုပ် ကျပ် ၂၁၀၀၀ပေါက်ဈေးနှုန်းအသီးသီးဖြင့် ရောင်းချပြီး ပြည်ပဈေးကွက်အနေဖြင့်လည်း ယခုအများဆုံး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး အမှာစာပေးပို့သည့်နိုင်ငံများရှိပါကလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဤကဲ့သို့ ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီနည်းပညာနှင့်စက်ကိရိယာများဖြင့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ ချင်း စသည့် မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ခရိုင်အလိုက်၊ တိုင်းအလိုက် တိုးတက်များပြားလာပါက ဒေသတစ်ခုထုတ်ကုန်တစ်မျိုးမှသည် ဒေသစီးပွားနိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုတစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---

# ကောကြိုးထွက် နှမ်းလုံး၊ မြေပဲလုံး

**CONSUMER(MT)**

မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံသော မြို့တစ်မြို့ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် အခြေခံကောင်းများ ရှိသလို MSMES လုပ်ငန်းများလည်း တစ်စထက်တစ်စပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ယခုတစ်ပတ်တွင် ဓနုဖြူမြို့နယ် ဇကာကြီးမြို့ကွက်သစ်ရှိ အဆွေတော် နှမ်းလုံးနှင့်မြေပဲလုံးအကြောင်းကို မိတ်ဆက်ပေးချင်ပါတယ်။

ဓနုဖြူမြို့နယ် ဇကာကြီးမြို့ကွက်သစ်ရှိ ဦးဆန်းဝင်း၏ အဆွေတော် နှမ်းလုံးနှင့် မြေပဲလုံးလုပ်ငန်းခွင်သို့ ၂၀၂၃ခုနှစ် အောက်တိုဘာ ပထမပတ်တွင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးနှင့် ဝန်ထမ်းများသည် ကွင်းဆင်းလေ့လာစိစစ်ခဲ့သည်။ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်နေသည့်အလျောက် ဓနုဖြူမြို့နယ် ဇကာကြီးမြို့ကွက်သစ်ရှိ အဆွေတော် နှမ်းလုံးနှင့် မြေပဲလုံးလုပ်ငန်းပမာဏနှင့် လုပ်ငန်းလုပ်ဆောင်မှုအဆင့်ဆင့်ကို အဆွေတော်လုပ်ငန်းပိုင်ရှင် ဦးဆန်းဝင်းက အောက်ပါအတိုင်း ရှင်းလင်းပြောပြခဲ့သည်။

နှမ်းလုံး၊ မြေပဲလုံးတွင် အဓိကပါဝင်သော ထန်းလျက်၊ ကပ်စေးနှဲ၊နှမ်းနှင့်မြေပဲများကို ရန်ကုန် ဘုရင့်နောင်ပွဲရုံမှ မှာယူပြီး နှမ်းလုံး၊ မြေပဲလုံး ပြုလုပ်ပုံအဆင့်ဆင့်မှာ သန့်ရှင်းအောင် ပြုလုပ်ထားသော ထန်းလျက် ၅၀သား၊ ကပ်စေးနှဲသင့်တော်ရုံထည့်၍ ဒယ်အိုးထဲသို့ထည့်ပြီး ကျိုချက်ရသည်။

ညောင်စေးပေါက်လာသောအခါ နှမ်းထည့်၍ မွှေပေးပြီး လင်ဗန်းထဲသို့ထည့်ကာ အအေးခံ၍ အနေတော်အပူချိန်သို့ရောက်သောအခါ မိသားစုလုပ်အားဖြင့် ဝိုင်း၍ အလုံးဖြစ်အောင်လုံးရပါသည်။ အေးခဲသောအခါတွင် စားသုံးရန် သင့်တော်သော နှမ်းလုံးများကိုရရှိပါသည်။ အလားတူပင် မြေပဲလုံးကိုလည်း ထန်းလျက် ၅၀သား ကပ်စေးနှဲ သင့်တော်ရုံလောက်ထည့်၍ ဒယ်အိုးထဲသို့ ထည့်ကျိုပြီး ညောင်စေးပေါက်လာသောအခါ မြေပဲထည့်မွှေပြီး လင်ဗန်းထဲသို့ထည့်၍ အနေတော် အနေထားရအောင် အအေးခံပြီး လိုအပ်သောအပူရှိန်ဖြင့် မိသားစုများ လုပ်အားဖြင့် ဝိုင်းလုံးကြပါသည်။ အသင့်လုံးထားသော မြေပဲလုံး၊ နှမ်းလုံးများကို ရောင်စုံစက္ကူများဖြင့် လှပသေသပ်စွာ ထုပ်ပိုးပြီး ပလတ်စတစ်ဘူးအဝိုင်းတွင်ထည့်၍ ဓနုဖြူမြို့တွင်းသို့လည်းကောင်း၊ ဇလွန်၊ ဟင်္သာတ၊မြို့များသို့လည်းကောင်း၊ ဖျာပုံ၊ ကျိုက်လတ်မြို့များသို့ ဈေးကွက်ဖြန့်ချိပြီး ရောင်းချနေကြောင်းကို ပိုင်ရှင် ဦးဆန်းဝင်းမှ ရှင်းလင်းပြောပြခဲ့သည်။

MSMEs လုပ်ငန်းတစ်ခုဖြစ်သော ဓနုဖြူမြို့နယ် ဇကာကြီးမြို့သစ်ရှိ အဆွေတော် နှမ်း၊ မြေပဲလုံးလုပ်ငန်းခွင့်သို့ ကွင်းဆင်းလေ့လာခဲ့သော စားသုံးသူရေးရာဦးစီးဌာနမှ၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမင်းစိုးက နိုင်ငံတော်မှ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေမှု နှမ်း၊ မြေပဲလုံးလုပ်ငန်းမှ ကုန်အညွှန်းအမှတ်အသားပြည်စုံစွာ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းရှင်၏လုပ်ငန်းအပေါ် စေတနာထားရှိဆောင်ရွက်မှုထားရှိမှုကြောင့် အဆွေတော်မုန့်လုပ်ငန်းမှ ထွက်ရှိလာသော နှမ်းလုံး၊ မြေပဲလုံးများသည် စားလို့ကောင်း၊ ဈေးကွက်ရ၊ ရောင်းအားသွက်လာမည့်အပေါ် မိမိ၏မြို့နယ်အတွက် ဖွံ့ဖြိုးတိုးတက်လာမည့် MSMEs လုပ်ငန်းတစ်ခုဖြစ်ကြောင်း ဂုဏ်ယူဖွယ် မိတ်ဆက်တင်ပြလိုက်ပါသည်။

♦

# ထိုင်းနိုင်ငံ၌ ကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးအစား ၁၅၀၀၀၀ကျော်အတွက် ဈေးနှုန်းလျှော့ချပေးသွားမည်



ထိုင်းနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလကုန်အထိ ကုန်စည်နှင့် ဝန်ဆောင်မှု ၁၅၀၀၀၀ ကျော်အတွက် ဈေးနှုန်းလျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းလျှော့ချမှုတွင် ပိုမိုထိရောက်မှုရှိစေရန် ၈၇ ရာခိုင်နှုန်း ထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ၊ ဈေးဝယ်စင်တာများ၊ ရပ်ကွက်ဈေးများနှင့် ဝန်ဆောင်မှုပေးသူများနှင့် တွေ့ဆုံပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ်လျှော့ချရန်၊ဝင်ငွေတိုးပွားရန်နှင့် စီးပွားရေးအခွင့်အလမ်းများ ချဲ့ထွင်ရန်အတွက် အစိုးရ၏ Quick Win မူဝါဒ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ အဓိက စားသုံးကုန်စည်များ ထုတ်လုပ်နေသူ ၈၈ ဦး၊ ဖြန့်ချိသူ၊ ဈေးဝယ်စင်တာ၊ အိမ်တွင်းအလှဆင်၊ ပစ္စည်းရောင်းသူ ၈၃ ဦး၊ ဆေးရုံများနှင့် မော်တော်ယာဉ်ပြင်ဆင်ရေးဝန်ဆောင်မှု ဆောင်ရွက်သူ ၁၁၀၊ ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ ၁၁၀ နှင့် အွန်လိုင်းပလက်ဖောင်းခုနစ်ခုတို့က ၎င်းတို့၏ ကုန်စည်များနှင့် ဝန်ဆောင်မှု ၁၅၁၆၇၆ တို့အပေါ် ဈေးနှုန်းလျှော့ချရေးကို သဘောတူညီခဲ့ကြကြောင်း၊ ဒီဇင်ဘာ ၃၁ ရက်ထိ သုံးလကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ကုန်ပစ္စည်းများကို ပြုပြင်ထားသော အစားအစာ၊ ဆန်၊ ဟင်းခတ်အမွှေးအကြိုင်၊ အဖျော်ယမကာ (အမျိုးအစား ၃၀၅၈ ခုအတွက် အများဆုံး ၈၇ ရာခိုင်နှုန်း) စသော အစားအစာနှင့် အဖျော်ယမကာ၊ နေ့စဉ်လိုအပ်သော ကုန်စည်များ၊ လျှပ်စစ်ပစ္စည်းများ၊ အိမ်အလှဆင်၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ (အမျိုးအစား ၈၂၉၀ ခုအတွက် အများဆုံး ၈၀ ရာခိုင်နှုန်း) စသည့် အရေးပါသော ကုန်စည်များနှင့် ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများနှင့် တိရစ္ဆာန်အစာ (အမျိုးအစား ၁၉၈ ခုအတွက် အများဆုံး ၄၀ ရာခိုင်နှုန်း)စသော စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစု စသည်ဖြင့် အမျိုးအစား သုံးမျိုးခွဲခြားထားပါကြောင်း သိရှိရသည်။

ဝန်ဆောင်မှုတွင် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ (အမျိုးအစား ၁၄၀၀၀၀ အတွက် အများဆုံး ၂၀ ရာခိုင်နှုန်း)၊ မော်တော်ကား ပြုပြင်ရေးဝန်ဆောင်မှုများ (အမျိုးအစား ၁၂၃ ခုအတွက် အများဆုံး ၅၀ ရာခိုင်နှုန်း)နှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် အမြန်ချောစာပို့ ဝန်ဆောင်မှုများ (အမျိုးအစား ၇ခုအတွက် အများဆုံး၆၉ ရာခိုင်နှုန်း) စသည်ဖြင့် သုံးမျိုး ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဈေးနှုန်းလျှော့ချခြင်းဖြင့် နေထိုင်မှုကုန်ကျစရိတ်ကို ၂-၃ ဘီလီယံထိ လျှော့ချပေးနိုင်မည်ဖြစ်ပြီး ပြည်သူများ၏သုံးစွဲမှုကို မြင့်တက်လာစေနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးကိုလည်း တွန်းအားပေးနိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူများ၊ တောင်သူလယ်သမားများနှင့် လုပ်ငန်းကြီး၊ လုပ်ငန်းငယ်အားလုံးအတွက် အကျိုးရှိစေနိုင်ကြောင်း၊ ဈေးနှုန်းလျှော့ချခြင်းကြောင့် စတုတ္ထသုံးလပတ်တွင် ငွေကြေးဖောင်းပွမှုနှုန်းအပေါ် သက်ရောက်မှုရှိလာနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက သုံးသပ်ပြောကြားသည်။

ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များအား ဈေးနှုန်းလျှော့ချရေးကိုသာ ဆောင်ရွက်စေခြင်းမဟုတ်ဘဲ ၎င်းတို့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချပေးရန်နှင့် ရှိနှင့်ပြီးသော လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် နည်းလမ်းရှာဖွေပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

အဖွဲ့အစည်းများစွာ ပါဝင်ဆောင်ရွက်ကြသဖြင့် ဈေးနှုန်းလျှော့ချခြင်းသည် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ခေါက်ဆွဲ တစ်ထုပ် ထုတ်လုပ်ရန် ဂျုံ၊ စားအုန်းဆီ၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်အား စသည်တို့အတွက် ခုနစ်ဘတ်ခန့် ကုန်ကျကြောင်း၊ ပါဝင်ပစ္စည်းတစ်ခုဈေးနှုန်း လျှော့နည်းသွားပါက ကုန်ပစ္စည်းဈေးနှုန်းလည်း ကျဆင်းသွားနိုင်ကြောင်း၊ ယခင် ပြည်သူများ၏သုံးစွဲမှုနှုန်းကျဆင်းခဲ့သော်လည်း အစိုးရသစ်မှ မူဝါဒများ ထုတ်ပြန်ကြေညာပြီးနောက် ပြည်သူများ၏ ယုံကြည်မှု မြင့်တက်လာပြီး သုံးစွဲမှုနှုန်းလည်း မြင့်မားလာကြောင်း မာမားခေါက်ဆွဲ ထုတ်လုပ်သူ Thai President Foods Plc ၏ မန်နေဂျာ Mr. Pun Paniangvait က သုံးသပ်ပြောကြားခဲ့သည်။

**သီတာဝင်း(စီးပွားရေးသံမှူး)**
**ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

# ဆန်တင်သွင်းမှုအပေါ် ကောက်ခံနေသည့်အကောက်ခွန်နှုန်းအား ယာယီလျှော့ချပေးရန် တင်ပြချက်အပေါ် ဖိလစ်ပိုင်သမ္မတမားကို့စ်ပယ်ချ



ဈေးကွက်တွင်းဆန်ဈေးနှုန်းများ ကြီးမြင့်စေခြင်းကြောင့် ဆန်တင်သွင်းမှုအပေါ် ကောက်ခံနေသည့် အကောက်ခွန်နှုန်းအား ယာယီလျှော့ချပေးရန် အဆိုပြုတင်ပြချက်အပေါ် သမ္မတမားကို့စ်မှ ၂၆-၉-၂၀၂၃ ရက်နေ့က သဘောမတူပယ်ချခဲ့ကြောင်း ဖော်ပြထားသည်။

ယခုအခြေအနေသည် အကောက်ခွန်နှုန်းအား လျှော့ချပေးရန် သင့်တော်မှုရှိသည့် အချိန်အခါမဟုတ်သေးဟု တွက်ချက်ယူဆသဖြင့် အစိုးရအနေဖြင့် လျှော့ချပေးမည့်အစီအစဉ် မရှိသေးပါကြောင်းနှင့် ကမ္ဘာ့ဆန်ဈေးနှုန်းသည် ပြန်လည်ကျဆင်းနိုင်ကြောင်းကိုလည်း ခန့်မှန်းပါကြောင်း ပြောကြားခဲ့သည်။

အချို့သော ဆန်တောင်သူအုပ်စုမှ ဆန်အပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားလျှော့ချပေးခြင်း၏ ဆိုးကျိုးများကို ဆွေးနွေးခဲ့ကြောင်း၊ ဆန်တင်သွင်းသူအများစုမှာမူ ၎င်းတို့အနေဖြင့် ဆန်ဈေးနှုန်းအား လျှော့ချသတ်မှတ်ထားပြီးဖြစ်သဖြင့် အကောက်ခွန်နှုန်း လျှော့ချပေးရန် အဆိုပြုချက်အပေါ် ရပ်တည်ပြောကြားခဲ့ကြောင်း၊ ဆန်တောင်သူများအနေဖြင့် ဆန်စိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ခြင်းမှာ အကျိုးတစ်စုံတစ်ရာဖြစ်ပေါ်လာနိုင်မည်မဟုတ်ဘဲ စပါးဈေးနှုန်းများကို ပိုမိုကျဆင်းစေမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှလည်း အစောပိုင်းကာလများက ဆန်တင်သွင်းမှုအပေါ်ကောက်ခံသည့် အကောက်ခွန်နှုန်းထားအားလျှော့ချပေးခြင်းသည်ဈေးကွက်တွင်း ဆန်ဈေးနှုန်းကြီးမြင့်နေခြင်းကို ထိရောက်စွာအကျိုးသက်ရောက်မှုရှိစေနိုင်သဖြင့် လျှော့ချပေးရန် ထောက်ခံတင်ပြခဲ့ကြောင်း၊ အစိုးရမှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၃၉ အရ ဈေးကွက်အတွင်း ရောင်းချရမည့် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ချက်ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် ဦးတည်ပါကြောင်း ဖော်ပြပါရှိသည်။

သို့သော် ဖိလစ်ပိုင်အမျိုးသား စီးပွားဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယခုအခါ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းမှာ အကျဘက်သို့ ရောက်ရှိလာခဲ့သဖြင့် ယခုအခြေအနေတွင် အကောက်ခွန်နှုန်း လျှော့ချပေးရန် သင့်တော်သည့် အချိန်မဟုတ်သေးပါကြောင်း ပြောကြားခဲ့သည်။ ၅-၉-၂၀၂၃ ရက်နေ့က စတင်ကျင့်သုံးစေခဲ့သည့် ဈေးကွက်အတွင်း ရောင်းချရမည့် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ချက် အမိန့်ကြော်ငြာစာအမှတ်၃၉နှင့်စပ်လျဉ်း၍ထပ်မံဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများအား ဂရုတစိုက် လေ့လာသွားရန် လိုအပ်ကြောင်း သမ္မတမားကို့စ်က ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတမားကို့စ်က ဖိလစ်ပိုင်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ ၃၉ ကြောင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဆန်လက်လီအရောင်းဆိုင်များအား ငွေသား ပီဆို- ၁၅၀၀၀ စီ ထောက်ပံ့ပေးသွားရန်နှင့် pantawid Pamilyang Pilipino Program (4Ps) အရ ဆန်များ ဖြန့်ဝေပေးသွားရန်ကို ညွှန်ကြားခဲ့ကြောင်းလည်း ဖော်ပြပါရှိပါသည်။

**သုံးသပ်တင်ပြချက်**

လတ်တလော ဖြစ်ပေါ်လျက်ရှိသော ဆန်တင်ပို့သည့်နိုင်ငံများ၏ ဆန်တင်ပို့မှုဆိုင်ရာမူဝါဒ အပြောင်းအလဲများ၊ အယ်နီညိုရာသီဥတုအခြေအနေတို့ကြောင့်ဆန်တင်သွင်းမှုဆိုင်ရာအကောက်ခွန်နှုန်း လျှော့ချပေးခြင်းသည် သင့်တော်မှုရှိပြီး ၂၀၂၁ ခုနှစ် ပြင်ဆင်ထုတ်ပြန်ချက်အရ အရှေ့တောင်အာရှပြင်ပနိုင်ငံများမှ ဆန်တင်သွင်းခြင်းအပေါ် မူလက ၄၀% မှ ၅၀% ကြားရှိရာမှ ၃၅% သို့ လျှော့ချခဲ့သည်။ ယခုထပ်မံ၍ ၃၅% မှ ၁၀% သို့ ယာယီ လျှော့ချပေးရန် အဆိုပြုထားခြင်းဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီးအဖြစ် တွဲဖက်တာဝန်ထမ်းဆောင်နေသူ သမ္မတမားကို့စ်သည် ဆန်ရိက္ခာဖူလုံစေရေး၊ ဈေးကွက်တွင်း ဆန်ဈေးနှုန်း မြင့်တက်နေမှုတို့ကို ထိန်းချုပ်နိုင်ရေးလိုအပ်သည့်အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတွက် ဈေးကွက်အတွင်း ရောင်းချရမည့်အမြင့်ဆုံး ဆန်ဈေးနှုန်း သတ်မှတ်ခြင်း၊ ထိုသို့သတ်မှတ်လိုက်ခြင်းကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ဆန်လက်လီကုန်သည်များအတွက် အစိုးရမှ ငွေကြေး ထောက်ပံ့ပေးမှုအစီအစဉ်၊ ဆန်တရားမဝင်တင်သွင်းသူများနှင့် သိုလှောင်ဈေးကစားသူများအား ဖိလစ်ပိုင်အကောက်ခွန်ဌာနမှ ဦးဆောင်၍ ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဖမ်းဆီးရရှိခဲ့ပြီး တင်ပြရမည့် အထောက်အထားများအား အချိန်မီတင်ပြနိုင်ခြင်းမရှိခဲ့သည့် ဆန်အိတ်များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းကာ Pantawid Pamilyang Pilipino Program (4Ps)အရ ဆန်များ ဖြန့်ဝေပေးလျက်ရှိသည်။

Pantawid Pamilyang Pilipino Program (4Ps)ဆိုသည်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် Sustainable Development Goals (SDGs)ပါ ဆင်းရဲနွမ်းပါးမှုမရှိစေရေး၊ အစာရေစာငတ်မွတ်မှုမရှိစေရေး၊ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး၊ အဆင့်မြင့်ပညာရေးစနစ်ရရှိစေရေး၊ ကျား/ မတန်းတူညီဖြစ်စေရေး တို့အတွက် ရည်ရွယ်ပြီး ဖိလစ်ပိုင်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်)**

## ပြည်တွင်း ဆန်လိုအပ်မှုနှင့် မလေးရှားနိုင်ငံ ရင်ဆိုင်နေရ

မလေးရှားနိုင်ငံတွင် ပြည်ပမှ တင်သွင်းသော ဆန်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စားသုံးသူများက ဈေးသက်သာသော ပြည်တွင်းစိုက်ပျိုးရေးထွက်ကုန်များထံ စုပြုံ၍ အာရုံစိုက်လာကြသည်။ သို့ရာတွင် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်နေမှုများကြောင့် အိမ်ထောင်စုများ၏ ဝင်ငွေများအား ချွေတာသုံးစွဲနေကြရကြောင်း Nikki Asia တွင် သတင်းဖော်ပြချက်အရ သိရသည်။



မလေးရှားပြည်တွင်း၌ စိုက်ပျိုးသော ဆန်စပါးမှာ ပြည်တွင်း လိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်သည့်အတွက် ပြည်တွင်းဝယ်လိုအားမြင့်လာမှုအပေါ် အကောင်အထည်ဖော်ပေးနိုင်မည့်အစီအမံများကို မလေးရှားအစိုးရက စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယခုရက်ပိုင်း၌ ၅ ကီလိုနှင့် ၁၀ ကီလို ပြည်တွင်းဆန်ထုပ်များကို အဝယ်များကြသဖြင့် စူပါမားကက်များနှင့် စတိုးဆိုင်အသေးများ၏ စင်များ၌ ကုန်ပစ္စည်းအသစ်ဖြည့်တင်း၍ မလုံလောက်နိုင်အောင် ဖြစ်နေသည်။ တစ်နည်းအားဖြင့် ပြည်တွင်းထုတ်ဆန်နှင့် ပြည်ပမှတင်သွင်းသည့် ဆန်တို့အကြား ဈေးနှုန်းကွာဟချက် ကြီးမားမှုကြောင့် စားသုံးသူအချို့က ဆန်တစ်အိတ် - နှစ်အိတ်ခန့် အပိုဆောင်း၍ ဝယ်ယူသိမ်းဆည်းထားကြရာ ဆန်လိုအပ်ချက် မြင့်မားနေခြင်းဖြစ်သည်။

မလေးရှားနိုင်ငံတွင် ပြည်တွင်းထုတ် ဆန်ဖြူမှာ ၁၀ ကီလိုတစ်အိမ်လျှင် ၂၆ ရင်းဂစ် (၅. ၅၄ ဒေါ်လာ)ဖြင့် ဈေးနှုန်းထိန်းချုပ်ထားသည့် အမယ်ဖြစ်ပါသည်။ မကြာသေးမီကာလက တစ်ကမ္ဘာလုံးမှဆန်ဈေးနှုန်းများ မြင့်တက်မလာမီကပင် မလေးရှားနိုင်ငံအတွင်း တင်သွင်းသောဆန်မှာ ပြည်တွင်းထုတ်ဆန်ထက် ဈေးနှုန်းကြီးမြင့်နေခြင်း ဖြစ်သည်။ ဆန်ဈေးနှုန်း ကွာဟချက်မှာ စက်တင်ဘာ ၁ ရက်တွင် ဆန်ဖြန့်ဖြူးမှုကို ထိန်းချုပ်ပြီး ကမ္ဘာ့ဆန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ပြည်ပမှတင်သွင်းသည့် ဆန်ရောင်းချသည့် လက်လီဈေးနှုန်းကို ၃၆ ရာခိုင်နှုန်း မြှင့်တင်လိုက်ပြီးနောက်ပိုင်း၌ ပိုမိုသိသာလာခြင်းဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ထံမှ ဆန်ဖြူကို အဓိကတင်သွင်းသည်။ လက်ရှိအချိန်တွင် ပြည်ပမှတင်သွင်းလာသည့် ဆန် ၁၀ ကီလိုတစ်အိတ်လျှင် ရင်းဂစ် ၃၀ မှ ၇၀ ကြားဖြင့် ရောင်းချလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် ဆန်စပါးတင်ပို့နေသည့် အိန္ဒိယနိုင်ငံဘက်မှ ပို့ကုန်တားမြစ်မှုများကြောင့် ဆန်ဖြူ လိုအပ်ချက် များပြားနေရာ ယခင်နှစ်ကထက် ၃၁ ရာခိုင်နှုန်း မြင့်တက်လျက် ဩဂုတ်လအတွင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်း၏ ဆန်အားလုံး ဈေးနှုန်းအညွှန်းကိန်း ၁၄၂ဒသမ၄ အထိရှိခဲ့သည်။

မလေးရှားနိုင်ငံအတွင်းရှိ အိမ်ထောင်စုများက ၎င်းတို့၏ လစဉ် အစားအစာများဝယ်ယူမှုအပေါ် သုံးစွဲရသည့်ငွေပမာဏမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြား မြင့်တက်လျက် ရင်းဂစ်၁၀၀ ခန့် ပိုမိုလာကြောင်း သိရသည်။

မလေးရှားနိုင်ငံအတွင်း၌ အယ်လ်နီညို၏ သက်ရောက်မှုကြောင့် ရာသီဥတုခြောက်သွေ့ကာ ပြည်တွင်း စပါးထုတ်လုပ်မှုအပေါ် သက်ရောက်နေရာ အစိုးရက တစ်ဟက်တာလျှင် ပျမ်းမျှ ၅ တန်မှ ၇ တန်ကြား အထွက်နှုန်းတိုးမြှင့်နိုင်မည့် အကြီးစား စပါးစိုက်ခင်းများကို ပြည်နယ်အချို့တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နှစ်နှစ်လျှင် စပါးစိုက်ပျိုးရာသီ ၅ ရာသီရှိလာစေကာ နိုင်ငံ၏စားနပ်ရိက္ခာ စိတ်ချလုံခြုံမှုနှုန်းအား ၂၀၃၀ ပြည့်နှစ်၌ ၈၀ ရာခိုင်နှုန်းရှိလာစေရန်အတွက်လည်းကောင်း၊ ဆိုးရွားသည့် ရာသီဥတုဒဏ်နှင့် ရောဂါဒဏ်ကို ခံနိုင်ရည် ပိုမိုရှိကာ စိုက်ပျိုးပြီးနောက် ၇၅ရက်အတွင်း ရိတ်သိမ်းနိုင်သည့် စပါးမျိုးစေ့အသစ်အား သုတေသနပြုကာ အသုံးပြုနိုင်စေရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဒေါက်တာရွှေစင်ကို**
**(ကုန်သွယ်ရေးဦးစီးဌာန)**

## အယ်လ်နီညိုကြောင့် အင်ဒိုနီးရှား၏ ဆီအုန်းအထွက်နှုန်း ကျဆင်းနိုင်

အယ်လ်နီညို၏ သက်ရောက်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီအထွက်နှုန်းကျဆင်းနိုင်ကာ စားအုန်းဆီကြမ်းဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ်အတွင်း အနည်းဆုံး ၁၁ ရာခိုင်နှုန်း မြင့်တက်နိုင်ဖွယ်ရှိကြောင်း အင်ဒိုနီးရှား ဆီအုန်းအသင်းက ခန့်မှန်းထားသည်။ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ သဘော်စရိတ်နှင့်အာမခံအပါအဝင် ပျမ်းမျှ စားအုန်းဆီကြမ်းဈေးနှုန်းမှာ ယခုနှစ်တွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၀၀ ခန့်ရှိရာမှ ၂၀၂၄ ခုနှစ်၌ ဒေါ်လာ ၁၀၀၀ သို့ မြင့်တက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းပဋိပက္ခဒဏ်ခံစားနေရသည့် နေကြာဆီကဲ့သို့ စားအုန်းဆီနှင့်အပြိုင် စားဆီများနှင့် စားအုန်းဆီ ရောင်းချမှု လျော့ကျလာခြင်းက ဟင်းသီးဟင်းရွက်ဆီများ၏ ဈေးနှုန်းများကို မြင့်တက်စေမည်ဖြစ်သည်။ ယေဘုယျအားဖြင့် စားအုန်းဆီကို ခေါင်းလျှော်ရည်နှင့် သန့်ရှင်းရေးသုံးပစ္စည်းများတွင် ထည့်သွင်း၍ အသုံးပြုကြပါသည်။ စားအုန်းဆီမှာ အာဂျင်တီးနား၊ ဘရာဇီး၊ ယူကရိန်းနှင့် ကနေဒါတို့တွင် အဓိကအသုံးပြုသည့် ပဲပုပ်ဆီ၊နေကြာဆီ၊ ပန်းနှမ်းဆီတို့နှင့်ဈေးကွက်၌ အဓိက ယှဉ်ပြိုင်လေ့ရှိသည်။

ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီကြမ်း ထုတ်လုပ်မှုမှာ ယခင်နှစ်က ထုတ်လုပ်ခဲ့သည့်တန်ချိန် ၄၆ဒသမ၇ သန်းထက် ခန့်မှန်းတန်ချိန် တစ်သန်းခန့် ပိုမိုခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၌မူ ရာသီဥတုအလွန်ခြောက်သွေ့သောကြောင့် ထုတ်လုပ်မှုပမာဏ ကျဆင်းနိုင်ဖွယ်ရှိနေသည်။ တစ်ဖက်တွင်မူ ဆီအုန်းဒုတိယအများဆုံး ထုတ်လုပ်သည့် မလေးရှားနိုင်ငံ၌ အယ်လ်နီညိုဒဏ် များစွာခံစားရဖွယ်မရှိသဖြင့် ၂၀၂၄ ခုနှစ်တွင် အထွက်နှုန်းတိုးနိုင်ကြောင်း သိရသည်။

**ဒေါက်တာရွှေစင်ကို**

## ဘက်စုံအသုံးဝင်သည့် ခနိပင်

ခနိပင်သည် ပင်လယ်ရေငန်ဝင်သော ကမ်းရိုးတန်းဒေသများနှင့် ကမ်းစပ်ချောင်းစပ်များတွင် ပေါက်ရောက်သည်။ ခနိပင်၏အရွက်ကို အိမ်အမိုးအကာများအတွက် အသုံးပြုကြသကဲ့သို့ အရိုးကိုခြစ်စည်းရိုးကာရန် အသုံးပြုကြသည်။အရွက်နုသည် သင်းပျံ့သောရနံ့ရှိသဖြင့် မုန့်များ၊ ကောက်ညှင်းထုပ်များ ထုတ်ပိုးရာတွင် ဖက်အဖြစ် အသုံးပြုကြသည်။ ခနိပင်မှရသောခနိရည်ကို အချိုရည်အဖြစ် သောက်သုံးနိုင်သကဲ့သို့ ခနိသကြားချက်ရာတွင်လည်းကောင်း၊ ပအုန်းရည်(သို့မဟုတ်)ရှာလကာရည် ပြုလုပ်ရာတွင်လည်းကောင်း သုံးကြသည်။ ခနိပင်မှရသော ခနိသီးသည် ထန်းသီး၊ ပေသီးကဲ့သို့ ပုံစံဆင်ကာ စားကောင်းသောခနိသီးကို အစိမ်းစားကြသကဲ့သို့ အချိုပွဲများ၊ဖျော်ရည်များနှင့်ရေခဲမုန့်များလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။

ယခုအခါ ခနိဖူးခြောက်သည် များစွာခေတ်စားလာပြီး တနင်္သာရီတိုင်းနှင့် ခနိပင်ပေါများရာ မြန်မာနိုင်ငံရှိ အခြားဒေသများတွင် ခနိဖူးခြောက်ကိုပြုလုပ်ကာ မြန်မာပြည်အနှံ့ရောင်းချလျက်ရှိကြသည်။ ခနိဖူးခြောက်တွင် Rolyphenol ဓာတ်ပါဝင်သည်။ ထိုဓာတ်သည် လူ့ကိုယ်တွင်းတွင် antioxidant များကို ထုတ်ပေးပါသည်။ Antioxidant ကြောင့် အရွယ်တင်နုပျိုစေခြင်း၊ ကင်ဆာရောဂါကိုကာကွယ်ပေးခြင်း၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါများကိုဟန့်တားပေးခြင်း၊ အမောခံနိုင်ခြင်း၊ အာရုံကြောရောဂါများကို သက်သာစေခြင်းယားနာနှင့် အရေပြားရောဂါတို့ကို သက်သာစေခြင်း စသော အကျိုးကျေးဇူးများစွာရစေသောကြောင့် တစ်ခါတစ်ရံတွင် လက်ဖက်ခြောက်အစား သောက်နိုင်ပါသည်။ အရွက်ကိုမီးရှို့၍ရသောပြာမှုန့်ကို ယားနာနှင့် သွားနာတွင်လည်း သုံးကြသည်။ ဓာတ်ခွဲချက်များအရ ခနိဖူးခြောက်သည် ဂျင်ဆင်းထက်ပင် Antioxidant ပိုကြွယ်ဝကြောင်း သိရသည်။ ထို့ကြောင့် ဘက်စုံအသုံးဝင်သော ခနိပင်ကို အမိုးအကာဖြစ်သာမကဘဲ နည်းလမ်းပေါင်းစုံပြုလုပ် အသုံးချရင်း မြန်မာ့ကမ်းရိုးတန်းဒေသရှိ ခနိတောများကိုလည်း မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းသင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ညိုညို(မြိတ်)**

## ရှမ်း(တောင်)မှ ဈေးကွက်အတွင်း ရေပန်းစားနေသည့် တည်သီး



တည်သီးသည် အမျှင်ဓာတ်များစွာ ပါဝင်ပြီး Antioxident ကြွယ်ဝပြီး ကင်ဆာရောဂါ ဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်ရုံသာမက အမြင်အာရုံကိုအားကောင်းစေပြီး မျက်စိကျန်းမာရေးကို ကောင်းမွန်စေပါသည်။ ထို့ပြင် တည်သီးတွင် ဂလူးကို့စ်၊ ပရိုတင်း၊ ဗီတာမင်၊ သတ္တုဓာတ်နှင့် အမျှင်ဓာတ်များ ကြွယ်ဝစွာ ပါဝင်သည့်အတွက် အစာချေစနစ်ကို ကောင်းမွန်စေပြီး ကိုယ်ခံစွမ်းအားကို အထောက်အကူဖြစ်စေပါသည်။

တည်သီးပင်များကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်တစ်ဝိုက်တွင် သဘာဝအတိုင်း ပေါများစွာ တွေ့ရှိရသည်။ တည်သီးသည် မိုးအကုန် အောက်တိုဘာလမှ စတင်ထွက်ရှိပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ပိုမိုထွက်ရှိသော ရာသီစာသီးနှံတစ်မျိုးဖြစ်သည်။ တည်သီး၏ အရောင်မှာ အဝါရောင်(သို့မဟုတ်) အစိမ်းရောင် ဖျော့ဖျော့ရှိပြီး အပြင်သား အခွံမာပြီး ရင့်မှည့်ပါက အနီရောင်(သို့) လိမ္မော်ရောင်သို့ ပြောင်း၍ အခွံသားမှာ ခရမ်းချဉ်သီးကဲ့သို့ အလွန်ပျော့ပါသည်။ တည်သီးကို မမှည့်မီ စားသုံးပါက အလွန်ဖန်သော အရသာရှိပြီး စားသုံးရန်မကောင်းပါ။ တည်သီး ရင့်မှည့်သွားပါက အခွံအရောင်ပြောင်းကာ အသီးသားများ ပျော့လာပြီး စား၍ ချိုမြိန်ပြီး နူးညံ့ပါသည်။ တည်သီးကို အမှည့်အသီးအတိုင်း စားသုံးကြသလို မမှည့်ခင်တွင် ထုံးရေကြည်စိမ်၍ အဖန်ထုတ်ကာ အကြွပ်ထား၍လည်း စားသုံးကြပါသည်။ ထို့ပြင် တည်သီးမှည့်များကို အခြောက်ပြုလုပ်၍ တည်သီးခြောက်များလုပ်၍လည်းကောင်း၊ ယိုထိုး၍လည်းကောင်း ပြုလုပ်၍ စားသုံးကြပါသည်။

လတ်တလောအနေဖြင့် တည်သီးအစိမ်း တစ်ပိဿာလျှင် ကျပ် ၂၅၀၀မှ ၅၀၀၀ထိရှိပြီး အဖန် ထုတ်ထားသော တည်သီးအကြွပ်များကို တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၆၀၀၀ ဖြင့် ရောင်းချလျက်ရှိကာ တစ်ပိဿာလျှင် အသီးအရွယ်အစားပေါ်မူတည်၍ အသီး (၁၂ လုံးမှ ၁၅ လုံး)ခန့်ရှိပြီး တည်သီးခြောက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ရှိကြောင်း စုံစမ်းသိရှိရသည်။

**အောင်ထက်ဖြိုး**(Doac Tgi)



Ayeyar
RICE
စားချင်စဖွယ်အဆင်းရနံ့သင်း ထူးကဲရသာမှန် ဧရာဆန်
www.facebook.com/Ayeyar Rice
Hot Line - 09 787444666
09 447000810
Connecting Harvest to Home



အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ်(၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555

CROP
INTEGRATED AGRICULTURE ENTERPRISE

ตราใบโพธิ์

ซี.พี.

# CPP Fertilizer Company Limited




Lot No, F4-F5, Thilawa SEZ Zone A, Yangon Region, Myanmar
ph. 09777777390, 09962759971-72

# COMMERCE INTERNATIONAL

# မြန်နှုန်းမြင့်ရထားလမ်းက အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု

ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်းသည် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုခြင်းကြောင့် ဒေသတွင်း စီးပွားရေးတိုးတက်မှုကို လျင်မြန်စွာ ဖြစ်ပေါ်စေကြောင်း chinadaily.com တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်းကို အင်ဒိုနီးရှားနိုင်ငံတွင် ရှစ်နှစ်ကြာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တရားဝင်ပြေးဆွဲနေပြီဖြစ်သည်။ တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပူးပေါင်းတည်ဆောက်သည့် ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့် ရထားလမ်းသည် တရုတ်-အင်ဒိုနီးရှား နှစ်နိုင်ငံ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်စီမံကိန်းဖြစ်သည်။



ဂျကာတာ-ဘန်ဒေါင်း ရထားလမ်းသည် အရှေ့တောင်အာရှတွင် ပထမဦးဆုံးသော မြန်နှုန်းမြင့်ရထားလမ်းဖြစ်ပြီး တရုတ်-အင်ဒိုနီးရှားတို့ အထူးအလေးထားသည့် ရပ်ဝန်းနှင့် ပိုးလမ်းမ အတူလက်တွဲ တည်ဆောက်ရေး၏ အထင်ကရ စီမံကိန်းလည်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော် ဂျကာတာနှင့် ဘန်ဒေါင်းမြို့အကြား သွားလာမှုမှာ ယခင်က သုံးနာရီကျော် ကြာမြင့်ခဲ့သော်လည်း ယခု မြန်နှုန်းမြင့်ရထား ပြေးဆွဲရာတွင် အချိန်များစွာ လျှော့ချနိုင်ခဲ့ကြောင်း၊ ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့် ရထားလမ်းတွင် အသုံးပြုသည့် နည်းပညာနှင့် အမြန်နှုန်းသည် အင်ဒိုနီးရှား ပြည်သူများအတွက် အသစ်အဆန်း ဖြစ်နေကြောင်း၊ မြန်နှုန်းမြင့်ရထားလမ်း တရားဝင် စတင်ပြေးဆွဲခြင်းဖြင့် ဒေသတွင်း စီးပွားရေး ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာမည်ဖြစ်သလို အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးလာမည်ဖြစ်ကြောင်းနှင့် လမ်းကြောင်းတစ်လျှောက် စီးပွားရေးနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက ပြောဆိုထားသည်။

တရုတ်နိုင်ငံသည် ၁၀နှစ်ဆက်တိုက် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် တရုတ်-အင်ဒိုနီးရှား နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏသည် အမေရိကန်ဒေါ်လာ ၁၄၉ ဒသမ ၄ ဘီလီယံအထိပင် ရှိခဲ့ကြောင်း သိရသည်။

**Source; China Daily**

# အီရတ်တွင် အမေရိကန်ဒေါ်လာငွေ အသုံးပြုမှု ရပ်ဆိုင်းမည်

အီရတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ အမေရိကန်ဒေါ်လာဖြင့် ငွေသားထုတ်ယူမှုနှင့် ငွေလွှဲမှုများကို ပိတ်ပင်သွားမည်ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ ရာဇဝတ်မှုများနှင့် အီရန်နိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ အရေးယူပိတ်ဆို့မှုများကို ရှောင်လွှဲရန်နှင့် ၎င်း၏ ငွေကြေးအရန်ငွေများကို အလွဲသုံးစားလုပ်ခြင်းကို ထိန်းချုပ်ရန်အတွက် နောက်ဆုံးတွန်းအားပေးသည့်အနေဖြင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း အီရတ်ဗဟိုဘဏ်မှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်ဟု အောက်တိုဘာ ၆ ရက်တွင် ရိုက်တာသတင်းတစ်ရပ်က ရေးသားဖော်ပြထားသည်။

New York Federal Reserve သည် နှစ်စဉ် အီရတ်နိုင်ငံမှ တင်သွင်းလာသော ဒေါ်လာ ၁၀ ဘီလီယံ၏ ၅၀ ရာခိုင်နှုန်းကို တရားမဝင် အသုံးပြုမှုအား ဖယ်ရှားရန် ရည်ရွယ်ထားကြောင်း အီရတ်ဗဟိုဘဏ် (CBI) မှ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေလွှဲပို့မှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mazen Ahmed က ရိုက်တာသတင်းဌာနကို ပြောဆိုခဲ့သည်ဟု သိရသည်။

ယခု ၂၀၂၃ ခုနှစ်မကုန်မီ ဘဏ်များတွင် အမေရိကန်ဒေါ်လာငွေ အပ်နှံသူများသည် ၂၀၂၄ ခုနှစ်တွင် ယင်းဒေါ်လာငွေများကို ဆက်လက်ထုတ်ယူနိုင်မည်ဖြစ်သော်လည်း ၂၀၂၄ ခုနှစ်တွင် အပ်နှံသော အမေရိကန်ဒေါ်လာများကို တရားဝင်နှုန်းဖြစ်သည့် ပြည်တွင်းသုံးငွေဖြင့်သာ ထုတ်ယူနိုင်မည်ဖြစ်သည်။

အီရတ်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တစ်ခုတွင် ငွေသားဒေါ်လာငွေထုတ်ခြင်းကို တားမြစ်ခြင်းသည် နိုင်ငံခြားမှ ငွေလွှဲလက်ခံသည့် အကောင့်များနှင့်သာ သက်ဆိုင်သည်ဟု နောက်ပိုင်းတွင် ပြောကြားခဲ့သည်။

**Source; Reuters**

# စင်ကာပူတွင် ကားပိုင်ဆိုင်ခွင့်စရိတ် မြင့်တက်လာ



စင်ကာပူနိုင်ငံတွင် မိသားစုဇိမ်ခံကားကြီးတစ်စီး ပိုင်ဆိုင်ရန်အတွက် ကုန်ကျစရိတ်သည် စင်ကာပူဒေါ်လာ ၁၄၆၀၀၂ (အမေရိကန်ဒေါ်လာ ၁၀၆၆၁၉၊ ပေါင် ၈၇၆၈၄)သို့ စံချိန်တင် မြင့်တက်သွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်က အောက်တိုဘာ ၆ ရက်တွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံ၌ ယာဉ်တစ်စီး ဝယ်ယူရန်အတွက် စရိတ်စက မြင့်တက်လျက်ရှိနေပြီး မော်တော်ကားဈေးနှုန်းများ စံချိန်တင် မြင့်တက်နေခြင်းကြောင့် မိသားစုတစ်စုအနေဖြင့် ကားသစ်တစ်စီး ဝယ်စီးရန် များစွာ ခက်ခဲလျက်ရှိနေကြောင်း သိရသည်။

ပြည်သူများ ပေးဆောင်နေရသည့် အခွန်နှင့် သွင်းကုန်ခွန်စနစ်ကြောင့် စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် မော်တော်ကားဝယ်ယူရန် ဈေးအကြီးဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ဥပမာအားဖြင့် Toyota Camry Hybrid မော်ဒယ်သစ်သည် စင်ကာပူနိုင်ငံတွင် ဒေါ်လာ ၂၅၀၀၀၀ ခန့် ကုန်ကျပြီး ၎င်းသည် အမေရိကန်ပြည်ထောင်စုထက် ခြောက်ဆခန့် ဈေးပိုကြီးနေခြင်းဖြစ်သည်။

မော်တော်ကား တစ်စီးအတွက် အနိမ့်ဆုံးဈေးသည် ဒေါ်လာ ၁၀၄၀၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်ကတည်းကပင် မော်တော်ကားဈေးနှုန်းများ သုံးဆခန့် မြင့်တက်ခဲ့ပြီး ယခုတွင် ထိုထက်မက များစွာ ထပ်မံမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

**Source; BBC**

စိုင်းဗညား - စုစည်းသည်



# ငါးလအတွင်း ခရီးသွား ၂ ဒသမ ၉ သန်း ဝင်ရောက်ရန် ထိုင်းနိုင်ငံ မျှော်လင့်ထား

ထိုင်းနိုင်ငံသည် ခရီးသွားရာသီအတွက် အထူးအစီအစဉ်တစ်ခုအနေဖြင့် တရုတ်နိုင်ငံသားများအား စက်တင်ဘာ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ ငါးလတာ အထူးဗီဇာကင်းလွတ်ခွင့်ပြုခဲ့ပြီး အဆိုပါ ငါးလတာအတွင်း ပြည်ပဧည့် ၂ ဒသမ ၉ သန်းအထိ ဝင်ရောက်မည်ကို မျှော်မှန်းထားကြောင်း Bloomberg ၏ ဖော်ပြချက်အရ သိရသည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွားများ အများအပြား ဝင်ရောက်လျက်ရှိရာ ထိုင်းခရီးသွားကဏ္ဍသည် ယခု ၂၀၂၃ ခုနှစ်အတွင်း ဒေါ်လာသန်း ၄၀၀၀ အထိ ရရှိရန် အလားအလာကောင်းလျက်ရှိနေသည်။

ငါးလတာ အားလပ်ရက် ဗီဇာကင်းလွတ်ခွင့် အစီအစဉ်သစ်၏ ရလဒ်အနေဖြင့် ထိုင်းနိုင်ငံသည် ဆိုက်ရောက်သူ ၂ ဒသမ ၉ သန်းနှင့် ခရီးသွားလုပ်ငန်း တိုးတက်မှုမှ ဒေါ်လာဘီလီယံပေါင်းများစွာကို ရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ယင်းမှာ နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာမှုကို အားကောင်းစေရန်ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

စက်တင်ဘာ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ တရုတ်ခရီးသွားများကို ဗီဇာခေတ္တ ဆိုင်းငံ့ထားပြီးနောက် ပထမနှစ်ရက်အတွင်း တရုတ်ခရီးသွား ၂၂၀၀၀ ကျော် ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Chai Wacharonke က ပြောကြားခဲ့သည်ဟု Bloomberg က ဖော်ပြထားသည်။ ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဘတ် ၁၄၀ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ) ရရှိရန် မျှော်မှန်းထားကြောင်း Chai Wacharonke က ပြောသည်။

**Source; Bloomberg**